# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၇)၊ အမှတ်(၀၄၇)


# ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော အခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေး

## အကြမ်းဖက်မှု တိုက်ဖျက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး **Hon.Rex Tillerson** တို့ နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး Hon. Rex Tillerson အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု အောင်မြင်ရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုအတွက် ဆက်လက် ကူညီပံ့ပိုးပေးရေး၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော အခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ၎င်း၏ မြန်မာနိုင်ငံခရီးစဉ်မှာ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ကိစ္စ၏ သိမ်မွေ့နက်နဲမှု၊ မြန်မာအစိုးရ၏ သဘောထားအမြင်နှင့် ကြိုးပမ်းဆောင်ရွက်နေမှုများကို ပိုမိုသိရှိနားလည်ရေးအတွက် ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် အကြမ်းဖက်မှုများ ဖြစ်ပွားပြီးနောက် တစ်ဖက်နိုင်ငံသို့ နေရပ်စွန့်ခွာ ထွက်ပြေးသူများအား ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ညှိနှိုင်းဆွေးနွေးနေမှုများကို ကြိုဆိုကြောင်း၊ အမေရိကန်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ဩဂုတ် ၂၅ ရက်အထိ အမေရိကန်ဒေါ်လာ ၈၇ သန်း ပေးအပ်ခဲ့ပြီးဖြစ်ပြီး အမေရိကန် ဒေါ်လာ ၄၇ သန်း ထပ်မံပေးအပ်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် လက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✤

**မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားရေးကိစ္စများ ဆောင်ရွက်ပေးနေ**


ပြည်သူ့လွှတ်တော်အစည်းအဝေး၊ စာ » ၆


**ကျောက်ဆည်မြို့နယ် ဇော်ဂျီမြစ်ကူးတံတားအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးမည်**


အမျိုးသားလွှတ်တော်အစည်းအဝေး၊ စာ » ၇





မြန်မာ့အလင်း

# နိုင်ငံတကာအကြမ်းဖက်လှုပ်ရှားမှု မျက်နှာစာ

(၃၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးတို့၌ ဆောင်ရွက်ခဲ့ကြသော ဆွေးနွေးညှိနှိုင်းမှုတို့၏အချိန်တစ်ဝက်ခန့်သည် အကြမ်းဖက်ဝါဒဆိုင်ရာ ကိစ္စရပ်များဖြစ်သည်ဟု ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ (၃၁) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားအပြီး ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးက ယခုကဲ့သို့ ထုတ်ဖော်ပြောဆိုခဲ့ခြင်း ဖြစ်ပါသည်။ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေး၏ ထုတ်ဖော်ပြောဆိုမှုသည် ဖိလစ်ပိုင်နိုင်ငံ၏ အတွေ့အကြုံကိုလည်း လှစ်ဟဖော်ပြနေပါသည်။

အစွန်းရောက်အကြမ်းဖက်အဖွဲ့ဖြစ်သည့် အစ္စလာမ့်နိုင်ငံတော် (Islamic State -IS) နှင့် ချိတ်ဆက်ထားသည့် ဖိလစ်ပိုင် အကြမ်းဖက်အဖွဲ့တို့သည် ၂၀၁၇ ခုနှစ် မေလက ဖိလစ်ပိုင်နိုင်ငံ မာရာဝီ (Marawi) မြို့ကို ဘာသာရေးမျက်နှာဖုံးစွပ်ထားသည့် အကြမ်းဖက်ဇုန်အဖြစ် ထူထောင်ရန် သိမ်းပိုက်ခဲ့ပါသည်။ ဖိလစ်ပိုင်တပ်မတော်သည် အကြမ်းဖက်သမားတို့ကို မာရာဝီမြို့မှ မောင်းထုတ်ချေမှုန်းရန် ငါးလခန့် အချိန်ယူခဲ့ရပါသည်။ အကြမ်းဖက်သမားတို့က မြို့ကိုသိမ်းပိုက်ခဲ့သောကြောင့် မာရာဝီမြို့သူမြို့သား နှစ်သိန်းခန့်အနက် အများစုသည် နေအိမ်တို့ကို စွန့်ခွာထွက်ပြေးခဲ့ရပါသည်။ မာရာဝီမြို့သည်လည်း မြို့ပျက်တစ်ခုအသွင်သို့ ရောက်ရှိခဲ့ရပါသည်။ မာရာဝီမြို့၏ဖြစ်ရပ်သည် အစွန်းရောက်အကြမ်းဖက်သမားတို့၏ အန္တရာယ်ကို ရှင်းလင်းစွာ မီးမောင်းထိုးပြသနေပါသည်။

အစွန်းရောက်အကြမ်းဖက်အဖွဲ့တို့၏ အန္တရာယ်သည် ဤမျှထင်ရှားပါလျက် ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့နိုင်ငံကြီးတချို့က ARSA အကြမ်းဖက်အဖွဲ့၏အန္တရာယ်ကို မသိကျိုးကျွံပြုမူနေခြင်းသည် စိတ်ပျက်စရာဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့၌ ARSA အကြမ်းဖက်အဖွဲ့က နိုင်ငံတော်လုံခြုံရေးစခန်း (၃၀)အား တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းသည် လေ့ကျင့်သင်ကြားထားသည့် စစ်ရေးခေါင်းဆောင်သူရှိခြင်းကို ထင်ရှားစွာ ဖော်ပြနေပါသည်။ ARSA အကြမ်းဖက်အဖွဲ့၏ စစ်ရေးခေါင်းဆောင်ဆိုသူသည် ပါကစ္စတန် အခြေစိုက် အကြမ်းဖက်သမားတစ်ဦးဖြစ်သည်သာမက ARSA အကြမ်းဖက်အဖွဲ့၏ နာယကဆိုသူမှာလည်း နိုင်ငံတကာ အကြမ်းဖက်အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နေသူတစ်ဦးဖြစ်ပါသည်။ ဤအချက်တို့က ရခိုင်ပြည်နယ်တွင် ရင်ဆိုင်နေရသော နိုင်ငံတကာ အကြမ်းဖက်လှုပ်ရှားမှုတို့၏ အန္တရာယ်ကို အလေးအနက်ဖော်ပြနေပါသည်။ (၃၁) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးတို့ကို တက်ရောက်ခဲ့ကြသော ကမ္ဘာ့နိုင်ငံတို့အနေဖြင့် ရခိုင်ပြည်နယ်တွင် ရင်ဆိုင်နေရသော နိုင်ငံတကာ အကြမ်းဖက်လှုပ်ရှားမှုကို မလွဲမသွေ အသိအမှတ်ပြုရမည် ဖြစ်ပါသည်။ နိုင်ငံတော်က ရခိုင်ပြည်နယ်အရေး၏ လူသားချင်းစာနာထောက်ထားမှု မျက်နှာစာအား အပြည့်အဝ တာဝန်ယူကိုင်တွယ်ဖြေရှင်းသည့်နည်းတူ ကမ္ဘာ့နိုင်ငံတို့အနေဖြင့် ရခိုင်ပြည်နယ်အရေး၏ နိုင်ငံတကာ အကြမ်းဖက်လှုပ်ရှားမှု မျက်နှာစာအား ဝိုင်းဝန်းကူညီဖြေရှင်းကြပါရန် လေးစားစွာ ပန်ကြားအပ်ပါ သည်။ ။



အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် နိုဝင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ စာနယ်ဇင်းနေ့ အခမ်းအနားနှင့် တောင်အာရှနိုင်ငံများ သတင်းမီဒီယာကောင်စီ အစည်းအဝေးသို့ တက်ရောက်မည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဦးအောင်လှထွန်းနှင့် ကောင်စီဝင် ဦးဟန်ညွန့် (ဥပဒေ)တို့အား နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ မြန်မာ့အလင်း

## ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-III ပြိုင်ပွဲ ပွဲစဉ် ၃ ရန်ကုန်မြို့တွင် နိုဝင်ဘာ ၁၉ ရက်၌ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံ နှင့်ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲကို Level- I ပဏာမအသံစစ်ဆေးခြင်းများကို မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီး ၁၁ မြို့၌ ကျင်းပခဲ့ပြီး Level – II ပြိုင်ပွဲများအား မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် ကျင်းပခဲ့ပြီးဖြစ်သည်။

ယခုအခါ ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-III ပြိုင်ပွဲများကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်း ရွှေထွဋ်တင် ဝင်းအတွင်းရှိ Hexagon Complex ၌ ပွဲစဉ် ၃ ပြိုင်ပွဲကို နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေ ပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၅**

စမ်းချောင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အသက် ၇၅ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်း ၁၃ ဦးအား ထောက်ပံ့ငွေပေးအပ်ပွဲနှင့် ၂၀၁၇/၂၀၁၈ ပညာသင်နှစ်အတွက် မြို့နယ်စစ်မှုထမ်းဟောင်းများ၏ သားသမီးများအား (ထက်၊ လယ်၊ မူ) ပညာသင်စရိတ်ငွေကျပ် ၁၂၄၀၀၀၀ ပေးအပ်ပွဲကို ကျွန်းတောလမ်းရှိ မြို့နယ်စစ်မှုထမ်းဟောင်းရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ရာတွင် အဖွဲ့ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူး စံလွင်(ငြိမ်း)က စစ်မှုထမ်းဟောင်းတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**




## စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**နမ့်ယွန်း နိုဝင်ဘာ ၁၅**

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ နန်းယွန်းမြို့နယ်အတွင်းရှိ နားလုံ၊ နောင်ကုလုကျေးရွာ စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို နိုဝင်ဘာ ၁၅ ရက်က နန်းယွန်းမြို့နယ် စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့အတွင်းရေးမှူး ဦးဥက္ကာ တက်ရောက်ပြီး ဇူလိုင်လနှင့် ဩဂုတ်လများတွင် နယ်မြေတည်ငြိမ်မှု မရှိခြင်းကြောင့် စစ်ဘေးရှောင် နားလုံ၊ နောင်ကုလုကျေးရွာနေ ပြည်သူများအား ဆန်အိတ်ပေါင်း ၂၂၂ အိတ် ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

**ချန်လော(ခန္တီး)**

## ရန်ကုန်တိုင်းဒေသကြီး မြို့နယ်တချို့တွင် အချိန်အခါမဟုတ် မိုးသည်းထန်လေပြင်းတိုက်

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တချို့တွင် ယနေ့ မွန်းလွဲ နှစ်နာရီခန့်က အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် နေအိမ်တချို့အတွင်း ရေများဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**



ထိုသို့ လေပြင်းများတိုက်ခတ်ပြီး မိုးရွာသွန်းနေချိန်တွင် မြို့နယ်တချို့၌ လျှပ်စစ်မီးများ ယာယီပြတ်တောက်ခြင်း၊ ရပ်ကွက်တချို့အတွင်းရှိ လမ်းများပေါ်တွင် ရေကျော်ခြင်း၊ လမ်းဘေးဈေးဆိုင်များတွင် ထီးအမိုးများလန်ခြင်း၊ ကားလမ်းမကြီးများပေါ်၌ သစ်ရွက်များလွင့်ကြွေခြင်းတို့ ဖြစ်ပေါ်ခဲ့သည့်အပြင် တောင်ဥက္ကလာပမြို့နယ် ၁၄ ရပ်ကွက်အတွင်းရှိ နေအိမ်တချို့အတွင်းသို့ ရေများ ဝင်ရောက်ခဲ့သော်လည်း နာရီပိုင်းအတွင်း ပြန်လည်ကျဆင်းသွားကြောင်း သိရသည်။

ယနေ့ မိုးရွာသွန်းခဲ့မှုနှင့်ပတ်သက်၍ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က မိုးတိမ်တောင်ဖြစ်ပေါ်နိုင်မှုအခြေအနေခန့်မှန်းချက်အရ ရောဝတီ၊ ရန်ကုန်၊ ပဲခူးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မိုးတိမ်တောင်များ ဖြစ်နိုင်ကြောင်း၊ မွန်းလွဲ ၁ နာရီခွဲမှ ၂ နာရီခွဲအတွင်း ရန်ကုန်မြို့၌ မိုးထစ်ချုန်း ရွာသွားခဲ့ကြောင်း၊ မိုးတိမ်တောင်သည် Local Weather သက်သက်မျှသာ ဖြစ်ပါကြောင်းဖြင့် ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ(ဖေ့ဘုတ်ခ်)တွင် ရေးသားဖော်ပြထားသည့်အပြင် အဆိုပါ ဖြစ်စဉ်သည် မိုးတိမ်တောင်တစ်ခုအနေဖြင့် နာရီပိုင်းအတွင်း ဖြစ်ပျက်တတ်သည့် သဘာဝ၊ မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်ခြင်းစသည်တို့နှင့် အတူတွဲပါလာတတ်သည့် သဘာဝကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် အရွယ်အစားအလွန်သေးသည့် mesoscale သာဖြစ်သည့်အတွက် ရေဒါဖြင့်သာ တိုင်းတာနိုင်ကြောင်းတို့ကို မှတ်ချက်ဖြင့် ရေးသားဖော်ပြခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၅-၁၁-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၅၅/၇၆၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၆၀/၇၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၀၅/၈၁၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၇၅/၇၈၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၀ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၄ ・ ၆ |
| ထိုင်း | တစ်ဘတ် | ၄၁ ・ ၃၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၈၈ |
| တရုတ် | တစ်ယွမ် | ၂၀၅ ・ ၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၆ ・ ၄၄ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဖိလစ်ပိုင်သံရုံးမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြစဉ်။ သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၁၅**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပသည့် (၃၁)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် စင်ကာပူနိုင်ငံသို့ အာဆီယံဥက္ကဋ္ဌ ရာထူး လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတို့သို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင် သံအမတ်ကြီး Mr. Edurado E. Kapunan နှင့် ဇနီး၊ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းနိုင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီး ဝင်းမြတ်နှင့် သံရုံးဝန်ထမ်းများက မနီလာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်သို့ နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ပြန်လည်ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးနှင့် ဖိလစ်ပိုင်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး Hon.Rex Tillerson တို့ တွေ့ဆုံဆွေးနွေးစဉ်။** သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်တွင် ရေရှည်တည်ငြိမ် အေးချမ်းမှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများ၊ ရခိုင်ပြည်နယ်၌ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးအပ်ရေး လုပ်ငန်းစဉ်များ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ပြည်တွင်း စီးပွားရေး လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ နေရပ်စွန့်ခွာထွက်ပြေးသူများအား စိစစ်ပြီး ပြန်လည်နေရာချထားရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံးရှိ လူငယ်များမှ စေတနာ့ဝန်ထမ်းအဖြစ် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး အတွက် Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine - UEHRD မှ ကြိုးပမ်းဆောင်ရွက်နေမှုများ စသည်တို့ကို ထည့်သွင်းရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲကို ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး Hon. Rex Tillerson တို့က အမှာစကားပြောကြားကြပြီး တက်ရောက်လာကြသည့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားကြသည်။

**အကာအကွယ်ပေးရန်လို**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များ၏ မေးမြန်းချက်များအပေါ် ဖြေကြားရာတွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား လက်ရှိ ဆွေးနွေးမှုများမှာ အားရကျေနပ်စရာကောင်းကြောင်း၊ သင့်တော်သောအဖြေ မရရှိသရွေ့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေရမည် ဖြစ်ကြောင်း၊ မြန်မာအစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် နေရပ်စွန့်ခွာထွက်ပြေးသူများ နေရပ်ပြန်ရောက်ရန် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် ပူးပေါင်း၍ နယ်စပ်ဒေသများရှိ နေထိုင်သူများအားလုံး အကာအကွယ်ပေးရန်လိုအပ်ကြောင်း။

**ခိုင်လုံပါမှ အတည်ပြုမည်**

လူမျိုးတုံးသတ်ဖြတ်မှုဟူသော စွပ်စွဲချက်များနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုကို အရေးတကြီးလုပ်ဆောင်ရန် တိုက်တွန်းလိုကြောင်း၊ နေရပ်စွန့်ခွာထွက်ပြေးသူများ ချောမောစွာပြန်လာနိုင်ရေးအတွက် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသတွင် တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိရန်လိုကြောင်း၊ ထို့အတူ ယင်းဒေသရှိ လူများအားလုံး လူမျိုး၊ ဘာသာမခွဲခြားဘဲ အကာအကွယ်ပေးရန် လိုအပ်ပြီး အကြမ်းဖက်မှုများကိုလည်း ရပ်တန့်ရန်လိုအပ်ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အတွင်း လူမျိုးတုံး သတ်ဖြတ်မှု အသုံးအနှုန်းနှင့် ပတ်သက်ပြီး သတင်းအချက်အလက် ခိုင်လုံပါမှ အတည်ပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ခြင်းဖြင့် လက်ရှိဖြစ်ပွားနေသည့် ရခိုင်ပြည်နယ်ပြဿနာကို ဖြေရှင်းနိုင်မည် မဟုတ်ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အောင်မြင်မှုကို မြင်တွေ့လိုကြောင်း၊ မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များက ကျူးလွန်သည်ဆိုသော သတင်းများ ထွက်ပေါ်လာခြင်းနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် အလွန်အမင်းစိုးရိမ်မိကြောင်း၊ ရခိုင်ပြည်နယ်ပြဿနာနှင့် ပတ်သက်၍ လက်ရှိအချိန်တွင် မြန်မာနိုင်ငံကို ပိတ်ဆို့အရေးယူမှုပြုလုပ်ခြင်းသည် ကောင်းမွန်သောနည်းလမ်းတစ်ရပ် မဟုတ်နိုင်ကြောင်း။

**ကန်ဒေါ်လာ ၄၇ သန်း ထပ်မံပေးအပ်မည်**

မြန်မာနိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကို ဆက်လက်ကူညီရန် မိမိတို့ သန္နိဋ္ဌာန်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးသည် မိမိတို့၏ ထိပ်တန်း ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ အစိုးရနှင့် တပ်မတော်တို့အနေဖြင့် ရခိုင်အကျပ်အတည်း ဖြေရှင်းရာတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ တိုးတက်အောင်မြင်မှုကို မိမိတို့ မဟန့်တားလိုသည့်အပြင် ရရှိပြီး တိုးတက်မှုများကိုလည်း မဆုံးရှုံးစေလိုကြောင်း၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်မည်ဖြစ်ပြီး မြန်မာနိုင်ငံသို့ ဖွံ့ဖြိုးရေးအကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုက ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာ ထွက်ပြေးသူများအတွက် လူသားချင်းစာနာ ထောက်ထားမှု အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၄၇ သန်း ထပ်မံပေးအပ်မည်ဖြစ်ကြောင်း ဩဂုတ်လ ၂၅ ရက်အထိ စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၇ သန်း ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် အမေရိကန်နိုင်ငံက ဆက်လက်ပံ့ပိုး မည်ဖြစ်ကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်၏ လုပ်ဆောင်ချက် များကို အပြုသဘောဖြင့် ထောက်ခံကြောင်း ပြောကြားသည်။

**ပြန်လည်ဝင်ရောက်ခွင့်ပြု**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က သတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားရာတွင် မိမိတို့ အစိုးရအနေဖြင့် ရခိုင်ပြည်နယ် အကျပ်အတည်းကို ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နေရပ်စွန့်ခွာထွက်ပြေးသူများ နေရပ်ပြန်ရောက်ရန် အစီအစဉ်များရေးဆွဲကာ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ထို့အတူ ရခိုင်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် UEHRD ကို ဖွဲ့စည်းကာ လုပ်ငန်းစတင် အကောင်အထည်ဖော်နေပြီ ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် အကျပ်အတည်းနှင့်ပတ်သက်ပြီး မိမိက ရေငုံနှုတ်ပိတ်နေသည်ဟု ပြောလာကြသည်မှာ မိမိစဉ်းစား၍ မရကြောင်း၊ အမှန်တကယ်မှု မိမိနှုတ်ငုံပိတ်နေခဲ့ခြင်း မရှိပါကြောင်း၊ မြန်မာနိုင်ငံသားဟု မိမိကိုယ်ကိုယ်မိမိ သက်သေပြနိုင်သူများကို မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်ပြုမည် ဖြစ်ကြောင်း ပြောကြားသည်။

**ဥပဒေစိုးမိုးမှု အရေးကြီး**

ဆက်လက်၍ ၎င်းက မိမိနိုင်ငံရေးလုပ်ရာတွင် သြဇာကြီးမားရန် မဟုတ်ဘဲ မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်တွေကို ပြည်သူများ ခံစားရဖို့အတွက်ဖြစ်ကြောင်း၊ နိုင်ငံရေးလုပ်သည့်အခါ အတိုက်အခိုက်ခံရသည်မှာ အထူးအဆန်းမဟုတ်ကြောင်း၊ ယခင်က ပြည်တွင်းမှာရော ပြည်ပမှာပါ တိုက်ခိုက်ခံနေရကြောင်း၊ ယခုအခါမှာ ပြည်တွင်းတိုက်ခိုက်မှု မရှိသလောက်ဖြစ်သွားပြီး ပြည်ပတိုက်ခိုက်မှုများရှိနေကြောင်း၊ နိစ္စဓူဝ တာဝန်ထမ်းဆောင်ရာတွင် ရင်ဆိုင်ရမည့်ကိစ္စဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိပါက အရေးကြီးဆုံးဖြစ်သော ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၁၁-၂၀၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၃ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်ဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး သတင်း ပထမကော်လံ ဒုတိယအပိုဒ် စာကြောင်းရေ ၆ ပါ ဂျပန်ယန်းငွေ ၁ ဒသမ ၂ ဘီလီယံ အကူအညီပေးရေး (**အစား**) ဂျပန်ယန်းငွေ ၁၂၅ ဘီလီယံ အကူအညီပေးရေးဟု ပြင်ဆင်ဖတ်ရှုပါရန်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

(မိုး/ဇလ)

# အကြမ်းဖက်မှုနှိမ်နင်းရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် နည်းလမ်းရှာဖွေ

နေပြည်တော် နိုဝင်ဘာ ၁၅

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Hon. Rex Tillerson အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ညော်ခန်းမဆောင်၌ လက်ခံ တွေ့ဆုံသည်။**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Hon. Rex Tillerson တို့ တွေ့ဆုံဆွေးနွေးစဉ်။** သတင်းစဉ်

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် မိမိတို့လုံခြုံရေးတပ်စခန်းများကို တိုက်ခိုက်ရာတွင် အောင်မြင်မှုမရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်တိုက်ခိုက်မည်ကို ကြောက်ရွံ့သောကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးခြင်း ဖြစ်ကြောင်း၊ ထိုသို့ထွက်ပြေးစဉ် ၎င်းတို့၏ မိသားစုများကိုပါ တစ်ပါတည်းခေါ်၍ ထွက်ခွာသွားခြင်းဖြစ်သဖြင့် ယခုကဲ့သို့ လူဦးရေ များပြားသွားခြင်းဖြစ်ကြောင်း ပြောကြားသည်။

**အကြမ်းဖက်လုပ်ရပ်များရှုတ်ချ**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက နှစ်နိုင်ငံဆက်ဆံရေးသည် အခက်အခဲတချို့ရှိသော်လည်း ရင်းနှီးသည့် ဆက်ဆံမှုများရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဩဂုတ် ၂၅ ရက်က ARSA အဖွဲ့က လုံခြုံရေးစခန်းများကို တိုက်ခိုက်ခဲ့ခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အသက်ဆုံးရှုံးခဲ့ရမှုများအပေါ် များစွာဝမ်းနည်းပါကြောင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ရှုတ်ချပါကြောင်း။

**နိုင်ငံတကာနှင့်ပူးပေါင်း**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို ယခုထက်ပိုမိုအောင်မြင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်စေလိုသည့် ဦးတည်ချက်တစ်ခုသာရှိပြီး လက်ရှိအနေအထားများကို သိရှိလိုကြောင်း မေးမြန်းဆွေးနွေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရခိုင်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်ဖြစ်စဉ်သည် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်ဖြစ်စဉ်နှင့် ၂၀၁၂ ခုနှစ်ဖြစ်စဉ်တို့နှင့် ဆက်စပ်နေမှု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာသွားသည့် ဘင်္ဂါလီလူမျိုးများနှင့် ပတ်သက်၍ မိမိတို့မှ အင်အားသုံး တိုက်ခိုက်သဖြင့် ထွက်ခွာသွားသည့်သဘော အဓိပ္ပာယ် သက်ရောက်သည့် စကားလုံးများဖြင့် အမေရိကန်အပါအဝင် အနောက်နိုင်ငံများက သုံးနှုန်းပြောဆိုမှုများရှိမှုနှင့် အခြေအနေမှန်ကို သိရှိရန် လိုအပ်မှုစသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**အပြန်အလှန်ဆွေးနွေး**

ထို့နောက် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ဖြစ်စဉ်မှန်များအား နိုင်ငံတကာမှ သိရှိစေရန်အတွက် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် ဘင်္ဂါလီလူမျိုးများအတွက် အစိုးရမှ ပြန်လည်နေရာချထားနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဧည့်သည်တော် ဝန်ကြီး၏ အကြံပြုချက်များကို အမြင်ချင်းဖလှယ်ပြီး အကြမ်းဖက်မှု နှိမ်နင်းရေးနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ် လက်တွဲပူးပေါင်း ဆောင်ရွက်နိုင်ရန် နည်းလမ်းရှာဖွေရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သံအမတ်ကြီး ဦးစံလွင် ဗာတီကန်မြို့ပြနိုင်ငံ ပုပ်ရဟန်းမင်းကြီးထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ဗာတီကန်မြို့ပြနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစံလွင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ဗာတီကန်စီးတီး၌ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မိုးလေဝသ အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ထူးခြားသည့် ညအပူချိန်များမှာ သီပေါမြို့နှင့် တွန်းဇံမြို့တို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၁ ဒသမ ၈၅ လက်မ၊ တောင်ကြီးမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ ဟဲဟိုးမြို့နှင့် ရေးမြို့တို့တွင် ၁ ဒသမ ၃၀ လက်မစီ၊ ထားဝယ်မြို့တွင် ၁ ဒသမ ဝ၃ လက်မ၊ လွိုင်ကော်မြို့တွင် ဝ ဒသမ ၉၈ လက်မနှင့် ဇလွန်မြို့တွင် ၁ ဒသမ ၉၄ လက်မတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

## APG အဖွဲ့ဝင်နိုင်ငံများ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး စံနှုန်းများအပေါ် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်မှုအား အကဲဖြတ်သည့်စနစ်ဖြင့် ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၅**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ (၂/၂၀၁၇) အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ရုံးအမှတ်(၁၀)၌ ကျင်းပရာ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဆွေက အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ (Asia/Pacific Group on Money Laundering-APG) သို့ ၂၀၀၆ ခုနှစ် မတ်လ ၉ ရက်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါကြောင်း၊ APG အဖွဲ့ဝင်နိုင်ငံများ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး စံနှုန်းများအပေါ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်မှုအား အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကဲဖြတ်သည့် စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့နောက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့သည် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ပြီး ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းတိုက်ဖျက်ရေး၊ လူအများအပြား သေကျေစေသော လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဗဟိုအဖွဲ့များဖြစ်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသို့ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ APG မှ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အရ ကွင်းဆင်းလေ့လာရေးအဖွဲ့ လာရောက်မည့်အပေါ် မိမိတို့ ဗဟိုအဖွဲ့အနေဖြင့် လုပ်သင့်လုပ်ထိုက်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်းနှင့် သက်ဆိုင်ရာဌာနများမှလည်း အဆိုပါအဖွဲ့ လာရောက်စဉ် မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍများအား ဌာနကိုယ်စားပြု ရှင်းလင်းဆွေးနွေးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးပါရန်နှင့် လိုအပ်သည်များ ထပ်မံဖြည့်စွက်အကြံပြုဆွေးနွေးပေးကြပါရန် တိုက်တွန်းပြောကြားသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် မျိုးဆွေဝင်းက ယခင်ပြုလုပ်ခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အမှုစစ်ဆေးမှု အခြေအနေများ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူးယာယီရဲမှူးချုပ် ကျော်ဝင်းသိန်းက အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia/Pacific Group on Money Laundering-APG) ၏ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေး လုပ်ငန်းစဉ်အရ လာရောက်မည့်အစီအစဉ်၊ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေး အစီရင်ခံစာ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအား ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ဥပဒေပြင်ဆင်ရေးဆွဲရေး ကော်မတီတို့ ပူးပေါင်းရေးဆွဲနေမှု အခြေအနေများအား ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေးကြသည်။ **သတင်းစဉ်**

## တရုတ်ပြည်သူ့အုပ်ချုပ်ရေးအကယ်ဒမီနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်တို့အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အုပ်ချုပ်ရေးအကယ်ဒမီမှ Vice Minister, Mr. Li Ji နှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံ့ဝန်ထမ်းများနှင့် သက်ဆိုင်သော ခေါင်းဆောင်မှုဆိုင်ရာ သင်တန်းများ၊ သုတေသနလုပ်ငန်းများ၊ မူဝါဒပိုင်းဆိုင်ရာ အကြံပေးခြင်းများ၊ ပြည်သူ့ရေးရာအုပ်ချုပ်မှုနှင့် ပြည်သူ့ရေးရာမူဝါဒများအပေါ် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးအတွက် အဆင့်မြင့်အရာထမ်းများကို သင်တန်းပေးမည့် အစီအစဉ်များ၊ ပညာသင်ဆုအစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့အုပ်ချုပ်ရေးအကယ်ဒမီနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်တို့ အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ CAG မှ Vice Minister ,Mr. Li Ji နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)မှ ပါမောက္ခချုပ် ဦးညီညီစံ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ် ဦးအောင်တင်စိုးတို့က ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ရှေ့မှောက်တွင် နားလည်မှုစာချွန်လွှာ (MoU)ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

**သတင်းစဉ်**



# အာရှ - ဥရောပ ဆွေးနွေးပွဲ (အေဆမ်)

- အာရှနှင့် ဥရောပဒေသရှိ နိုင်ငံများအကြား နှစ်ဖက်အကျိုးတူကိစ္စရပ်များတွင် ညှိနှိုင်းဆွေးနွေး ပူးပေါင်းဆောင်ရွက်နိုင်ရန် ၁၉၉၆ ခုနှစ်မှ စတင် ကျင်းပလာခဲ့သည်။
- ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလတွင် ပထမဆုံး အာရှ-ဥရောပ ယဉ်ကျေးမှုဖိုရမ်ကို အီတလီနိုင်ငံ၊ ဗင်းနစ်မြို့၌ စတင်ကျင်းပခဲ့သည်။
- ၁၉၉၆ ခုနှစ်၊ မတ်လတွင် အာရှဘက်မှ ၁၀-နိုင်ငံ၊ အီးယူ ၁၅-နိုင်ငံ ပါဝင်သည့် ပထမဆုံး အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ စတင်ကျင်းပခဲ့ရာမှ အာရှ-ဥရောပဆွေးနွေးပွဲဟူ၍ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။
- အေဆမ်စတင်ဖွဲ့စည်းစဉ်က ဒေသ ၂-ခုမှ နိုင်ငံ ၂၅-နိုင်ငံနှင့် ဥရောပကော်မရှင်တို့သာ ပါဝင်ခဲ့သော်လည်း အဖွဲ့ဝင်နိုင်ငံများ တဖြည်းဖြည်း များပြားလာခဲ့ပြီး ယခုအချိန်တွင် အာရှမှ ၂၁-နိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဥရောပဒေသမှ အီးယူအဖွဲ့ဝင် ၃၀-နိုင်ငံနှင့် ဥရောပကော်မရှင်တို့ ပါဝင်လာပြီဖြစ်သည့်အတွက် နိုင်ငံပေါင်း ၅၁-နိုင်ငံနှင့် ဒေသဆိုင်ရာအဖွဲ့ကြီး ၂-ခု စုစုပေါင်း အဖွဲ့ဝင် ၅၃ ခု ရှိလာခဲ့ပြီ ဖြစ်သည်။
- လက်ရှိအေဆမ်အဖွဲ့ဝင်နိုင်ငံများမှာ ဩစတြေးလျ၊ ဩစတြီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘယ်လ်ဂျီယံ၊ ဘရူနိုင်း၊ ဘူလ်ဂေးရီးယား၊ ကမ္ဘောဒီးယား၊ တရုတ်၊ ခရိုအေးရှား၊ ဆိုက်ပရပ်စ်၊ ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ အက်စ်တိုးနီးယား၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ၊ ဟန်ဂေရီ၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ အိုင်ယာလန်၊ အီတလီ၊ ဂျပန်၊ ကာဇက်စတန်၊ တောင်ကိုရီးယား၊ လာအို၊ လတ်ဗီးယား၊ လီသူယေးနီးယား၊ လူဇင်ဘတ်၊ မလေးရှား၊ မော်လ်တာ၊ မွန်ဂိုလီးယား၊ မြန်မာ၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေး၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ပေါ်တူဂီ၊ ပိုလန်၊ ရိုမေးနီးယား၊ ရုရှား၊ စင်ကာပူ၊ ဆလိုဗေးကီးယား၊ ဆလိုဗေးနီးယား၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ထိုင်း၊ ဗြိတိန်၊ ဗီယက်နမ်တို့ ဖြစ်ပြီး အဖွဲ့အစည်း ၂ ခုမှာ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် ဥရောပကော်မရှင်တို့ ဖြစ်သည်။

Asia-Europe Meeting

(၁၃) ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး
၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀-၂၁
နေပြည်တော်

## အေဆမ်၏ ဦးတည်ရည်မှန်းချက်များ

**အေဆမ်ဆွေးနွေးပွဲများ၏ အဓိက ဦးတည်ရည်မှန်းချက် ၄ -ရပ်မှာ -**

- အာရှ-ဥရောပတိုက်ကြီး ၂-တိုက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အထောက်အကူဖြစ်စေရန်၊
- ကမ္ဘာ့စီးပွားရေး ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နှစ်ဖက်ညှိနှိုင်း ပူးပေါင်း အဖြေရှာသွားရန်၊
- ကမ္ဘာ့ရေးရာကိစ္စရပ်များတွင် အာရှ-ဥရောပတိုက်ကြီး ၂-တိုက်၏ အရေးပါ အရာရောက်မှုကို မြှင့်တင်သွားရန်၊
- မတူညီသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများနှင့် မတူညီသည့်ယဉ်ကျေးမှု ထွန်းကားသော လူ့ဘောင်အဖွဲ့အစည်း ၂-ရပ်အကြား အပြန်အလှန် နားလည် သဘောပေါက်မှုနှင့် ယုံကြည်မှုများ ပိုမိုဖြစ်ထွန်းလာစေပြီး ကမ္ဘာ့ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာဝပြောရေးအတွက် အတူတကွ ယှဉ်တွဲနေထိုင်သည့် လူ့ဘောင် အဖွဲ့အစည်း တည်ဆောက်သွားရန်တို့ ဖြစ်သည်။

# 8th Model ASEM 2017 သို့ တက်ရောက်လေ့လာမည့် နိုင်ငံတကာမှ ကျောင်းသား ကျောင်းသူများ ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၅**

**( ၁၃ ) ကြိမ်မြောက် ASEM နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးဖြစ်သော 8th Model ASEM 2017 ကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ အဆိုပါအစည်းအဝေးသို့ တက်ရောက် လေ့လာမည့် နိုင်ငံတကာမှ ကျောင်းသား ကျောင်းသူများသည် ယနေ့ နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။**



အဆိုပါ ခရီးစဉ်တွင် အာရှနှင့် ဥရောပ စသည့် ASEM အဖွဲ့ဝင် နိုင်ငံပေါင်း ၅၁ နိုင်ငံမှ ကျောင်းသား ကျောင်းသူများ အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကျောင်းသား ကျောင်းသူ ၅၆ ဦး စုစုပေါင်း ၁၅၇ ဦးသည် နေပြည်တော်၌ နိုဝင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် 8th Model ASEM 2017 အစည်းအဝေးသို့ တက်ရောက်လေ့လာကြမည်ဖြစ်သည်။

ယခုအစီအစဉ်၏ ဒါရိုက်တာဖြစ်သူ Ms.Leonie Nagarajanu က "ပါဝင်သည့် နိုင်ငံအသီးသီးရှိ ကျောင်းသား ကျောင်းသူများအနေဖြင့် နောင်တစ်ချိန်တွင် ကမ္ဘာ၏ ခေါင်းဆောင်များ ဖြစ်လာနိုင်မည်ဖြစ်ပြီး ယခုကတည်းက ကမ္ဘာနှင့် ထိတွေ့ဆက်ဆံရေး အတွေ့အကြုံကောင်းများ၊ တစ်ဦးနှင့် တစ်ဦး ရင်းနှီးပွင့်လင်းစွာဖြင့် တိုင်ပင်နှီးနှောသည့် အလေ့အထကောင်းများ ပေါ်ပေါက်ထွန်းကားရေးနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အထကောင်းများ ဖြစ်ပေါ်လာရေးအတွက် လေ့ကျင့်ပေးသည့် အစီအစဉ်ဖြစ်ကြောင်း" ပြောသည်။

8th Model ASEM 2017 ၏ လေးရက် အစီအစဉ်တွင် ပါဝင်မည့် ကျောင်းသား ကျောင်းသူများသည် ၎င်းတို့ နိုင်ငံကိုကိုယ်စားပြုကာ ကမ္ဘာအတွက် အရေးပါသည့် ခေါင်းစဉ် တစ်ခုကို ပူးပေါင်းဆွေးနွေး အကြံပြုမည်ဖြစ်ပြီး ဆွေးနွေးပွဲမှ ရရှိလာသော အစီရင်ခံစာကို ASEM နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးတွင် တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

အစီအစဉ်တွင် ပါဝင်သည့် တောင်ကြီးနည်းပညာတက္ကသိုလ် တတိယနှစ် မြို့ပြအင်ဂျင်နီယာဘာသာရပ် တက်ရောက်နေသူ မောင်ခွန်ဇော်ဇော်ထွန်း က ယခုအစီအစဉ်ကို လွန်ခဲ့သည့်လက ကျောင်း၌ ASEM နှင့် ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနက တာဝန်ရှိသူများက လာရောက်ဟောပြောရာမှ စိတ်ပါဝင်စားကာ လျှောက်ထားခဲ့ကြောင်း၊ ယခုပရိုဂရမ်တွင် အာရှနှင့် ဥရောပတိုက် နှစ်တိုက်မှ ကျောင်းသား ကျောင်းသူများက ချစ်ကြည်ရေးကို ရှေးရှု၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကုန်သွယ်ရေးစသည့် ကဏ္ဍများကို ထိရောက်စွာ ပူးပေါင်းပါဝင် ဆွေးနွေးပေးနိုင်မည့် အခွင့်အရေး ရရှိမည့်အပြင်၊ မိမိတို့ နိုင်ငံအတွက် ကိုယ်စွမ်းဉာဏ်စွမ်းအပြည့် ပါဝင်ခွင့်ရတာကြောင့် အထူး ဂုဏ်ယူမိပါကြောင်း ပြောသည်။

တက်ရောက်လာကြသည့် နိုင်ငံတကာမှ ကျောင်းသား ကျောင်းသူများသည် ယနေ့ညပိုင်းတွင် ရန်ကုန်တက္ကသိုလ်ဝင်း အတွင်းရှိ ရန်ကုန်တက္ကသိုလ် အထိမ်းအမှတ်များဖြစ်သည့် အဓိပတိလမ်း၊ ဘွဲ့နှင်းသဘင်၊ တက္ကသိုလ်စာကြည့်တိုက်၊ သစ်ပုပ်ပင်နှင့် တက္ကသိုလ် ပရိဝုဏ်အတွင်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။ (ဓါတ်ပုံ)

ထို့နောက် Recreation Centre ၌ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူများက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

## အဝါရောင်အဆင့် မုန်တိုင်းငယ် မြန်မာ့ကမ်းရိုးတန်း ဦးတည်မည့်အခြေအနေ မရှိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ယနေ့ ည ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression) သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ဗီဇာကာပတ္တနမ်(Visakhapatnam) မြို့၏ တောင်ဘက် မိုင် ၈၀ ခန့် ဂိုပါလ်ပူ (Gopalpur) မြို့၏ တောင်- အရှေ့တောင်ဘက် မိုင် ၂၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် ည ၉ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၆ ဒသမ ၂ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၃ ဒသမ ၃ ဒီဂရီတွင်တည်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၁ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၇ မိုင်နှုန်း ဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၃၆ နာရီတွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေမြောက်ပိုင်းနှင့် ဩရိဿကမ်းခြေတောင်ပိုင်းအနီးသို့ ရောက်ရှိကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် နောက် ၃၆ နာရီအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ကျောင်းဆောင်သစ် ပန္နက်တင် အခမ်းအနားကျင်းပ

**ခရမ်း နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ RC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်က အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအလှူရှင်များဖြစ်ကြသော ရွှေတောင်လုပ်ငန်းစုဥက္ကဋ္ဌ ဦးအိုက်ထွန်းနှင့် စင်ကာပူနိုင်ငံမှ Mr. Tan Kay Whee ၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ဆောက်လုပ်မည့် သတ်မှတ်နေရာအသီးသီး ၌ ပန္နက်တင်စိုက်ထူပေးကြသည်။

ဆက်လက်၍ ရွှေတောင်လုပ်ငန်းစု ဥက္ကဋ္ဌက ကျောင်းဆောင်သစ်လှူဒါန်းရခြင်း နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျောင်းအကျိုးတော်ဆောင် အတွင်းရေးမှူး ဦးအေးကိုက ခရမ်းမြို့၏ အထင်ကရနေရာများကို ရိုက်ကူးထားသော ဓာတ်ပုံအယ်လ်ဘမ်ကို ရွှေတောင်လုပ်ငန်းစုဥက္ကဋ္ဌကို ပေးအပ်သည်။

ထို့နောက် ဦးနေအုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာချက်သမ္မတနိုင်ငံ သံအမတ်ကြီးတို့က မုဒိတာစကားပြောကြားပြီး မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသိန်းဝင်းက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။



အဆိုပါ RC နှစ်ထပ်ကျောင်းဆောင်သစ်သည် ရွှေတောင်လုပ်ငန်းစုက လှူဒါန်းသည့် ကျောင်းဆောင် ၁၀၀ မြောက်ဖြစ်ပြီး အလျား ၁၃၂ ပေနှင့် အနံ ၃၉ ပေကျယ်ဝန်း၍ စာသင်ခန်းရှစ်ခန်းပါဝင်ကာ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားရေးကိစ္စများ ဆောင်ရွက်ပေးနေ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခုနှင့် ပြင်ဆင်ချက်အဆိုတစ်ခု ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၏ **တိုင်းပြည်အနာဂတ် အကျိုးစီးပွားအတွက် မသန်စွမ်းမှုလျှော့ချရေး၊ ကူညီထောက်ပံ့ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တိုးမြှင့်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ရှေးဦးအရွယ်ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးတိုင်းတာစစ်ဆေး ပံ့ပိုးမှု( Early Childhood Intervention – ECI ) လုပ်ငန်းစဉ်ကို ၂၀၁၈ ခုနှစ်အတွင်း တိုင်းဒေသကြီး သုံးခုနှင့် ပြည်နယ် တစ်ခုတို့ရှိ မြို့နယ် ရှစ်မြို့နယ်၏ နေရာကိုးခုတွင် ECI Program pilot project အနေဖြင့် စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၈-၂၀၂၀ ခုနှစ်တွင် နိုင်ငံနှင့်အဝန်း လွှမ်းခြုံနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဘတ်ဂျက်ရရှိမှုအပေါ် မူတည်၍ လစဉ်ထောက်ပံ့မှုများကို ကလေးသူငယ်အရွယ်နှင့် အရွယ်ရောက်ပြီး မသန်စွမ်းသူများကို မသန်စွမ်းအမျိုးအစားပေါ် မူတည်၍ သက်ကြီးရွယ်အို လူမှုရေးပင်စင်ပေးသကဲ့သို့ အဆင့်ဆင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ မိုင်းကြောင့် ထိခိုက်ခံစားရသူများအား ငွေကြေးထောက်ပံ့ရေး အစီအစဉ်ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် မသန်စွမ်းမှုအလိုက် မသန်စွမ်းသင်တန်းကျောင်း ရှစ်ကျောင်း တည်ထောင်၍ နိုင်ငံတော် ဘတ်ဂျက်ဖြင့် မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားရေးကိစ္စများ ဆောင်ရွက်ပေးနေသကဲ့သို့ အစိုးရဝန်ကြီးဌာန အချင်းချင်းသော် လည်းကောင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်နှင့် ပြည်တွင်း ပြည်ပ စေတနာ့ဝန်ထမ်း မသန်စွမ်းအသင်းအဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်း၍ လည်းကောင်း ကာကွယ်စောင့်ရှောက်မှုများနှင့် ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ တိုင်းပြည်အနာဂတ် အကျိုးစီးပွားအတွက် မသန်စွမ်းမှုလျှော့ချခြင်း၊ ကူညီထောက်ပံ့ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများကို ပိုမိုတိုးမြှင့်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ **မြို့နယ်လက်စွဲစာအုပ်များ ထွက်ပေါ်လာစေရေးအတွက် လိုအပ်သော စီစဉ်ညွှန်ကြားမှုများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဒေသဆိုင်ရာ အချက်အလက်စာအုပ်သည် လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အချက်အလက်များ ပါဝင်သည့်အတွက် အဖျက်အမှောင့်ပြုလုပ်လိုသည့် အဖွဲ့အစည်းများထံသို့ အဆိုပါအချက်အလက်များရောက်ရှိ ရရှိသွားပါက လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်နိုင်ဖွယ်ရှိရာ ကန့်သတ်ရန်လိုအပ်သည့် အချက်အလက်များကို ချန်လှပ်၍ ကျန်အချက်အလက်များကို အများပြည်သူ အချိန်မရွေး လေ့လာသိရှိနိုင်ရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၏ Website ဖြစ်သည့် www.gad.gov.mm တွင် တစ်နိုင်ငံလုံးရှိ မြို့နယ်များ၏ အချက်အလက်များကို လွှင့်တင်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၄ ရက်အထိ မြို့နယ်ပေါင်း ၂၅၃ မြို့နယ်၏ အချက်အလက်များကို လွှင့်တင်ထားပြီး ဖြစ်ပါကြောင်းနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာ ဦးခင်မောင်မောင်၏ **ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင်ရှိသော မြေကွက်လပ်များကို စီးပွားရေးအရ ဝင်ရောက်ကျူးကျော်သူများကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ စည်ပင်သာယာဝန်ထမ်းများက ကျူးကျော်ခွင့်ပြုနေခြင်းကို ဥပဒေအရ ထိရောက်စွာ အရေးယူပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း၏ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်များ၏ ကျွန်းအခြေစိုက်ကျေးရွာများ၊ ပင်လယ်ရေလုပ်ငန်းခွင်များတွင် တစ်နေ့တခြား ဆိုးရွားစွာတိုးပွားဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါးရောင်းဝယ်ဖြန့်ဖြူးသုံးစွဲနေကြခြင်းကို အထူးစီမံချက်များရေးဆွဲ၍ တိုက်ဖျက်နှိမ်နင်းပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသည်။

ထို့နောက် သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း တင်သွင်းသည့် **ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆို**နှင့် စပ်လျဉ်း၍ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စည်သူက ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးသည် မြန်မာနိုင်ငံ၏ အထူးဦးစားပေးရည်မှန်းချက်တစ်ရပ်ဖြစ်ပြီး အနာဂတ်လူသားအရင်းအမြစ်များ မဆုံးရှုံးစေရန် ထိန်းသိမ်းသည့် အစီအစဉ်တစ်ရပ် ဖြစ်ပါကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းဟုဆိုရာတွင် ကိုယ်ဝန်ဆောင်ကာလမှ အသက် ရှစ်နှစ်အရွယ်ထိရှိသည့် ကလေးများ ဘက်စုံဖွံ့ဖြိုးရန် ဆောင်ရွက်ပေးသည့် ပညာရေး၊ ကျန်းမာရေး၊ အာဟာရမြှင့်တင်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကာကွယ်စောင့်ရှောက်ရေး စသည်ဖြင့် အားလုံးအကျုံးဝင်ပါကြောင်း။

မွေးကင်းစမှ ငါးနှစ်အရွယ်ထိ နေ့ကလေးထိန်းကျောင်း၊ မူလတန်းကြိုကျောင်း၊ ရပ်ကွက်အခြေပြုနှင့် အိမ်အခြေပြုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်သောပံ့ပိုးမှုများကို စဉ်ဆက်မပြတ် ပံ့ပိုးနိုင်ရန် များစွာလိုအပ်နေပါကြောင်း၊ ကလေးသူငယ်များကို စောင့်ရှောက်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုများကို အချိန်ကာလ မရွေ့ဆိုင်းသင့်ပါကြောင်း၊ နောက်မကျသင့်ပါကြောင်း၊ ဝန်ဆောင်မှုရှိထားသည့် ကလေးနှင့် ဝန်ဆောင်မှုမရသည့် ကလေးများသည် ဖွံ့ဖြိုးမှုများစွာ ကွာခြားပါကြောင်း၊ မွေးစာရင်း အမြန်ရရှိရေးကိုလည်း အဆောတလျင် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ နိုင်ငံအနာဂတ် ကလေးသူငယ်များ ဆက်လက်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် နည်းဥပဒေများအရ ခွင့်ပြုချက်များ လျင်မြန်စွာပေးပြီး လိုအပ်သည့် ငွေကြေးများ ထောက်ပံ့မှုများကို လစဉ် သို့မဟုတ် နှစ်စဉ် ဖြည့်စွက်ပေးနိုင်ပါရန် အကြံပြုအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ကျောက်တန်း မဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ခနော်ဖြူမဲဆန္ဒနယ်မှ ဦးတင်လှ၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်နှင့် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးတို့ ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက အဆိုနှင့်စပ်လျဉ်း၍ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်သည် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်သည့် အားလျော်စွာ ရှေးဦးကလေးသူငယ် ဘဝအရွယ်တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုစုပျိုးထောင်ပေးခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးပေးခြင်းဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုတွင် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ ကလေးသူငယ်တိုင်း အချိုးညီစွာ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဌာနအခြေပြု၊ ရပ်ရွာအခြေပြုလုပ်ငန်းများတွင် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ထူထောင်ထားသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို နှစ်စဉ်ငွေကြေးနှင့် နည်းပညာအကူအညီပေးခြင်းနှင့် အသိပညာ ဖြန့်ဝေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အမျိုးသားအဆင့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီတစ်ရပ် လိုအပ်လျက်ရှိရာ ၎င်းကော်မတီကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုစနစ်တစ်ရပ်ကို အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၁၇-၂၀၁၈) ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်များကို အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)တွင် ကဏ္ဍတစ်ရပ်အနေဖြင့် မဟာဗျူဟာများနှင့် အစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကလေးသူငယ်များအားလုံး၏ အကျိုးကို စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိပြီး ပိုမိုကောင်းမွန်ထိရောက်သည့် အကောင်အထည်ဖော်မှုများဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်လျက်ရှိနေပါသဖြင့် အဆိုကို မှတ်တမ်းအဖြစ် ထားရှိသင့်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အဆိုရှင် ဦးစိုင်းဦးခမ်းက အဆိုကို အတည်ပြုပေးနိုင်ရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒရယူရာ **ထောက်ခံမဲ ၁၇၃ မဲ၊ ကန့်ကွက်မဲ ၂၁၉ မဲ၊ ကြားနေမဲ နှစ်မဲဖြင့် အဆိုကို မှတ်တမ်းအဖြစ်ထားရှိကြောင်း** ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် အချက် ၃၂ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ရန် ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် **ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သဘောတူထားသည့် အချက် ၃၂ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း** အတည်ပြုနိုင်ရန် လွှတ်တော်၏သဘောထားဆန္ဒကို ရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ **အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၂၆ ချက်**ကို တင်သွင်းသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း သဘောတူကြောင်း တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ **ပြင်ဆင်ချက် ၂၆ ချက်**ကို အတည်ပြုနိုင်ရန် လွှတ်တော်၏သဘောထားဆန္ဒကိုရယူပြီး **ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း** အတည်ပြု ကြေညာသည်။

ထို့နောက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ညီညီလွင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား **ပြင်ဆင်ချက်အဆို** (အသစ်ဖြည့်စွက်ချက် ပုဒ်မ ၁၇၊ ပုဒ်မ ခွဲ (ခ))နှင့် စပ်လျဉ်း၍ တင်သွင်းသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း က ပြင်ဆင်ချက်အဆိုနှင့် စပ်လျဉ်း၍ အသစ်ဖြည့်စွက်ရန် မသင့်ကြောင်း ရှင်းလင်းတင်သွင်းသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ယခုဖြည့်စွက်ချက်ကို ဖြည့်စွက်ရန် မလိုအပ်သည့်အပြင် ထည့်သွင်းခြင်းဖြင့် ပြစ်မှုပေါ်ပေါက်မှုအပေါ် မည်သည့်ဥပဒေဖြင့် အရေးယူရမည်ကို ရှုပ်ထွေးလာနိုင်သည့်အတွက် **အသစ်ထပ်မံဖြည့်စွက်ရန် မသင့်ကြောင်း** ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြင်ဆင်ချက်အဆို (အသစ်ဖြည့်စွက်ချက် ပုဒ်မ ၁၇၊ ပုဒ်မ ခွဲ (ခ) )နှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒရယူရာ **ထောက်ခံမဲ ၂၆၆ မဲ၊ ကန့်ကွက်မဲ ၁၂၈ မဲ၊ ကြားနေမဲ သုံးမဲဖြင့် ဥပဒေကြမ်းကော်မတီ၏ သဘောမတူကြောင်း တင်ပြချက်အတိုင်း အတည်ပြုကြောင်း** ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းခြင်းနှင့် ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပြင်ဆင်ခြင်းမပြုသည့် အပိုဒ်နှင့် အပိုဒ်ခွဲများကို မူလ အဆိုပြုချက်အတိုင်း အတည်ပြုသွားမည်ဖြစ်ကြောင်း၊ ထို့အတူ လွှတ်တော်၏ ပြင်ဆင်ချက်များကြောင့် ပြောင်းလဲသွားသည့် အပိုဒ်၊ အပိုဒ်ခွဲနှင့် အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး လွှတ်တော်၏ သဘောထားဆန္ဒကိုရယူကာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်နှင့် အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ - ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ ဝင်းမြတ်အေး



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်အောင်စိုး



ကလေးမဲဆန္ဒနယ်မှ
ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး

“နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်သည် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်သည့် အားလျော်စွာ ရှေးဦးကလေးသူငယ် ဘဝအရွယ်တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုစုပျိုးထောင်ပေးခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးပေးခြင်းဖြစ်”

# ကျောက်ဆည်မြို့နယ် ဇော်ဂျီမြစ်ကူးတံတားအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးမည်

နေပြည်တော် နိုဝင်ဘာ ၁၅

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၂ ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်လှငွေး (ခ) ဒေါ်အုန်းကြည်၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဆည်ကုန်းကျေးရွာအနီး အရှေ့သာဂရ-ဆည်ကုန်း ဇော်ဂျီမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဆည်ကုန်းကျေးရွာ အနီးရှိ ဇော်ဂျီမြစ်ကူးတံတားသည် အရှေ့သာဂရ-ဆည်ကုန်း-ဈေးရွာလမ်းပေါ် ဆည်ကုန်းရွာနှင့် ဈေးရွာကြားတွင် တည်ရှိပါကြောင်း၊ တံတားအား တည်ဆောက်ပေးမည်ဆိုပါက ကျေးရွာ ခုနစ်ရွာ၊ အိမ်ခြေ ၁၄၇၇၊ လူဦးရေ ၇၁၀၀ ဦးခန့် အကျိုးပြုမည်ဖြစ်၍ သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ ဆည်ကုန်းကျေးရွာအနီးရှိ ဇော်ဂျီမြစ်ကူး တံတားသည် ဟံမြင့်မိုရ်-ရွာငံလမ်းမကြီးနှင့် ချိတ်ဆက်ထားသော အရှေ့သာဂရ-ဆည်ကုန်း-ဈေးရွာလမ်းပေါ်တွင် တည်ရှိသော တံတားဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ် အပ်စကျေးရွာအုပ်စု ခတ်ချောင်းဝအနီးရှိ ဒိုင်လောင်ချောင်း လူကူးကြိုးတံတားနှင့် ထိုးနူးကျေးရွာအုပ်စု ရှုရွာအနီးရှိ ရန်လောင်ချောင်း လူကူးကြိုးတံတားတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပလက်ဝမြို့နယ် အပ်စကျေးရွာ အုပ်စု ခတ်ချောင်းဝအနီးရှိ ဒိုင်လောင်ချောင်း လူကူးကြိုးတံတားသည် ဆမီး-မတူပီလမ်းမကြီး နှင့် ဆက်သွယ်ထားသော ဆောက်လုပ်ရေး ဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မှ စီမံခန့်ခွဲသော ပါမောင်-ဘောင်ကုန်း-မီးဟူး-



ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း

လောင်တန်း-အပ်စ-ပေါက်စိုင်-ရန်ချောင်းဝ-အောက်ချိုင့်စလမ်းပေါ်တွင် တည်ရှိသည့် ကျေးလက်နေပြည်သူများမှ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော လူကူးကြိုးတံတား ဖြစ်ပါကြောင်း၊ ရန်လောင်ချောင်း လူကူးကြိုးတံတားသည် ကိုဖေရှေ့-ကိုဖြေကြီး-အလယ်ဒိန်ကင်း-မောစုန်းကြီး-ငဆောင်-ထိုးနူး-မှုံးတနူး-နန်းပိုင်-ချိုင့်စနူး-ဘွေတောင်း- လုံဒူး-ထိန်းခေါင်လမ်းပေါ်တွင် တည်ရှိပြီး ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော လူကူးကြိုးတံတား ဖြစ်ပါကြောင်း၊ တံတားများ၏ လက်ရှိအခြေအနေမှာ လူသွားလမ်းများပေါ်ရှိ လူကူးကြိုးတံတားများသာ ဖြစ်ပါကြောင်း၊ လူကူးကြိုးတံတား နှစ်စင်းအား ခိုင်ခံ့စေရန် အသစ်ပြန်လည် တည်ဆောက်ပေးမည်ဆိုပါက ကျေးရွာ ကိုးရွာ၊ အိမ်ခြေ ၂၅၀၊ လူဦးရေ ၁၇၃၄ ဦးတို့ကို အကျိုးပြုမည်ဖြစ်ပါကြောင်း၊ တံတား နှစ်စင်းအနက် ဆမီး-မတူပီလမ်းနှင့် ဆက်သွယ်ထားသော ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသည့် ဒိုင်လောင်ချောင်း လူကူးကြိုးတံတားအား ခိုင်ခံ့သော သံကူကွန်ကရစ် တံတားအဖြစ် လည်းကောင်း၊ ပလက်ဝမြို့နယ် ရန်လောင်ချောင်းအား ခိုင်ခံ့သော မော်တော်ဆိုင်ကယ်ကူး ကြိုးတံတားအဖြစ် လည်းကောင်း၊

**“ဆမီး-မတူပီလမ်းနှင့် ဆက်သွယ်ထားသော ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသည့် ဒိုင်လောင်ချောင်း လူကူးကြိုးတံတားအား ခိုင်ခံ့သော သံကူကွန်ကရစ်တံတားအဖြစ် လည်းကောင်း၊ ပလက်ဝမြို့နယ် ရန်လောင်ချောင်းအား ခိုင်ခံ့သော မော်တော်ဆိုင်ကယ်ကူး ကြိုးတံတားအဖြစ် လည်းကောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ် မတိုင်မီ ကာလအတွင်း တည်ဆောက်ပေးမည်ဖြစ်ပြီး တံတားနှစ်စင်းအနက် ရန်လောင်ချောင်းကူးတံတားကို ဦးစားပေး တည်ဆောက်ပေးသွားမည်”**

၂၀၂၀-၂၀၂၁ ခုနှစ် မတိုင်မီ ကာလအတွင်း တည်ဆောက်ပေးမည်ဖြစ်ပြီး တံတား နှစ်စင်းအနက် ရန်လောင်ချောင်းကူးတံတားကို ဦးစားပေး တည်ဆောက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေ၊ တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးဇော်ဟိန်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇) အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် ပြင်ဆင်ချက် အတည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ယင်းနောက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာ အားကာမိုး တင်သွင်းခဲ့သည့် “MICA (Myanmar International Cooperation Agency)” အဆိုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ကွင်းဆင်း လေ့လာ စိစစ်ခဲ့သည့် ကြားဖြတ်အစီရင်ခံစာကို အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေ က ဖတ်ကြားတင်သွင်းရာတွင် ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၃ မှ ၁၀၁ အထိ ပြဋ္ဌာန်းချက်များကို တိကျစွာ လိုက်နာကျင့်သုံးပြီး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကျန်ရှိသော လုပ်ငန်းများဖြစ်သည့် MICA သို့ လွှဲပြောင်း လုပ်ငန်းလုပ်ကိုင်စေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခြံ၊ စက်ရုံ ၄၉ ခုရှိပြီး MICA နှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်ခဲ့သော ခြံ၊ စက်ရုံ ခြောက်ခုအနက် ငါးခုအား ကော်မတီမှ ကွင်းဆင်းစိစစ်ပြီး ဖြစ်ပါကြောင်း၊ MICA နှင့် စာချုပ်မချုပ်ဆိုဖြစ်ဘဲ ဌာနနှင့်သာ ချုပ်ဆိုခဲ့သော ခြံ၊ စက်ရုံ ခုနစ်ခုရှိပါကြောင်း၊ ငှားရမ်းစာချုပ် ချုပ်ဆိုပြီး ခြံ၊ စက်ရုံပေါင်း ၁၃ ခုနှင့် ငှားရန် ကျန်ရှိနေသည့် ခြံ၊ စက်ရုံ ၃၆ ခု ရှိပါကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် MICA နှင့် စာချုပ်ချုပ်ဆိုထားသည့် လုပ်ငန်း ခြောက်ခုကို ကော်မတီမှ ကွင်းဆင်းစိစစ်ပြီး ဖြစ်ပါကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ MICA သို့ လွှဲပြောင်းပြီး



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်လှငွေး(ခ)ဒေါ်အုန်းကြည်

မလုပ်နိုင်သေးသည့် လုပ်ငန်း ၁၀ ခုအား မြေပြင် အခြေအနေအရ ကွင်းဆင်းစိစစ်ပြီး လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးများရှိ ကတိ၊ ကဝတ် ဖြစ်ပေါ်ခဲ့သော မေးခွန်း၊ အဆိုများနှင့်အတူ ထပ်မံသွားရောက်၍ ကွင်းဆင်း စိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖတ်ကြားတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ကြားဖြတ်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်**

# စတုတ္ထအကြိမ် သက်ကြီး သတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံသတင်းစာဆရာအသင်းက ကြီးမှူးပြီး စတုတ္ထအကြိမ် သက်ကြီးသတင်းစာ ပညာရှင်များ ပူဇော်ကန်တော့ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပမည် ဖြစ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ အသက် ၇၅ နှစ်ပြည့်ပြီး သက်ကြီး သတင်းစာပညာရှင် ၁၅၀ ကျော်ကို ပူဇော်ကန်တော့မည်ဖြစ်သည်။ သက်ကြီး သတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုသူများသည် မြန်မာနိုင်ငံသတင်းစာဆရာအသင်း အခန်း ၆၀၃ အမှတ် ၁၇၃၊ ၁၇၅ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၅၁၉၊ ၀၉၄၂၀၀၉၄၆၅၉ သို့ လူကိုယ်တိုင်ဆက်သွယ် လာရောက် လှူဒါန်းနိုင်ပြီး ငွေသားကို ကမ္ဘောဇဘဏ် အကောင့်အမှတ် (၁၇၃-၁၀၂-၀၀၇၀၃၇၄၈၀၀၁)သို့လည်း ထည့်ဝင်လှူဒါန်းနိုင်သည်။

အလှူငွေပေးအပ်ခြင်းနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောခစ်ဟိုတယ်၌ ပြုလုပ်မည်ဖြစ်ပြီး ယင်းအခမ်းအနားတွင်လည်း လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်သည်။

မြန်မာနိုင်ငံသတင်းစာဆရာအသင်းအနေဖြင့် အသက် ၇၅ နှစ်ပြည့်ပြီး သက်ကြီး သတင်းစာ ပညာရှင်များကို ၂၀၁၄ ခုနှစ်မှစတင်ကာ နှစ်စဉ်မပျက်ကျင်းပလာခဲ့ပြီး ယခုအကြိမ်သည် စတုတ္ထအကြိမ်မြောက် ကျင်းပမည့် အခမ်းအနားဖြစ်ကြောင်း မြန်မာနိုင်ငံ သတင်းစာဆရာအသင်းမှ သတင်းရရှိသည်။

**သတင်းစဉ်**

# နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ လာရောက် လျှောက်ထားလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ နိုဝင်ဘာ ၁၅ ရက်တွင် **ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ** (People Life for Development Party)က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လာရောက် လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ Golden View Tower ၊ ဦးအောင်မြတ်လမ်းနှင့် ၁၂၃ လမ်းထောင့်၊ ပထမထပ်၊ အမှတ်(၂၃)တွင် ပါတီရုံးချုပ် တည်ရှိသော **ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ** (People Life for Development Party) က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၅-၁၁-၂၀၁၇ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ (People Life for Development Party) ၏ အလံပုံစံ**




**ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ (People Life for Development Party) ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်း

နေပြည်တော် နိုဝင်ဘာ ၁၅

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်းကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။ အဆိုပါ အမိန့်ကြော်ငြာစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**အမိန့်ကြော်ငြာစာအမှတ်(၈၆၅/၂၀၁၇)**
၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

**ပြည်ထောင်စုဥပဒေဆိုင်ရာ**
**အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၅ အရ "ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဦးညဏ်ဝင်း — ဥက္ကဋ္ဌ
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃)

(ခ) ဦးစိုးလွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(ဂ) ဦးဝင်းတင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဃ) ဦးမျိုးခိုင်ဆွေ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(င) ဦးအောင်ကျော်မိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(စ) ဒေါက်တာခင်မာရီ — အဖွဲ့ဝင်
ပါမောက္ခ(ဌာနမှူး)
ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်
အဆင့်မြင့်ပညာဦးစီးဌာန၊
ပညာရေးဝန်ကြီးဌာန

(ဆ) ဦးကျော်ဟိုး — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၃၃)

(ဇ) ဦးကျော်ဌေး — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၈)

(ဈ) ဒေါ်ငြိမ်းဇင်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ဦးကျော်စိုးဗိုလ်(ခ) ဦးကျော်စိုး — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၆)

(ဋ) ဦးမောင်မောင်လှသောင်း(ခ)ဦးလှသောင်း — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၆)

(ဌ) ဒေါ်နန်းခမ်းအုံ — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၄၇၀)

(ဍ) ဦးခင်ဇော် — အတွင်းရေးမှူး
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၅)

၂။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေပုဒ်မ ၆ နှင့် ၇ ပါ ပြဋ္ဌာန်းချက်များအတိုင်း ဖြစ်သည်။

**(ထွန်းထွန်းဦး)**
**ပြည်ထောင်စုတရားသူကြီးချုပ်**

---

## ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေပါ ပြဋ္ဌာန်းချက်များ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။

အဆိုပါဥပဒေတွင် အခန်း (၁၄) ခန်းပါရှိပြီး အခန်း (၄) မှာ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဟူ၍ ဖြစ်သည်။ အခန်း (၄) တွင် ပုဒ်မ ၅၊ ၆ နှင့် ၇ တို့ပါရှိသည်။

ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေပုဒ်မ ၅ မှာ ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်တစ်ဦး၊ — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(ဂ) ပြည်ထောင်စုရှေ့နေချုပ်မှ ရွေးချယ်တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(ဃ) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက် မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(င) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရွေးချယ်တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက် မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(စ) ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်တစ်ခုခုမှ ဥပဒေပါမောက္ခတစ်ဦး၊ — အဖွဲ့ဝင်

(ဆ) လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ ဗဟုသုတရှိသော ကိုယ်စားလှယ်နှစ်ဦး၊ — အဖွဲ့ဝင်များ

(ဇ) အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးရာထူးအောက် မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(ဈ) တရားလွှတ်တော်ရှေ့နေများကောင်စီမှ အမည်စာရင်းတင်သွင်းပြီး ပြည်ထောင်စုတရားသူကြီးချုပ်က အတည်ပြုသော တရားလွှတ်တော်ရှေ့နေအဖြစ် ၁၅ နှစ်အောက်မနည်း အမှုလိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး ဟူ၍ ဖြစ်သည်။ — အတွင်းရေးမှူး

ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေပုဒ်မ ၆ မှာ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများအတွက် မူဝါဒချမှတ်ခြင်း၊

(ခ) ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသည့် ပြစ်မှုများကို သတ်မှတ်ခြင်း၊

(ဂ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်၏ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း စည်းကမ်းများ သတ်မှတ်ပေးခြင်း၊

(ဃ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များက ဝန်ဆောင်မှုပေးရာတွင် ဥပဒေနှင့် ညီညွတ်မှုရှိစေရန် ကြီးကြပ်ခြင်း၊

(င) ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို အများပြည်သူတို့အတွင်း ပြန့်ပွားစေရန် စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(စ) ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများကို ကူညီနိုင်ရန် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးနည်းလမ်းများ သတ်မှတ်ထားရှိခြင်းနှင့် ယင်းကိစ္စရပ်များကို အများပြည်သူသိရှိနိုင်ရန် အသိပညာပေးခြင်း၊

(ဆ) ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများအား ဆင်းရဲနွမ်းပါးသူအဖြစ် မှတ်ယူရမည့်အချက်များကို သတ်မှတ်ခြင်း၊

(ဇ) ပြစ်မှုများနှင့် သက်ဆိုင်သည့် ပြင်ဆင်မှု၊ အယူခံမှုနှင့် အထွေထွေလျှောက်ထားမှုများတွင် ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများအား ကူညီဆောင်ရွက်ခြင်း၊

(ဈ) ဥပဒေဆိုင်ရာ အထောက်အကူပေးသူများအတွက် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် ခွင့်ပြုပေးနိုင်ရေးအတွက် လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပေးခြင်း၊

(ဋ) အသိအမှတ်ပြု အဖွဲ့အစည်းများ၏ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊

(ဌ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်တို့၏ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို ဥပဒေနှင့် အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် အကူအညီများပေးခြင်း၊

(ဍ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ထူးခြားသော အခြေအနေကို ပြည်ထောင်စုတရားသူကြီးချုပ်သို့ အခါအားလျော်စွာ တင်ပြခြင်း ဟူ၍ ဖြစ်သည်။

ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေပုဒ်မ ၇ မှာ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် လိုအပ်ပါက သုံးဦးထက်မပိုသော အကြံပေးပုဂ္ဂိုလ်များကို ခန့်ထားနိုင်သည်။ ထိုပုဂ္ဂိုလ်များကို အစည်းအဝေးသို့ ပါဝင်တက်ရောက်ခွင့်ပြုနိုင်သော်လည်း မဲပေးခွင့်မပြုရ ဟူ၍ ဖြစ်သည်။

**သတင်းစဉ်**

---

○ *ကျော်ဖုံးမှ*

"ဖွင့်တာက ၁၇ ရက်မှ ဒီနှစ်အတွက် တရားဝင်ဖွင့်လှစ်သွားမှာပါ၊ ခရီးသွားတွေကတော့ ဩဂုတ်လကုန်ပိုင်းကတည်းက လာရောက်နေတာ တွေ့ရပါတယ်၊ အဓိကကတော့ သဘာဝခရီးသွားလုပ်ငန်းကို ဖော်ထုတ်တဲ့သဘော ဖြစ်ပါတယ်၊ နေပြည်တော်ပတ်ဝန်းကျင်မှာ သဘာဝခရီးသွားလုပ်ငန်းတွေအတွက် နေရာအများကြီးရှိသလို မဖော်ထုတ်ရသေးတဲ့ နေရာတွေလည်း အများကြီးရှိသေးတယ်"ဟု နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နေပြည်တော် မြို့မဈေးမှတစ်ဆင့် စီးလုံးငှား မော်တော်ယာဉ်များဖြင့် သွားရောက်ပါက အိမ်သုံးကားတစ်စီးလျှင် ငွေကျပ် သုံးသောင်းမှ လေးသောင်းကြား ဈေးရှိပြီး တိုရိုတာ တောင်းအေ့စ်တစ်စီးလျှင် ငွေကျပ် လေးသောင်းမှ ငါးသောင်းဝန်းကျင်ဖြင့် ငှားရမ်းသွားလာကြကြောင်း ခရီးသွားများက ပြောကြားသည်။ ပုံမှန်လမ်းဖြင့် သွားလာလိုသူများအနေဖြင့် နေပြည်တော်မှ တပ်ကုန်းသို့ ပြေးဆွဲသည့် တော်ဝင်ယာဉ်လိုင်း အပါအဝင် အခြားယာဉ်လိုင်းများကို စီးနင်းနိုင်ပြီး ကင်းသာလမ်းခွဲတွင် ဆင်းရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် ၇၀၀၀ ဝန်းကျင်ဖြင့် အသွားအပြန် ငှားရမ်းသွားလာနိုင်ကြောင်း သိရသည်။

ရေပူစမ်းတွင် သဘာဝရေပူများကို ရေပူစုကန်အတွင်း ထည့်ထားပြီး ထိုမှတစ်ဆင့် အမျိုးသမီး၊ အမျိုးသား ရေစိမ်ကန်များသို့လည်းကောင်း၊ သီးသန့်အပန်းဖြေရိပ်သာများအတွင်းသို့ လည်းကောင်း ဖြန့်ဝေပေးခြင်းဖြစ်သည်။ ဝင်ကြေးမှာ တစ်ဦးလျှင် ငွေကျပ် ၅၀၀၊ ဆိုင်ကယ်တစ်စီး ငွေကျပ် ၅၀၀နှင့် မော်တော်ကားတစ်စီး ငွေကျပ် ၂၀၀၀ ပေးဆောင်ရမည်ဖြစ်ကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သိရှိရသည်။

ထို့ပြင် သီးသန့် ရေစိမ်ကန်များကိုလည်း ပြုလုပ်ပေးထားပြီး မိသားစုသီးသန့် အသုံးပြုနိုင်သည်။ ယခုနှစ်တွင် ခရီးသွားလုပ်ငန်းတချို့၏ အစီအစဉ်ဖြင့် ရေပူစမ်းအပန်းဖြေစခန်းအနီးရှိ တောင်ကျရွာမှ ဆင်ထိန်းသိမ်းရေးစခန်းသည်လည်း လူသိများထင်ရှားလာခဲ့ပြီး အပျော်ငှားရမ်းစီးနင်းနိုင်ခြင်းကြောင့် ယခင်နှစ်ကထက် လာရောက်အပန်းဖြေသူများ စိတ်ကျေနပ်နိုင်မည်ဖြစ်ကြောင်း သွားလာသူများထံက သိရှိရသည်။

**သွန်းဝသန်၊ ဓာတ်ပုံ-နေပြည်တော်စည်ပင်**

# မောင်တောမြို့နယ်တွင် ၁၅ နှစ်အောက် ကလေးငယ်များအား ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံ

**မောင်တော နိုဝင်ဘာ ၁၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ၁၅ နှစ်အောက် ကလေးငယ်များအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးကို ထိုးနှံပေးလျက်ရှိရာ မောင်တောမြို့နယ်တွင်လည်း ယနေ့နံနက်ပိုင်းမှ စတင်ကာ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

မောင်တောမြို့နယ် ဆရာဝန်ကြီး ဒေါက်တာ ကျော်မောင်မောင်သိန်းက "ရည်ရွယ်ချက်ကတော့ ဂျပန်ဦးနှောက်ရောင် ကူးစက်ရောဂါ မပြန့်ပွားစေဖို့ အတွက် လုပ်ဆောင်တာဖြစ်ပါတယ်၊ အဓိကက ကျောင်းသား ကျောင်းသူ အရွယ်ပေါ့၊ နောက်တစ်ခုက အသက်ကိုးလကနေ ၁၅ နှစ်အတွင်း ရှိတဲ့သူတွေကို အဓိကထိုးနှံပေးပါတယ်၊ ရခိုင်ပြည်နယ်တစ်ခုတည်းမှာ ထိုးနှံပေးတာ မဟုတ်ပါဘူး၊ မြန်မာတစ်နိုင်ငံလုံးမှာ ထိုးနှံမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ဂျပန်ဦးနှောက်ရောင် ရောဂါသည် ခြင်ကိုက်ရာမှ ကူးစက်ခြင်းဖြစ်ပြီး ဦးနှောက်ကို ထိခိုက်စေသည့် ဗိုင်းရပ်စ်ပိုးဖြစ်ပြီး ကာကွယ်ဆေးထိုးနှံခြင်းအားဖြင့် ဂျပန်ဦးနှောက်ရောင်ရောဂါအား ၈၅ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်ကြောင်း ကာကွယ်ဆေးထိုးနှံပေးသည့် ကျန်းမာရေးဝန်ထမ်းများထံမှ သိရသည်။

"၂၀၁၆ ခုနှစ်တုန်းက မြန်မာတစ်နိုင်ငံလုံးမှာ ဂျပန်ဦးနှောက်ရောင် ရောဂါဖြစ်ပွားမှုရှိခဲ့ပါတယ်၊ အဲ့ဒီရောဂါဖြစ်ရင် ၃၀ ရာခိုင်နှုန်းအထိ အသေအပျောက်ရှိနိုင်ပါတယ်၊ မောင်တောဒေသမှာတော့ ဒီနှစ်ထဲမှာ ရောဂါဖြစ်တာ လောလောဆယ်မရှိပါဘူး"ဟု ဒေါက်တာ ကျော်မောင်မောင်သိန်းက ပြောသည်။

ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံခြင်းကို မောင်တောဒေသတွင် နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်ထိ တစ်ကြိမ်၊ ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်ထိ တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် ထိုးနှံပေးသွားမည်ဖြစ်ပြီး မောင်တောဒေသရှိ တိုင်းရင်းသားကျေးရွာများနှင့် ဘင်္ဂါလီကျေးရွာများတွင်လည်း သီးသန့်အစီအစဉ်များဖြင့် ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း မောင်တောမြို့နယ် ကျန်းမာရေးဌာနမှ သိရသည်။

"ကျေးရွာတွေမှာလည်း ဒီနေ့ကစပြီး သက်ဆိုင်တဲ့ ကျန်းမာရေးမှူးတွေဦးဆောင်ပြီးတော့ လိုက်လံထိုးနှံပေးနေပါတယ်၊ ကျေးရွာတွေမှာရှိတဲ့ တိုက်နယ်ဆေးရုံတွေမှာလည်း သက်ဆိုင်တဲ့ ကျန်းမာရေးဝန်ထမ်းတွေက ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး ဒီနေ့ကစပြီး ထိုးနှံပေးနေပါပြီ"ဟု မောင်တောမြို့နယ် ဆရာဝန်ကြီး ဒေါက်တာ ကျော်မောင်မောင်သိန်းက ပြောသည်။



မောင်တောမြို့နယ်၌ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ဆရာဝန်ကြီးများ အပါအဝင် ကျန်းမာရေးဝန်ထမ်း ၁၅၀ ကျော်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် ၁၅ နှစ်အောက် ကလေးငယ် ၂၀၀၀ ကျော်ကို ထိုးနှံပေးခဲ့ကြောင်း မောင်တောမြို့နယ် ကျန်းမာရေးဌာနမှ သိရသည်။

**သတင်းအဖွဲ့**
**ဓာတ်ပုံ-ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**



# ကျောက်ဖြူမြို့နယ် မလကျွန်းကျေးရွာ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်

**ကျောက်ဖြူ နိုဝင်ဘာ ၁၅**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် မလကျွန်းကျေးရွာ တောင်သူဦးခန့်ပုတ်၏ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ဆင်းသွယ်လတ်စပါးမျိုးစေ့ထုတ် စိုက်ခင်းတွင် မိုးစပါး စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၈ ရက်က ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးနှင့် စက်မှုလယ်ယာဦးစီးဌာန၊ သမဝါယမဦးစီးဌာနများမှ မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ စုစုပေါင်း ၂၅ ဦး ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဘက်စုံအဆင့်မြင့်နည်းပညာပေးစံပြရွာ ဆင်းသွယ်လတ်စပါးမျိုးစေ့ထုတ်စိုက်ခင်းတွင် စံကွက်ရိတ်သိမ်းရာ တစ်ဧက ၇၇ ဒသမ ၄၄ တင်း ထွက်ရှိသည်။ စံကွက်ရိတ်သိမ်းခြင်း အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ခင်စိုးက စပါးသီးနှံ GAP နည်းစနစ်ဖြင့် ဆောင်ရွက်သည့် နည်းပညာများ၊ ဘက်စုံပိုးမွှား ရောဂါကာကွယ်နည်း (IPM) စနစ် ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် တောင်သူများမှ သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**



# သံတွဲခရိုင် ကျိန္တလီမြို့ ရှောက်ကုန်းကျေးရွာ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်

**ကျိန္တလီ နိုဝင်ဘာ ၁၅**

ရခိုင်ပြည်နယ် သံတွဲခရိုင် ကျိန္တလီမြို့ ရှောက်ကုန်းကျေးရွာ ကွင်းအမှတ် ၂၅၆၊ ဦးပိုင်အမှတ်(၇၈/က) တောင်သူ ဦးဝင်းမောင် စိုက်ပျိုးထားသော ဆင်းသွယ်လတ်မိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း ငါးဧကအား စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါး စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၀ ရက်က ဆောင်ရွက်ခဲ့သည်။

စံကွက်ရိတ်သိမ်းခြင်း အခမ်းအနားကို သံတွဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်မြင့်ရီနှင့် ဝန်ထမ်းများ၊ ကျိန္တလီမြို့မှ မြို့အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ဦးစီးမှူးများနှင့် တောင်သူများ စုစုပေါင်း ၂၀ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ မျိုးစေ့ထုတ်စိုက်ခင်းသို့ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သန်းက မျိုးစေ့ထုတ်လုပ်ရာတွင် တစ်ဧက အထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် သုံးစွဲရန် လိုအပ်ကြောင်းနှင့် မျိုးကောင်းမျိုးသန့် သုံးစွဲရခြင်းဖြင့် ရရှိသည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ မျိုးစေ့ထုတ်စိုက်ခင်းတွင် စံကွက်ရိတ်သိမ်းရာ တစ်ဧက တင်း ၉၇ ဒသမ ၉၀ ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

*** *ကျောဖုံးမှ***

အစည်းအဝေးအား ကော့ဘဇားနှင့် မောင်တောတို့တွင် ခြောက်လလျှင် တစ်ကြိမ် အလှည့်ကျ အိမ်ရှင်အဖြစ်ကျင်းပရန်၊ နည်းဗျူဟာအဆင့် အစည်းအဝေးအား နယ်စပ်ဒေသ၌ သုံးလလျှင် တစ်ကြိမ်အလှည့်ကျ အိမ်ရှင်အဖြစ်ကျင်းပရန်၊ တပ်ရင်းမှူးအဆင့် အစည်းအဝေးအား လစဉ်ကျင်းပသွားရန်နှင့် တပ်ခွဲမှူးအဆင့် (BOP)အဆင့် တွေ့ဆုံမှုအား လိုအပ်ချက်အပေါ်မူတည်၍ နှစ်နိုင်ငံနယ်စပ်တွင် နေရာသတ်မှတ်၍ ဆောင်ရွက်ရန်၊

(ခ) ယခုကျင်းပသည့် အစည်းအဝေးကို ယခင်သဘောတူညီခဲ့သည့်အတိုင်း နှစ်စဉ် အလှည့်ကျနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်နှင့် အစည်းအဝေးအား မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များ ဗဟိုအဆင့်အစည်းအဝေးဟု သတ်မှတ်ရန်၊

(ဂ) နှစ်နိုင်ငံနယ်စပ်ဒေသတွင် ဖြစ်ပေါ်နေသော မူခင်းဆိုင်ရာပြဿနာများ၊ တရားခံပြေးများ၊ ARSA အကြမ်းဖက် အဖွဲ့များ တိုက်ဖျက်ရေးကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် ARSA နှင့် တရားခံပြေးများ ဖမ်းဆီးဖော်ထုတ်ရေး သတင်းအချက်အလက်များ ဖလှယ်ရေးတို့အတွက် ဆက်သွယ်မှုစနစ်တစ်ခု ထူထောင်ရန်၊

(ဃ) မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဆက်ဆံရေးရုံး (BLO)များ ထူထောင်ခြင်းတွင် မြန်မာနိုင်ငံဘက်မှ မောင်တောတွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်မှ တက်ကနက်(ဖ်)တွင်လည်းကောင်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးထား၍ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်၊

(င) နှစ်နိုင်ငံနယ်စပ်အား တရားမဝင် ဖြတ်ကျော်ဝင်ရောက်မှုများနှင့်ပတ်သက်၍ သတင်းအချက်အလက်ဖလှယ်ခြင်းနှင့် တားဆီးနှိမ်နင်းရေးကို စံလုပ်ငန်းစဉ်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်ရန်၊

(စ) မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ဝန်ကြီးအဆင့် အစည်းအဝေးတွင် သဘောတူညီခဲ့သော အဆင့် ၃ ဆင့်တွင် ဆက်သွယ်ဆက်ဆံသူအရာရှိများထားရှိ၍ အပြန်အလှန်ဆက်သွယ်မှု၊ သတင်းအချက်အလက်ဖလှယ်မှုတို့ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဆ) နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များ အချင်းချင်းယုံကြည်မှု တည်ဆောက်နိုင်ရေးအတွက် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ အပြန်အလှန်လည်ပတ်ခြင်း၊ အားကစားပွဲများ ကျင်းပခြင်း၊ ယဉ်ကျေးမှုဖလှယ်ခြင်း၊ ဘာသာစကားသင်ကြားခြင်း တို့ကို နှစ်ဖက်ညှိနှိုင်း၍ ဆောင်ရွက်သွားရန်၊

(ဇ) ပဉ္စမအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့များ ဗဟိုအဆင့်အစည်းအဝေးကို ၂၀၁၈ ခုနှစ် မေလ ပထမပတ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရေး နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဈ) ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံနယ်ခြားစောင့် ရဲတပ်ဖွဲ့တို့အနေဖြင့် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းစွာအတူဖြေရှင်းနိုင်ရေးအတွက် (၁) နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့တို့အနေဖြင့် လူကုန်ကူးမှုနှင့် ကုန်ပစ္စည်းများ တရားမဝင် ကူးသန်းရောင်းဝယ်မှုအား တားဆီးရေးအတွက် သတင်းအချက်အလက် ဖလှယ်ရမည်ဖြစ်ပြီး ထိုကဲ့သို့သော ခြိမ်းခြောက်မှုအန္တရာယ်များအား ဟန့်တားရေးအတွက် နယ်စပ်ဒေသတွင် ချစ်ခင်ရင်းနှီးစွာပူးပေါင်း၍ ဆောင်ရွက်သွားရန်၊ (၂) နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့တို့အနေဖြင့် စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်ရောင်းဝယ်မှုများအား တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် သတင်းအချက်အလက် ဖလှယ်ရန်၊ (၃) နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းစေရေးအတွက် နှစ်ဖက်စလုံးမှ ထိန်းသိမ်းဆောင်ရွက်ရန် အချက်များအား အတူတကွ လုပ်ဆောင်သွားရန်တို့ ဖြစ်သည်။

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံဘက်မှ ARSA အကြမ်းဖက်အဖွဲ့အစည်းနှင့် ပတ်သက်၍ နောက်ဆုံးရရှိထားသည့် သတင်းအချက်အလက်များ၊ ဖော်ထုတ်ဖမ်းဆီးပေးရမည့် အကြမ်းဖက်သမားတရားခံပြေးများ အမည်စာရင်းကို ဓာတ်ပုံမှတ်တမ်းနှင့်တကွ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နယ်ခြားစောင့်တပ်ဖွဲ့မှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးခဲ့ပြီး အမြန်ဆုံး စုံစမ်းဖော်ထုတ်လွှဲပြောင်းပေးရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှလည်း ၎င်းတို့နိုင်ငံအနေဖြင့် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများအား တိုက်ဖျက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမြေပေါ်တွင် မည်သည့်အကြမ်းဖက်သမားတစ်ဦးတစ်ယောက်ကိုမျှ လက်ခံထားမည်မဟုတ်ပါကြောင်း၊ ARSA အကြမ်းဖက်အဖွဲ့အစည်းနှင့် အကြမ်းဖက်သမားများအပြင် အခြားအမှုများမှ တရားခံပြေးများကိုလည်း စုံစမ်းဖော်ထုတ်၍ မြန်မာနိုင်ငံဘက်မှ တာဝန်ရှိသူများထံ အကြောင်းပြန်ကြားခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်းတို့ကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံနယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်နေကြသော နှစ်နိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့တို့အချင်းချင်း ညီရင်းအစ်ကို ချစ်ကြည်ရင်းနှီးမှုဖြင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားမည်ဟု ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ယခုနယ်ခြားစောင့်တပ်ဖွဲ့များအကြား ဗဟိုအဆင့်အစည်းအဝေးတွင် ဆွေးနွေးသဘောတူခဲ့သည်များအား ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့ပါကြောင်း ပူးတွဲထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ချက်အတိုင်း ကိုင်းကြီး (မြို့)ကျေးရွာသစ်၌ အိမ်ရာသစ်များအပြင် ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများပါ ဆောင်ရွက်ပေးသွားမည်

**မောင်တော နိုဝင်ဘာ ၁၅**

မောင်တောမြို့နယ် ကိုင်းကြီး(မြို့ရွာ) အနောက်ဘက်၌ ဩဂုတ်လ ၃ ရက် နံနက်ပိုင်းက တောင်ယာလုပ်ကိုင်နေသည့် မြို့တိုင်းရင်းသားများအား အစွန်းရောက်အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သဖြင့် ကျေးရွာသား ရှစ်ဦး သေဆုံးခဲ့သည်။ ဩဂုတ်လ ၂၅ ရက် မောင်တောဒေသ၌ အကြမ်းဖက်ဖြစ်စဉ်များ ထပ်မံဖြစ်ပွားပြီးနောက် တောင်ပေါ်တွင် ကျေးရွာတည်နေထိုင်သည့် မြို့တိုင်းရင်းသားများသည် ကိုင်းကြီး(မြို့)ကျေးရွာဟောင်းအား စွန့်ခွာခဲ့သည်။ စွန့်ခွာခဲ့သော မြို့တိုင်းရင်းသားများအား ကျေးရွာသစ် တည်ဆောက်ပေးရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ကားလမ်းနှင့်နီးသည့် မောင်တောမြို့နယ် သံဒါကွင်းနှင့် သံဒါကျေးရွာအုပ်စုအနီးတွင် အိမ်ခြေ ၅၀ ပါဝင်သည့် ကိုင်းကြီး (မြို့)ကျေးရွာသစ်ကို မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ တည်ဆောက်ပေးလျက်ရှိသည်။ ဆောက်လုပ်လျက်ရှိသည့် ကိုင်းကြီး(မြို့) ကျေးရွာသစ်တွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်း တနင်္သာရီတိုင်းဒေသကြီးမှ ပြည်သူများ၏ လှူဒါန်းမှုဖြင့် စာသင်ကျောင်းဆောင်သစ်နှင့် ဘုန်းတော်ကြီးကျောင်းတို့ကို ဆောက်လုပ်ပေးသွားမည် ဖြစ်သည်။



ဒေါ်နီလာကျော်၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး



ဦးအောင်ထိုက်
ကိုင်းကြီးမြို့ကျေးရွာသစ် ဆောက်လုပ်ရေးတာဝန်ခံ



ဦးစံထွန်း (ဥက္ကဋ္ဌ)
ကိုင်းကြီး(မြို့)ရွာ

ထို့ကြောင့် သတင်းအဖွဲ့သည် ကိုင်းကြီး(မြို့)ကျေးရွာသစ် အကောင်အထည်ဖော်နေမှု အခြေအနေအား သိရှိနိုင်ရန် နိုဝင်ဘာ ၁၂ ရက်က ကိုင်းကြီး(မြို့ )ကျေးရွာသစ်သို့ သွားရောက်၍ တာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းခဲ့သည်။

**ဒေါ်နီလာကျော်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး**

**မေး ။ ။ ကိုင်းကြီး(မြို့ )ရွာသစ် တည်ဆောက်ပြီး တောင်ပေါ်မှာနေတဲ့ မြို့တိုင်းရင်းသားတွေအတွက် နေရာချပေးမယ့် အစီအစဉ်ကို ပြောပြပေးပါ။**

ဖြေ ။ ။ ကိုင်းကြီးရွာက နှစ်ရွာရှိတယ်။ ရခိုင်တိုင်းရင်းသားတွေနေတဲ့ ကိုင်းကြီးရွာနဲ့ မြို့တိုင်းရင်းသားတွေနေတဲ့ မြို့ရွာဆိုပြီးတော့ပါ။ အခုတောင်ပေါ်မှာနေထိုင်တဲ့ မြို့တိုင်းရင်းသားတွေက ကားလမ်းနဲ့နီးတဲ့ ပတ်ဝန်းကျင်နေရာသစ်ကို ပြောင်းရွှေ့ချင်တယ်ဆိုလို့ ကားလမ်းနဲ့နီးတဲ့ သံဒါကွင်း၊ သံဒါကျေးရွာအုပ်စုကို ပြောင်းပေးတာပါ။ မြို့တိုင်းရင်းသားတွေမှာ လူဦးရေ ၂၅၈ ဦးနဲ့ အိမ်ခြေက မူလမှာ ၄၆ အိမ်ရှိတယ်။ အခု အိမ်ကွက်ချပေးရင်တော့ အိမ်ကွက် တစ်ကွက်ကို ပေ ၄၀×၆၀ နဲ့ အိမ်ကွက် ၅၀ ချပေးပါမယ်။ အဲဒါကို အခု ဒေသခံ ဆောက်လုပ်ရေးအဖွဲ့တွေနဲ့ တည်ဆောက်သွားမယ်။ တည်ဆောက်တာက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လမ်းညွှန်ချက်နဲ့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ ဦးဆောင်မှုကြောင့် ကျွန်မက ဒီမှာလာပြီး ကြီးကြပ်ပေးတာပါ။ အိမ်တွေရဲ့ ဒီဇိုင်းပုံစံကို ဒီမှာနေထိုင်မယ့် ရွာသားတွေနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ပေးဖို့ မှာကြားပါတယ်။ အိမ်ရဲ့ကြမ်းခင်းကအစ မျက်နှာကြက်အထိ ပြည့်ပြည့်စုံစုံ လုပ်ပေးမှာပါ။ မြို့တိုင်းရင်းသားတွေနဲ့ ညှိနှိုင်းပြီးတော့ ရေတွင်းတူးမယ်။ အိမ်ခြံစည်းရိုး၊ ရေ၊ လမ်း၊ မီးအထိပေါ့။ မီးကတော့ ဒီဘက်မှာ ပါဝါလိုင်းတွေ မရောက်သေးခင် ဆိုလာစနစ်နဲ့ မီးပေးရမှာပေါ့။ ဒီရွာမှာ လိုအပ်နေတဲ့ ဆေးပေးခန်း၊ စာသင်ကျောင်းတို့ကိုတော့ တနင်္သာရီတိုင်းဒေသကြီးက ဆောက်လုပ်လှူဒါန်းမှာ ဖြစ်ပါတယ်။ ဘုန်းကြီးကျောင်းကအစ ဆောက်လုပ်ပေးသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကိုင်းကြီး(မြို့)ကျေးရွာသစ်မှာ အဆောက်အအုံတွေ ဆောက်လုပ်ပေးရုံတင်မကဘဲ ဒီမှာရှိတဲ့ သူတွေရဲ့ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုအားလုံးကို ဆောင်ရွက်ပေးသွားဖို့နဲ့ သူတို့ရဲ့နေ့စဉ်အခွင့်အလမ်း အလုပ်အကိုင်တွေရရှိဖို့၊ သူတို့ကို အသက်မွေးဝမ်းကျောင်း ပညာတွေပါ သင်ကြားပေးသွားဖို့ အစီအစဉ်တွေရှိပါတယ်။

**မေး ။ ။ မောင်တောမှာ ကျေးရွာသစ်တွေ စတင် အကောင်အထည်ဖော်တာ ဘယ်အချိန်လောက်ကစပြီး ဘယ်အချိန်မှာ ပြီးစီးနိုင်မလဲ ခင်ဗျာ။**

ဖြေ ။ ။ အောက်တိုဘာလ ၁၉ ရက်ကစပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက သက်ဆိုင်ရာ အလိုက် တာဝန်ယူပါတယ်။ ကိုင်းကြီး (မြို့)ရွာသစ်အတွက် စာမှာတော့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့လို့ ရေးထားပေမယ့် မွန်ပြည်နယ်အစိုးရအဖွဲ့ကလည်း ပူးပေါင်း ဆောင်ရွက်ပါတယ်။ ပဲခူးတိုင်းဒေသကြီးကလည်း ပူးပေါင်း ဆောင်ရွက်ပါမယ်လို့ ပြောထားတာ ရှိပါတယ်။ ဒါကြောင့် ကျွန်မတို့အားလုံး ပူးပေါင်း ဆောင်ရွက်မှာပါ။ အခု စလုပ်နေပြီဆိုပေမယ့် ဒီဒေသမှာက ပစ္စည်းတွေသယ်ယူဖို့ သွားရေးလာရေးရှိမယ်။ အိမ်ဆောက်တဲ့ နေရာမှာအမိုး၊ အမိုးဒိုင်း၊ ပြတင်းပေါက်၊ သံချောင်းတို့ကို သယ်ရမယ်။ အုတ်ကတော့ ဒီဒေသမှာ ဖုတ်တယ်ဆိုတော့ ဒီကပဲယူသုံးမယ်။ အုတ်မလောက်ရင်တော့ ကွန်ကရစ်အုတ်ပါထုတ်လုပ်မယ်။ တတ်နိုင်သမျှ အမြန်ပြီးစီးအောင် ဆောင်ရွက်မှာ ဖြစ်ပေမယ့် ဒီမှာက အလုပ်သမားရှားပါးမှုရှိတယ်။ ဒေသခံ အလုပ်သမား ရှားတဲ့အတွက် ပို့ပေးဖို့ကလည်း သွားရေးလာရေး ခက်ခဲတဲ့အတွက် အဲ့ဒီပေါ်မှာ မူတည်ပြီး အချိန်ကာလ အပြောင်းအလဲ ရှိပါမယ်။

**မေး ။ ။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေနဲ့ အခု ဆောက်လုပ်ပေးမယ့် မြို့တိုင်းရင်းသား ကျေးရွာသစ်အပြင် မောင်တောဒေသမှာ ဘာတွေများ ဆက်လက်ကူညီ ဆောင်ရွက်ပေးဖို့ ရှိပါသလဲ။**

ဖြေ ။ ။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ မွန်ပြည်နယ်အစိုးရအဖွဲ့ ပူးပေါင်းပြီး ပန်းတောပြင်မှာလည်း အိမ် ၂၂ လုံး ဆောက်လုပ်ပေးဖို့ရှိပါတယ်။ သူကတော့ မြို့နဲ့နီးတဲ့အတွက် အခြားအရာတွေ မပါပါဘူး။

**မေး။ ။ ဆောက်လုပ်ပေးမယ့် နေအိမ်ရဲ့အကျယ်အဝန်း သိချင်ပါတယ်။**

ဖြေ ။ ။ အိမ်မကြီးက ၂၄ ပေ × ပေ ၂၀၊ နောက်ဘက်မှာ မီးဖိုချောင်က ၆ပေ×ပေ၂၀ နဲ့ အိမ်ရှေ့မှာ ဖိနပ်ချွတ်က ၆ ပေ × ပေ ၂၀ ပါ။ နောက် ခြံဝင်းထဲမှာ ရေချိုးခန်း၊ အိမ်သာသတ်သတ် ပါပါသေးတယ်။



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော် မြို့ကျေးရွာသစ် ဆောက်လုပ်မည့်နေရာအား ကြည့်ရှုစဉ်။

**မေး ။ ။ အခုလို ဆောင်ရွက်ပေးရတဲ့အပေါ် ဘာများပြောချင်ပါသေးသလဲ။**

ဖြေ ။ ။ မြို့တိုင်းရင်းသားဆိုတာ ကိုယ့်တိုင်းရင်းသားတွေပါ။ အခုလို ဆောင်ရွက်ပေးရတာကို ဝမ်းသာတယ်။ အခု ငွေလှူလိုက်ရင်ပြီးရော၊ အဆောက်အအုံတွေ ဆောက်ပေးလိုက်ရင်ပြီးရောဆိုတာမျိုး မဟုတ်ဘဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လမ်းညွှန်ချက်အတိုင်း သူတို့နေရမယ့် အိမ်အပြင် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အလုပ်အကိုင် အခွင့်အလမ်းတွေ ဆောင်ရွက်ပေးသွားမယ်။ နောက်ထပ် လှူဒါန်းသူရှိရင် ရှိသလိုမျိုး ပရိဘောဂကအစ ဆောင်ရွက်ပေးသွားမှာပေါ့။

**ဦးစံထွန်း (ဥက္ကဋ္ဌ)**
**ကိုင်းကြီး(မြို့)ရွာ**

**မေး။ ။ အရင်က ဘယ်မှာနေပါသလဲ။ ဒီမှာရွာသစ်တည်ဖို့ တောင်းဆိုဖြစ်တဲ့ အကြောင်းလေး ပြောပြပါ။**

ဖြေ ။ ။ ကျွန်တော်တို့ ကိုင်းကြီး (မြို့) ရွာဆိုတာ တောထဲမှာပဲရှိတာ။ မေယုသစ်တော ကြိုးဝိုင်းထဲမှာပဲ နေတာ။ အဲဒီမှာ မြို့ဓလေ့ ထုံးစံအတိုင်း ဘိုးစဉ်ဘောင်ဆက် တောင်ယာပဲ လုပ်ကိုင်စားသောက်တယ်။ ကွန်ကရစ် ကားလမ်းနဲ့ နှစ်မိုင်ခွဲလောက်ဝေးတယ်။ ဒီကားလမ်းနားမှာက ကိုင်းကြီး ရခိုင်ရွာပဲရှိတာ။ ကျွန်တော်တို့ ကိုင်းကြီး မြို့ရွာမှာက ဩဂုတ်လ ၃ ရက်တုန်းက လူရှစ်ယောက် အသတ်ခံရတယ်။ အဲဒါတွေ တင်ပြလို့ အခုက ကွန်ကရစ် ကားလမ်းနဲ့နီးတဲ့ နေရာမှာ အိမ်ဆောက်ပေးတာပါ။

**မေး ။ ။ လက်ရှိ ဘယ်လိုနေထိုင်လဲ။ အခုဒီမှာဆောက်နေတဲ့ အိမ်တွေက ဘယ်အချိန်မှာ ပြီးမယ် ပြောပါသလဲ။**

ဖြေ ။ ။ ဩဂုတ် ၂၅ ရက် အကြမ်းဖက် ဖြစ်စဉ်ကြောင့် ကျွန်တော်တို့ ဘူးသီးတောင်ကို ထွက်ပြေးရတယ်။ နောက်ပြန်လာတယ်။ ရွာကိုလည်း မပြန်ရဲတာနဲ့ ဒီနားမှာ တဲထိုးပြီးနေကြတယ်။ အခု အိမ်တွေကို တစ်လ နှစ်လအတွင်းမှာတော့ ပြီးစီးအောင် အကောင်အထည်ဖော်မယ်လို့ ပြောပါတယ်။

**မေး ။ ။ စာသင်ကျောင်းပါ ဆောက်မယ်ဆိုတော့ အရင်ကရော စာသင်ကျောင်း ရှိသလား၊ ကျောင်းသား ဦးရေဘယ်လောက် ရှိသလဲ။**

ဖြေ ။ ။ အရင်ရွာဟောင်းမှာက ကျောင်းကို သစ်၊ ဝါးခုတ်ပြီး ကိုယ်ထူကိုယ်ထ ဆောက်ထားတာပါ။ ကျောင်းသား ၄၂ ယောက် ရှိတယ်။ ကျောင်းဆရာကိုတော့ စပါးပေးပြီးငှားတယ်။ အစိုးရမူလတန်းကျောင်းနဲ့ တွဲဖက်ပြီး ရွာထဲမှာသင်တယ်။ မူလတန်းကျော်သွားပြီဆိုရင် ၃ မိုင် ပရဟိတကျောင်းကိုသွားပို့တယ်။ ကျွန်တော်တို့ မြို့တိုင်းရင်းသားတွေ အဲဒီမှာအကုန်ရှိတယ်။

**မေး ။ ။ လက်ရှိ စားသောက်နေထိုင်မှုကို ပြောပြပါဦး။**

ဖြေ ။ ။ လက်ရှိမှာတော့ လုပ်ကိုင် စားသောက်မှု မရှိသေးဘူး။ ကျွန်တော်တို့ကို ကြက်ခြေနီအသင်းနဲ့ ရခိုင်အဖွဲ့အစည်းတွေက ကယ်ဆယ်ရေးအနေနဲ့ ဆန်ပေးတယ်။ ဆီပေးတယ်။ ဆားပေးတယ်ပေါ့။ ကျွန်တော်လည်း မအားသေးလို့ပါ။ ကျွန်တော်တို့က တောထဲမှာပဲ နေတယ်။ မြေပြန့်ကိုလည်း မရောက်ဖူးသေးတော့ ပညာရေး၊ ကျန်းမာရေး အရာရာ အဘက်ဘက်မှာ နောက်ကျခဲ့ရတဲ့ သူတွေ ဖြစ်တယ်။ အခုလို လုပ်ဆောင်ပေးတဲ့အတွက် တစ်ရွာလုံးက ဝမ်းသာနေပါတယ်။ အထူး ကျေးဇူးတင်နေပါတယ်။

**ဦးအောင်ထိုက်**
**ကိုင်းကြီး မြို့ကျေးရွာသစ် ဆောက်လုပ်ရေးတာဝန်ခံ**

**မေး ။ ။ ကိုင်းကြီးမြို့ကျေးရွာသစ်အတွက် ဘယ်လိုကဏ္ဍကနေ တာဝန်ယူနေတယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မောင်တော၊ ကိုင်းကြီးရွာ မြို့တိုင်းရင်သားတွေ နေထိုင်ရေးအတွက် အိမ်ရာ အဆောက်အအုံတွေ၊ ဆောက်လုပ်ရေး လုပ်ငန်းတွေ လုပ်ငန်း မြန်ဆန်ပြီးစီးဖို့အတွက် တာဝန်ခံတစ်ယောက်အနေနဲ့ ဆောင်ရွက်နေပါတယ်။

**မေး။ ။ အခုလို တာဝန်ယူ တည်ဆောက်ပေးနေတော့ ဘယ်အချိန်လောက်မှာ ပြီးစီးနိုင်မယ်လို့ မျှော်လင့်ထားပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ကတော့ မြန်မြန်ဆန်ဆန် ပြီးလေကောင်းလေပါပဲ။ အဲဒီအတွက် လုပ်ငန်းသုံးပစ္စည်းတွေ လုပ်ငန်းသုံး ယန္တရားတွေ၊ ဆောက်လုပ်ရေးလုပ်သားတွေ အင်အားများများ သုံးပြီးတော့ ဆောက်လုပ်ဖို့ ရည်ရွယ်ထားပါတယ်။ သယ်ယူပို့ဆောင်ရေး အလှမ်းဝေးတာ တစ်ခု၊ လုပ်ငန်းသုံးပစ္စည်းတွေ အချိန်မီရောက်ရှိရေးတစ်ခု၊ ဆောက်လုပ်မယ့် မြေပြင်ရဲ့ အနေအထားရဲ့ အခြေအနေပေါ် မူတည်ပြီး ဆောက်လုပ်ရမှာဖြစ်တာကြောင့် အချိန်ကာလအတိအကျ မပြောနိုင်ပေမယ့် မိုးမကျမီ အမိုးအကာအောက် ရောက်တဲ့အထိကို ကြိုးစားဆောင်ရွက်ပါမယ်။ မြန်လေကောင်းလေပါ။ ကျွန်တော်တို့က ဆောက်လုပ်ရေးလုပ်သားတွေ စခန်းသွင်း ဆောင်ရွက်မှာ ဖြစ်တဲ့အတွက် အချိန်ကြာရင် စရိတ်များတယ်။ ဒါကြောင့် မြန်မြန်ဆန်ဆန်ဆောက်ဖို့ ရည်ရွယ်ထားပါတယ်။



ကိုင်းကြီး မြို့ကျေးရွာသစ်တွင် ဆောက်လုပ်ပေးမည့် အိမ်ပုံစံ

စာမျက်နှာ ၁၁ သို့



# UEHRD စီမံကိန်းလုပ်ငန်းများအတွက် ငွေလှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၅**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ၏ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၊ သစ်အခြေခံပရိဘောဂအသင်း၊ သစ်အခြေခံ အနုပညာအသင်း၊ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များ အသင်းတို့က လှူဒါန်းငွေကျပ် ၂၁၉၆၁၀၀၀ ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ယနေ့ညနေပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ် လှူဒါန်းရာ UEHRD ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဓါတ်ပုံ)

**သတင်းစဉ်**

# ရခိုင်ပြည်နယ် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များ ရှင်းလင်းပွဲကျင်းပ

**စစ်တွေ နိုဝင်ဘာ ၁၅**

ရခိုင်ပြည်နယ် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များ ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင်ပြည်နယ် ဝန်ကြီးများနှင့် ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းအဖွဲ့ကိုးဖွဲ့မှ ကိုယ်စားလှယ်များနှင့် ပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မတီပူးတွဲ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက အမှာစကားပြောကြားသည်။

ဆက်လက်၍ (UEHRD) ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်က ပုဂ္ဂလိကလုပ်ငန်း အဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးတွင် ပါဝင်ကူညီခြင်းဖြစ်ကြောင်း၊ Task Forces ကိုးခုဖြင့် ဆောင်ရွက်ရာတွင် အောင်မြင်မှုလည်းရှိပြီး အခက်ခဲများလည်းရှိနိုင်ကြောင်း ရခိုင်ပြည်နယ်အတွက် တတ်နိုင်သမျှ ကူညီပူးပေါင်းပါဝင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အလုပ်ဖြင့် သက်သေပြလိုကြောင်း၊ အတိတ်ကို ပြောမနေဘဲ အနာဂတ်အတွက် ပူးပေါင်းပြီး ဖန်တီးဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များနှင့် ပတ်သက်၍ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ရှင်းလင်းတင်ပြသည်။



ထို့နောက် တက်ရောက်လာကြသော လုပ်ငန်းအဖွဲ့များက ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ စီးပွားရေးဇုန်ဖွံ့ဖြိုးရေး၊ ဘဏ္ဍာရေး စုဆောင်းရေး (Crowed Funding)၊ ခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်ရေး ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ဆက်သွယ်ရေးနှင့် ပြန်ကြားရေး၊ အလုပ်အကိုင်ဖန်တီးရေးနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်လှစ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် အသေးစား ငွေကြေးထောက်ပံ့မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**ဝင်းမင်းစိုး(မြန်/ဆက်)**

# စက်မှုလယ်ယာဦးစီးဌာန ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကြီးကန်းပြင်၊ သီဟိုဠ်ကျွန်းကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁၄ ရက်အထိ စုစုပေါင်း ၁၀၀၈ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကွီ်တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံကျေးရွာများ၌ စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁၄ ရက်အထိ စုစုပေါင်း ၁၃၂ ဧကကို ရိတ်သိမ်းပြီး ဖြစ်သည်။



မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်းကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ၁၄ ရက်အထိ စုစုပေါင်း ၉၁ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

မင်းပြားမြို့နယ် အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်သိုက်ကျေးရွာများနှင့် ဦးစိုးတင့် ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ၁၄ ရက်အထိ စုစုပေါင်း ၃၆ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ် အတွင်းရှိ ပုဏ္ဏားနှင့် လမ်းမတော်ကျေးရွာများတွင် စက်မှု လယ်ယာဦးစီးဌာနမှ ရိတ်သိမ်း ခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ စုစုပေါင်း ၂၉ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ် အတွင်းရှိ ချိန်ခါလိန်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ စုစုပေါင်း ၅၅ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ် အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ စုစုပေါင်း ၈၂ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

မောင်တောမြို့နယ်၌ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ဥဒေါင်းကျေးရွာတွင် နွားနှစ်ကောင်၊ ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ နန်အောင်မြေကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရပတ်ဝန်းကျင်ရှိ ဖားစပ်ချောင်းကျေးရွာတွင် နွားတစ်ကောင်၊ ဆိတ်နှစ်ကောင်တို့အား ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားသုံးကောင်အား ကာကွယ်ကုသပေးခြင်း၊ ဆိတ်လေးကောင်တို့အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၂၈၁ ကောင်တို့အား ကာကွယ်ကုသဆေး ထိုးနှံပေးခြင်း၊ ဆိတ် ၆၃၆ ကောင်တို့အား ဆေးကုသပေးခဲ့ပြီး ဖြစ်သည်။

မောင်တောမြို့နယ်ရှိ တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့မှ စခန်းပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ဥဒေါင်း(တိုင်းရင်းသား) ကျေးရွာ၊ နန်အောင်မြေ(တိုင်းရင်းသား)ကျေးရွာနှင့် ဖားစပ်ချောင်း (တိုင်းရင်းသား)ကျေးရွာတို့ ကွင်းဆင်းဆောင်ရွက်ခဲ့ရာတွင် ပိုင်ရှင်မဲ့ ကျွဲ၊ နွားများ မတွေ့ရှိပါကြောင်းနှင့် စခန်းအနီးပတ်ဝန်းကျင်ကျေးရွာများ၌ တွေ့ရှိသော ပိုင်ရှင်ရှိ နွား၊ ဆိတ်များအား ဆေးကုသ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

**မေး ။ ။ ဆောက်လုပ်ပေးမယ့် ပုံစံနဲ့ ရွာအနေအထားကို ပြောပေးပါဦး။**

ဖြေ ။ ။ ပေ ၄၀× ၆၀ မြေကွက်ပေါ်မှာ ရာသီဥတုဒဏ် ခံနိုင်တဲ့ဒေသနဲ့ ကိုက်ညီတဲ့ ပုံစံတွေနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပေးတဲ့ ပုံစံအတိုင်း တည်ဆောက်မှာပါ။ လမ်းကိုလည်း သတ်မှတ်ထားတာက ရွာအဝင်လမ်း ပေ ၆၀ ၊ ရွာပတ်လမ်းပေ ၅၀ ပါ။ ရွာအဝင်လမ်းနဲ့ ရွာပတ်လမ်းတွေပေါ်မှာ မိုးတွင်းကာလ ရေမမြုပ်အောင်၊ ရေစီးရေလာက ရွာကို အနှောင့်အယှက်မပေးနိုင်အောင် ကျွန်တော်တို့က တိုင်ပင်ပြီး ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ကျေးရွာအင်္ဂါရပ်နဲ့ ညီအောင် ဘယ်လိုအရာတွေပါ ထည့်သွင်းတည်ဆောက်မလဲဆိုတာ ဖြေကြားပေးပါဦး။**

ဖြေ ။ ။ ကနဦးအနေနဲ့ မြို့တိုင်းရင်းသားတွေ အေးအေးချမ်းချမ်းနေထိုင်ဖို့ ပထမအဆင့် ရည်ရွယ်ပါတယ်။ နောက်ထပ် လူကြီးတွေက ဆေးပေးခန်း၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းတွေပါ ထည့်သွင်းပေးသွားမယ်လို့ သိရပါတယ်။ ကျွန်တော်တို့က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကိုယ်စား လာပြီးဆောင်ရွက်ပေးတာပါ။ ဒီအပေါ်မှာ အကျိုးအမြတ်အတွက် မရည်ရွယ်ပါဘူး။ အထူးသဖြင့် ကျွန်တော်တို့က ဒေသခံအနေနဲ့ လုပ်ငန်းမြန်မြန်ဆန်ဆန် ပြီးအောင်နဲ့ နေထိုင်မယ့် မြို့တိုင်းရင်းသားတွေ မြန်မြန်ဆန်ဆန် နေထိုင်နိုင်အောင်အတွက်ပဲ ရည်ရွယ်ပါတယ်။ လက်ရှိမှာတော့ မောင်တောခရိုင် အုပ်ချုပ်ရေးမှူး အစီအစဉ်နဲ့ ဒီနားက ကားလမ်းဘေးမှာ နေပါတယ်။

**မေး ။ ။ ပန်းတောပြင်မှာ အိမ်ခြေ ၂၂ လုံး ဆောက်လုပ်ပေးမယ်ဆိုတာ သိရပါတယ်။ အဲဒါကရော ခင်ဗျာ။**

ဖြေ ။ ။ ပန်းတောပြင်မှာက ဆက်ပြီး ဆွေးနွေးဆဲပါ။ လုံခြုံရေးအခြေအနေအရ ကျွန်တော်တို့ကိုယ်တိုင်လည်း သွားရောက်ပြီး အနီးကပ် မကြီးကြပ်နိုင်တာကြောင့် အခြေအနေကို တိတိကျကျ ပြောလို့မရပါဘူး။ လုံခြုံရေး မပါဘဲနဲ့ သွားလို့မရဘူး။

*(ကျေးဇူးပါခင်ဗျာ)*

**သတင်းအဖွဲ့၊ ဓာတ်ပုံ-ဖိုးထောင်**



ကိုင်းကြီး မြို့ ကျေးရွာသစ် ချထားပေးမည့် မြေနေရာအားရှင်းလင်းနေစဉ်။

# တောင်ငူမြို့ သမိုင်းဝင် မြတ်စောညီနောင်ဘုရား နောင်တော်စေတီမှ စိန်ဖူးတော် ပျောက်ဆုံး

**တောင်ငူ နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏ အရှေ့ဘက် ခုနစ်မိုင်ခန့်အကွာ ဒိုးသောင်ကျေးရွာရှိ သမိုင်းဝင်မြတ်စောညီနောင်ဘုရား နောင်တော်စေတီမှ စိန်ဖူးတော်ပျောက်ဆုံးကြောင်း နိုဝင်ဘာ ၁၅ ရက်က တောင်ငူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အဆိုပါစေတီမှ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား အသစ်ပြန်လည်ပြုပြင်ရန် စေတီမှဖြုတ်ချစဉ် ပျောက်ဆုံးနေကြောင်း သိရ၍ သက်ဆိုင်ရာမှ သွားရောက်စစ်ဆေးရာ ထီးတော်ထိပ်ရှိ နီလာဖြူ သလင်းစိန်ဖူးတော်တစ်ဖူး၊ စိန်အဝိုင်းလေးလုံး၊ စိန်ချူးစွဲလေးလုံး၊ စိန်နားကပ်အရံစိန်ခြယ်ကွင်း၊ ရွှေကြာမောက်၊ ရွှေကြာလန် ၂၅ ကျပ်သား၊ ရွှေခေါင်းလောင်းငါးလုံး ၁၃ ကျပ်သား ဝန်းရံပါရှိသည့် တန်ဖိုးမခန့်မှန်းနိုင် ပျောက်ဆုံးနေကြောင်း သိရသည်။

အဆိုပါ စိန်ဖူးတော်ကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၃၁ ရက်က ထီးတော်ပြုပြင်ရန် ဖြုတ်ချစဉ်ကတည်းက ပါရှိခြင်းမရှိကြောင်း၊ ထီးတော်တင်စဉ်ကလည်း မရှိသည့်အတွက် ရှိ မရှိ မသိရှိကြောင်း မြတ်စောညီနောင်ဂေါပကအတွင်းရေးမှူး ဦးထွန်းထွန်းက ပြောကြားခဲ့ပြီး စိန်ဖူးတော်ပျောက်ဆုံးနေသည်မှာ မည်သည့် အချိန်ကာလက ပျောက်ဆုံးနေသည်ကို အသေအချာမသိရှိကြောင်း ဂေါပကဥက္ကဋ္ဌ ဦးမောင်မောင်က ရှင်းပြခဲ့သည်။

အဆိုပါ ပျောက်ဆုံးနေသည့် စိန်ဖူးတော်မှာ လုံးပတ်ခြောက်လက်မခန့်၊ အမြင့်ကိုးလက်မခန့်ရှိပြီး တောင်ငူမြို့နေ လုပ်ငန်းရှင်တစ်ဦးက လှူဒါန်းထားခြင်းဖြစ်ကာ စိန်ဖူးတော်မှာ ၂၅ ရတီခန့်ရှိကြောင်း၊ ငွေကျပ်သိန်းပေါင်းများစွာ တန်ဖိုးရှိကြောင်း၊ မြန်မာမှုပြုသူပညာရှင် ဦးသန်းဝင်းနှင့် ဦးဖိုးတိုးတို့က ရှင်းပြသည်။ သမိုင်းဝင်မြတ်စောညီနောင်ဘုရားမှာ သာသနာတော်နှစ် ၂၃၀ ဝန်းကျင်ခန့်က မြတ်လုနှင့် စောလုအမွှာညီအစ်ကိုနှစ်ဦး တည်ထားကိုးကွယ်ခဲ့ပြီး အမွှာညီအစ်ကိုတို့၏ အမည်များကိုအစွဲပြုကာ နောင်တော်စေတီ၊ ညီတော်စေတီဟု တည်ထားခဲ့ပြီး နောင်တော်စေတီမှ စိန်ဖူးတော်ပျောက်ဆုံးနေခြင်း ဖြစ်သည်။



သမိုင်းဝင် မြတ်စော ညီနောင် စေတီ၏ ထီးတော်ကို တွေ့ရစဉ်။

မြတ်စောညီနောင်ဘုရားကြီး နောင်တော်စေတီ စိန်ဖူးတော်အား ခိုးယူသွားသူအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် ဦးမောင်မောင်က တရားလိုပြု တိုင်းတန်းထားပြီး သက်ဆိုင်ရာက အမှုဖွင့်အရေးယူစုံစမ်းလျက်ရှိကြောင်း သိရသည်။ **သူရ(တောင်ငူ)**

# မြဝတီမြို့နယ်၌ WY စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ သေနတ်တစ်လက် သိမ်းဆည်းရမိ

**သဃ်န်းညီနောင် နိုဝင်ဘာ ၁၅**

ကရင်ပြည်နယ် မြဝတီမြို့နယ် ဝေ့ရှမ်းကျေးရွာ၌ နိုဝင်ဘာလ ၁၄ ရက်နေ့ မွန်းလွဲပိုင်းက သဃ်န်းညီနောင် နယ်မြေရဲစခန်းမှူး ဦးစီးသည့် ပူးပေါင်းအဖွဲ့များဖြင့် မူးယစ်ဆေးဝါး ရောင်းချသူတစ်ဦးအား ဖမ်းဆီးရမိစဉ် စစ်ဆေးပေါ်ပေါက်ချက်အရ တစ်ဆင့်ရောင်းချ ပေးခဲ့သူအား မူးယစ်ဆေးဝါးများအပါအဝင် လုပ်သေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သဃ်န်းညီနောင်နယ်မြေရဲ စခန်းမှူး ရဲအုပ်မြဝင်းဦးစီးသည့် ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရသက်သေများနှင့်အတူ မြဝတီမြို့နယ် ဝေ့ရှမ်းကျေးရွာ ၇ ရပ်ကွက်နေ လှမင်းဇော် (၃၉ နှစ်)၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၁၉၂ ပြား၊ အလေးချိန် ၁၉ ဂရမ်ခန့် ကာလတန်ဖိုး ငွေကျပ် ၅၇၆၀၀၀ ခန့်အား သိမ်းဆည်းရမိခဲ့သည်။

ပူးပေါင်းအဖွဲ့မှစစ်ဆေးပေါ်ပေါက်ချက်အရ မြဝတီမြို့နယ် ရွာသစ်ကျေးရွာ ၉၀၁ ဝင်းနေ စိုးမောင်(ခ)အစိုး (၄၄နှစ်) နေအိမ်အား ဝင်ရောက်ရှာဖွေရာမှ စိုးမောင်(ခ) အစိုးအား နေအိမ်တွင် အသင့်တွေ့ ရှိရပြီး ၎င်း၏ခါးကြားတွင် ထိုးထား သောသေနတ်ဖြင့် ဖမ်းဆီးရေးအဖွဲ့အား ပစ်ခတ်ခုခံရန် ပြုလုပ်သဖြင့် ပူးပေါင်း အဖွဲ့မှ လုံးထွေးဖမ်းဆီးခဲ့ပြီး ရှာဖွေစစ်ဆေးခဲ့ရာ ပွိုင့် ၂၂ ကျည်ဖြင့် ပစ်ခတ်ရသည့် ခြောက်လုံးပြူးသေနတ်ပုံစံ လုပ်သေနတ်တစ်လက်၊ ပွိုင့် ၂၂ ကျည် ခုနစ်တောင့်၊ မူးယစ်ဆေးဝါးသယ်ဆောင်ရာတွင် အသုံးပြုသည့် 9L/---- နံပါတ်တပ် VIGO အမျိုးအစား၊ အမဲရောင်ယာဉ်တစ်စီးနှင့် ယာဉ်အတွင်းမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၂၁၅၃ ပြား အလေးချိန် ၂၁၅ ဒသမ ၁ ဂရမ်နှင့် ICE အဖြူရောင်အခဲ ၂၆၂ ဒသမ ၅ ဂရမ် ကာလတန်ဖိုးငွေကျပ် သိန်း ၂၁၀ ခန့်အား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိ ခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်ပြီး မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ လှမင်းဇော်နှင့် တစ်ဆင့်ရောင်းချခဲ့သူ စိုးမောင်(ခ)အစိုးတို့နှစ်ဦးကို သဃ်န်းညီနောင်နယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၅**



တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၁၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် အစီး ၉၅၀ ၊ သွင်းကုန် ၉၃၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၅ စီး၊ သွင်းကုန် ၈၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၅၆၀သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၆၀၅ သန်းခန့် စုစုပေါင်း တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄ ဒသမ ၁၆၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၁၄ ရက်တွင် ရန်ကုန်သို့သွားရောက်မည့် NISSAN ခြောက်ဘီးယာဉ်တစ်စီးအား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် NISSAN ခြောက်ဘီးခေါင်း Without Engine Without Frame (1)U, FUSO ခြောက်ဘီးခေါင်း Without Engine Without Frame(1)U နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လူမှုမီဒီယာမှတစ်ဆင့် သမီးရည်းစားဖြစ်ကာ ချိန်းတွေ့စဉ် စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၁၅**



စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် နဘဲကျေးရွာသွားလမ်း ပဲစင်းငုံအခင်း၌ နိုဝင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီက လည်ပင်းတွင် ဓားနှင့်လှီး အသတ်ခံရသော အမျိုးသမီးအလောင်းတစ်လောင်း တွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၏ စစ်ဆေးစုံစမ်းမှုအရ သေဆုံးသူမှာ ညောင်မြစ်ကျေးရွာနေ မလဲ့လဲ့သင်း (၁၅နှစ်) ဖြစ်ကြောင်းနှင့် ပြစ်မှု ကျူးလွန်သူမှာ ဝက်လက် မြို့နယ် ကျီးကန်တောင်ရွာနေ ဟန်ဦး (၄၀နှစ်)ဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မလဲ့လဲ့သင်းနှင့် ဟန်ဦးတို့သည် လွန်ခဲ့သော သုံးလခန့်ကစ၍ လူမှုမီဒီယာမှတစ်ဆင့် ချစ်သူဖြစ်ခဲ့ကြောင်း၊ မလဲ့လဲ့သင်းနှင့် မကြာခဏ ချိန်းဆိုပြီး နိုဝင်ဘာ ၂ ရက်က မလဲ့လဲ့သင်းက ၎င်းတွင် ကိုယ်ဝန်ရှိကြောင်း ပြောသဖြင့် စကားများရန်ဖြစ်ကြပြီး ဟန်ဦးက ၎င်းတွင် အသင့်ပါလာသော ကော်ရိုးအနက်တပ် ကိုးလက်မခန့်ရှိ စတီးဓားဖြင့် လည်ပင်းလှီးဖြတ် သတ်ခဲ့ကာ မလဲ့လဲ့သင်း၏ လက်ဝတ်ရတနာများနှင့် CZI-125 နက်ပြာရောင် ဆိုင်ကယ်အား ယူဆောင်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ပြစ်မှုကျူးလွန်သူအား ဥပဒေအရ စစ်ဆေးအရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူမှုမီဒီယာပေါ်မှ ပုံများတင်၍ မိန်းကလေး၏ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုလုပ်သူကို အရေးယူ

**မိတ္ထီလာ နိုဝင်ဘာ ၁၅**

မလှိုင်မြို့နယ်၌ လူမှုကွန်ရက် စာမျက်နှာပေါ်မှနေ၍ ဓာတ်ပုံများတင်ကာ ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် ပြုလုပ်မည်ဟု သမီးရည်းစားဟောင်း မိန်းကလေးအား ခြိမ်းခြောက်သူကို နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက ဆက်သွယ်ရေးဥပဒေဖြင့် ဆည်တိုတိုက်နယ် ရဲစခန်းက အမှုဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၄ ရက် ညနေ ၅ နာရီက တရားခံဖြစ်သူ အောင်ကျော်ဦး(၂၄နှစ်) တောင်ရိုးတဲကျေးရွာ လယ်ဗျားကျေးရွာအုပ်စုနေသူသည် ဖေ့စ်ဘုတ်ခ် လူမှုကွန်ရက် စာမျက်နှာပေါ်မှနေ၍ တရားလိုဖြစ်သူ၏ ဓာတ်ပုံများအား ဂုဏ်သိက္ခာ ညှိုးနွမ်းစေရန် တင်ထားကြောင်း၊ ဆက်သွယ်ရန် ဖုန်းနံပါတ်ကိုလည်း ထည့်သွင်းထားကြောင်း၊ ၎င်းတို့နှစ်ဦးသည် ဇန်နဝါရီ ၉ ရက်မှ စတင်၍ သမီးရည်းစား ပြတ်စဲခဲ့စဉ် ဗိုက်ဘာဖြင့် ဆက်သွယ် ခြိမ်းခြောက်ခဲ့ပြီး ဖေ့စ်ဘုတ်ခ်လူမှုကွန်ရက် စာမျက်နှာအား အသုံးပြုကာ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုလုပ်သည့် အောင်ကျော်ဦးအား အရေးယူပေးပါရန် တိုင်တန်းခဲ့သဖြင့် ဆည်တိုတိုက်နယ်ရဲစခန်းက အမှုဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ပုသိမ်မြို့၌ တိုက်ဟောင်းဖျက်ချသည့်လုပ်သား အုတ်နံ့ရံပိ သေဆုံး

**ပုသိမ် နိုဝင်ဘာ ၁၅**



ပုသိမ်မြို့ ၃ ရပ်ကွက် သိမ်တော်ကြီးလမ်း မြို့သစ်ဈေးအနီး၌ နှစ်ထပ်တိုက်ဟောင်းတစ်လုံးကို အသစ်တည်ဆောက်ရန် ဖြိုချဖျက်ဆီးရာက လုပ်သားတစ်ဦး အုတ်နံ့ရံပိကျ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုသိမ်မြို့ သိမ်တော်ကြီးလမ်းမြို့သစ် ဈေးအနီးနေ ဦးဒွေးအောင် (၄၇ နှစ်)သည် Toplight အမည်ရှိ ဆိုင်ကယ် အပိုပစ္စည်းဆိုင် ဖွင့်လှစ်ထားသော အမှတ် ၉၆ D/RC နှစ်ထပ်တိုက်ဟောင်းကို ခိုင်ခံ့မှု မရှိသဖြင့် နိုဝင်ဘာ ၁၄ ရက် နံနက် ၈ နာရီက အသစ် တည်ဆောက်ရန်အတွက် အဆောက်အအုံအား ဖြိုချဖျက်ဆီးပေးရန် လုပ်အားခငွေကျပ် တစ်သိန်းဖြင့် ဦးသန့်ဇော် (၃၅ နှစ်)နှင့် ဦးအောင်လေး (၃၂ နှစ်)တို့နှင့်အတူ ကျော်ကျော် (၂၃ နှစ်)အမှတ် ၁၄ ရပ်ကွက် ပန်းဆက် ၁၉ လမ်းနေသူတို့ သုံးဦးကို ငှားရမ်းလုပ်ကိုင်ခဲ့ကြောင်း၊ ယင်းအဆောက်အအုံမှာ မူလက ဆောက်လုပ်ထားမှု စံချိန်စံညွှန်းမညီမှု၊ ဖောင်ဒေးရှင်း ခိုင်ခံ့မှုမရှိမှုတို့ကြောင့် ဦးသန့်ဇော်နှင့် ဦးအောင်လေးတို့က အပေါ်ထပ် မဖျက်ရဲဘဲ အောက်ခြေမှစတင်၍ ထုရိုက်ဖျက်ဆီးပြီး ကျော်ကျော်အား အပေါ်ထပ် ကြိုးဆိုင်းများကို အဆောက်အအုံအပြင်မှ ကြိုးဆွဲဖျက်ဆီးလျက်ရှိနေရာက ရုတ်တရက် ပြေးဝင်လိုက်ရာ စင်အပေါ် ထပ်နံရံပြိုကျမှုကြောင့် ကြိုးဆိုင်းနေသူ ကျော်ကျော် ဒဏ်ရာများရရှိပြီး ပုသိမ် ဆေးရုံသို့ တင်ပို့ကုသစဉ် ရရှိသော ဒဏ်ရာများဖြင့် သေဆုံးသွားခြင်း ဖြစ်သည်။

ထို့ကြောင့် နှစ်ထပ်တိုက် အဆောက်အအုံကို ပေါ့ဆစွာ ဖျက်ဆီးလုပ်ကိုင်သူ ဦးသန့်ဇော်နှင့် ဦးအောင်လေးတို့အား ပုသိမ်မြို့မရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **ပုသိမ်-လှကြည်**

# ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အခြေခံပညာကျောင်းများ၌ ယနေ့စတင်ထိုးနှံ

"ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ကလေးများအားလုံး ထိုးနှံပေး" ဆောင်ပုဒ်နှင့်အညီ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်ကို ယနေ့နံနက်ပိုင်းမှစတင်၍ မူလတန်း၊ မူလတန်းလွန်၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၊ ဘုန်းတော်ကြီးသင်ကျောင်း၊ ပုဂ္ဂလိကကျောင်း၊ နိုင်ငံတကာကျောင်းတွင် ကာကွယ်ဆေးထိုးစုရပ်များ ဖွင့်လှစ်ပြီး ထိုးနှံပေးလျက်ရှိသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးထိုးနှံခြင်းနှင့် ပတ်သက်၍ အခြေခံပညာကျောင်းများရှိ ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်၍ မြန်မာ့သတင်းစဉ်ကတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားဖော်ပြလိုက်ရပါသည်။

**ဒေါက်တာ ဒေါ်အေးအေးမျိုး**

**(မရမ်းကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး)**

ဒီကနေ့ ကျောင်းအခြေပြုအဆင့် ထိုးနှံပေးတဲ့အခါမှာ အလက(၄) မရမ်းကုန်းကျောင်းမှာဆိုရင် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၈၀၄ ဦး ရှိတဲ့အတွက် မြို့နယ်ကျန်းမာရေးဝန်ထမ်းတွေနဲ့ ကျောင်းဆရာ ဆရာမတွေ၊ ကြက်ခြေနီအဖွဲ့ဝင်တွေအပါအဝင် ဆေးထိုးအဖွဲ့ သုံးဖွဲ့ခွဲပြီး ထိုးနှံပေးနေတာပါ။

ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးက တစ်ကြိမ်ထိုးပြီးတာနဲ့ ၉၅ ရာခိုင်နှုန်းကနေ ၁၀၀ ရာခိုင်နှုန်းအထိ ကာကွယ်ပါတယ်။ တစ်ကြိမ်ထိုးပြီးတာနဲ့ ဒီကလေးအတွက် တစ်သက်လုံး ဒီရောဂါကနေ ကာကွယ်နိုင်ပါတယ်။ ဒါကြောင့် ဒီဆေးထိုးပြီးကြောင်း သက်သေခံကတ်ပြားကို ကလေးတွေကို ပေးထားတာပါ။

ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးက အစွမ်းထက်တယ်။ ထိရောက်ပါတယ်။ ဂျပန်ဦးနှောက်ရောင်ရောဂါကို ရာခိုင်နှုန်းပြည့်နီးပါး ကာကွယ်နိုင်တယ်။ ဒ့ါကြောင့် ၁၅ နှစ်အောက် ကလေးတိုင်း ထိုးဖြစ်အောင် ထိုးပေးသင့်ပါတယ်။

**ဒေါက်တာဒေါ်စုစုအေးဝင်း**

**(ပုဇွန်တောင်မြို့နယ် မိခင်ကလေးကျောင်းကျန်းမာရေး အာဟာရအရာရှိ)**

ဒီဆေးထိုးတဲ့အခါ စတီးရွိုက်ပါတဲ့ဆေးတွေ သောက်နေတဲ့ကလေးတွေ၊ နာတာရှည်ရောဂါဖြစ်နေတဲ့ကလေးတွေ၊ တီဘီဆေးစသောက်နေတဲ့သူတွေ၊ တီဘီဆေးစသောက်ပြီး နှစ်လကျော်ရင် ဒီဆေးထိုးလို့ရပါတယ်။ ခုခံအားကျဆင်းရောဂါဖြစ်နေတဲ့ကလေးတွေဆိုရင် ထိုးလို့မရပါဘူး။ လက်ရှိ ကိုယ်ပူချိန် တအားကြီးနေတဲ့ ကလေးတွေ၊ လောလောဆယ် ဆေးရုံတက်ထားတဲ့ ကလေးတွေဆိုရင် မထိုးပေးသေးပါဘူး။ အဲဒီကလေးတွေကို ရှေ့လ ၁၁ ရက်ကနေ ၂၀ ရက် အတွင်းမှာ ရပ်ကွက်အခြေပြု အစီအစဉ်မှာ ပြန်ထိုးပေးပါမယ်။

**ဒေါ်အေးအေးဝင်း (ကျန်းမာရေးဆရာမ၊ ပုဇွန်တောင်မြို့နယ်၊ ကျန်းမာရေးဌာန)**

ဒီနေ့မှာ ကျွန်မတို့အဖွဲ့အနေနဲ့ ကျောင်းနှစ်ကျောင်းကို ဆေးထိုးပြီးပါပြီ၊ ပထမကျောင်းမှာက ၃၃ ယောက်ထိုးပြီးပါပြီ၊ ဒီကျောင်းမှာ ၂၀၀၊ တစ်နေ့ကို ၂၅၀ နှုန်းနဲ့ ဆေးထိုးရမှာပါ။ မူလတန်းကျောင်းတွေပြီးရင် အလယ်တန်းကျောင်းတွေ အထက်တန်းကျောင်းတွေ ဆက်မယ်။ ကလေးတစ်ယောက်ကို တစ်ခါသုံးအပ် တစ်ချောင်းပဲသုံးတယ်။ ဆေးထိုးတာကတော့ တစ်ပုလင်းကို ငါးယောက်နှုန်းနဲ့ ထိုးတယ်။ အချိန်တွေမှတ်ရတယ်၊ ဆေးပုလင်းနံပါတ် မှတ်ရတယ်။ လော့နံပါတ်တွေ၊ သက်တမ်းကုန်ဆုံးရက်တွေ မှတ်ရတယ်။ ဆရာဝန်က ကလေး ကောင်း၊ မကောင်းကို စစ်ဆေးပေးတယ်။ ကလေး နာစေးနေတယ်၊ ချောင်းဆိုးနေတယ်ဆိုတာကို ကြည့်ပေးထားတယ်။ ပြီးတော့ ထိုးလို့ ရတဲ့ကလေးဆိုလည်း စီနီယာနံပါတ်နဲ့ ရေးထားတယ်၊ လော့နံပါတ်၊ သက်တမ်းကုန်ဆုံးရက်၊ ဘယ်အုပ်စုထဲမှာထိုးတယ်ဆိုတာ အလွယ်တကူ ပြန်ပြီးကြည့်လို့ရတယ်။ ဆေးထိုးပြီးကြောင်း လက်သန်းမှာ ဆေးမှတ်ပေးတယ်။ ပြီးရင် ကလေးကို အနည်းဆုံး နာရီဝက် စောင့်ကြည့်ထားတယ်၊ ဒီနေ့ထိုးတဲ့ ကလေးတွေထဲမှာ ဘာမှဖြစ်တယ်ဆိုတာ မကြားရဘူး။ ကလေးတွေအားလုံးက ဆေးထိုးပြီးလည်း ရွှင်ရွှင်လန်းလန်းနဲ့ ဆော့နေကြတာ တွေ့ရတယ်။



ဒေါက်တာ ဒေါ်စုစုအေးဝင်း



ဒေါ်တင်တင်ဝင်း

**ဒေါ်ခင်မြင့်ယဉ် (မရမ်းကုန်းမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ အမျိုးသမီးတပ်ဖွဲ့ခွဲမှူး)**

ဒီနေ့မှာဆိုရင် ဆေးထိုးမယ့် ကလေးတွေကို မှတ်တမ်းပြုစုတာတွေ၊ ဆေးထိုးပြီးတဲ့ ကလေးတွေကို ဆေးထိုးပြီးကြောင်း အမှတ်အသားပြုလုပ်ပေးတာမျိုးတွေအပြင် ကျန်းမာရေးစောင့်ရှောက်မှုမျိုးတွေ ဆောင်ရွက်ပေးတာပါ။

**ဒေါ်တင်တင်ဝင်း**

**အမက(၆) ပုဇွန်တောင် ကျောင်းအုပ်ဆရာမကြီး**

ဒီဆေးမထိုးခင် ကျောင်းသား ကျောင်းသူတွေကို ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးဖို့ မူလတန်းကျောင်းသားတွေဆိုတော့ တစ်ရက်တည်းပြောရင် မမှတ်မိမှာစိုးတဲ့အတွက် ဟောပြောပွဲနေ့တိုင်း လုပ်ပေးပါတယ်။ တချို့ကလေးတွေက ကြောက်ပြီး မလာမှာစိုးတဲ့အတွက် ဒီဆေးက မဖြစ်မနေထိုးရမယ့်ဆေး ဖြစ်တယ်ဆိုတာရယ် ဒီဆေးကိုမထိုးခဲ့ရင် နောက်ဆက်တွဲဆိုးကျိုးတွေ ဘယ်လိုဖြစ်လာမယ်ဆိုတာကို ပြောပြပါတယ်။ ဒ့ါကြောင့် ဒီနေ့ ကျောင်းသား ပြည့်ပြည့်စုံစုံ လာကြပါတယ်။ ကျောင်းမှာ ကျောင်းသားဦးရေ ၂၀၄ ယောက်ရှိပါတယ်။ ပျက်ကွက်တဲ့ ကျောင်းသားလေးယောက်က လောလောဆယ် နေမကောင်းဖြစ်နေတဲ့အတွက် ဆေးလာမထိုးနိုင်ပါဘူး။

**နော်ခရေဝင်းသန်း (ကျောင်းသားမိဘ) အမက(၆) ပုဇွန်တောင်**

ကျွန်မ ကလေးကို ကာကွယ်ဆေးမှန်သမျှ ငယ်ငယ်လေးကတည်းက ထိုးပေးတယ်။ ကာကွယ်ဆေးဆိုတာ လိုအပ်လို့ထိုးခိုင်းတာပါ။ ထိုးတာအကောင်းဆုံးပါ၊ ကာကွယ်ဆေးထိုးထားတော့ အဲဒီရောဂါနဲ့ ပတ်သက်တဲ့ နောက်ဆက်တွဲဆိုးကျိုးတွေ မဖြစ်တော့ဘူး။ မထိုးခဲ့ရင် အန္တရာယ်များပါတယ်။ ဆေးမထိုးခင် ကျောင်းသားတွေကို လက်ကမ်းစာစောင်ပေးတယ်။

**ဒေါ်အေးအေးသင်း**

**(ကျောင်းသားမိဘ) အလက(၄)မရမ်းကုန်း**

ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးဆိုတာ အပြင်မှာထိုးဖို့ မလွယ်ပါဘူး။ နိုင်ငံတော်က စီမံချက်တစ်ရပ်အနေနဲ့ ဆောင်ရွက်ပေးနေတဲ့အချိန်မှာ ကလေးတွေအားလုံး ထိုးသင့်ပါတယ်။ ဖျားနာနေတဲ့သူတွေနဲ့ နှလုံးရောဂါဖြစ်တဲ့သူတွေ မထိုးရဘူးလို့တော့ သိထားပါတယ်။ အခုလို ကျောင်းအခြေပြုအဆင့်မှာ အကြောင်းအမျိုးမျိုးကြောင့် မထိုးလိုက်ရတဲ့ ကလေးတွေရှိရင်လည်း ရပ်ကွက်အဆင့်ထိုးတဲ့အခါမှာ မဖြစ်မနေ ထိုးသင့်ပါတယ်။ ဒါမှလည်း သူတို့လေးတွေ ဘဝတစ်လျှောက်မှာ ဒီရောဂါနဲ့ ပတ်သက်ပြီး စိတ်ချရတဲ့အဆင့်ကို ရရှိပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။

**မဖြိုးမြတ်သွယ်**

**သတ္တမတန်းကျောင်းသူ အလက(၄)မရမ်းကုန်း**

ကာကွယ်ဆေးထိုးရတော့မယ်ဆိုတာ မနေ့ကတည်းက ကြိုသိပါတယ်။ ဆေးထိုးရတော့မယ်ဆိုတော့ စိတ်တွေလှုပ်ရှားပြီး ကြောက်နေမိတယ်။ အခုလို ဆေးထိုးလိုက်တော့လည်း ဂျပန်ဦးနှောက်ရောင်ရောဂါနဲ့ ပတ်သက်ပြီး ကိုယ့်ဘဝတစ်လျှောက် ကြောက်စရာမလိုတော့ပါဘူး။ ကျန်းမာရေးအတွက် လူတိုင်း ဒီဆေးကိုထိုးသင့်တယ်လို့ မြင်ပါတယ်။ အရင်တုန်းကလည်း ကျောင်းအစီအစဉ်နဲ့ထိုးပေးတဲ့ ကာကွယ်ဆေးတွေကိုလည်း မပြတ်ထိုးခဲ့ပါတယ်။ ရောဂါကာကွယ်ဆေးမှန်သမျှကတော့ ကျောင်းသားတစ်ယောက်အနေနဲ့ ထိုးထားသင့်ပါတယ်။

**တွေ့ဆုံမေးမြန်း-ရီရီ၊ ဥမ္မာ၊ ဇော်ကြီး(ပဏီတ)**


## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ၂၀၁၈ခုနှစ် လုပ်ငန်းများဆောင်ရွက်ရန် ဈေးပြိုင်ကြော်ငြာ

ရွှေတိဂုံစေတီတော် ဝတ္တကမြေအတွင်း ဘုရားဖူးများအဆင်ပြေစေရန် ဂေါပကအဖွဲ့က စီမံဆောင်ရွက်ထားသော အောက်ဖော်ပြပါလုပ်ငန်းများသည် ၃၁-၁၂-၂၀၁၇ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါ၍ ၂၀၁၈ခုနှစ်အတွက် လုပ်ငန်းများ ချထားပေးရန်ရှိပါသည်။ ယင်းလုပ်ငန်းများကို ဈေးပြိုင်စနစ်ဖြင့် ချထားပေးမည်ဖြစ်၍ လုပ်ငန်းဆောင်ရွက်လိုသူများသည် ဈေးနှုန်းအဆိုပြုလွှာပုံစံနှင့်စည်းကမ်းချက်တစ်စုံလျှင် ကျပ်၁၀၀၀၀/နှုန်းဖြင့် ဂေါပကအဖွဲ့ရုံးတွင်ရုံးချိန်အတွင်းဝယ်ယူပြီး ၇-၁၂-၂၀၁၇ရက်တွင် သတ်မှတ်ချိန်အတိုင်း ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**မှတ်ချက်**။ ၅-၁၂-၂၀၁၇ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ ဈေးနှုန်းအဆို ပြုလွှာစည်းကမ်းချက်များ ရောင်းချပေးမည်။ အာမခံငွေများကို မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၄)တွင်ပေးသွင်းခြင်း အပါအဝင် အသေးစိတ် အချက်အလက်များကို အဆိုပြုလွှာတင်သွင်းသူများ လိုက်နာရန်စည်းကမ်းတွင် ထည့်သွင်းဖော်ပြပေးမည်။

### ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန်လုပ်ငန်းများ

(၁) ဓာတ်ပုံလုပ်ငန်း
(၂) ရွှေဆိုင်းရောင်းချခြင်းလုပ်ငန်း
(၃) စားသောက်ဆိုင်လုပ်ငန်းများ
(၄) လက်ဆောင်ပစ္စည်းရောင်းချခြင်းလုပ်ငန်း
(၅) ပန်းဆိုင်ရောင်းချခြင်းလုပ်ငန်းများ
(၆) နိဗ္ဗာန်ကုန်ရောင်းချခြင်းလုပ်ငန်းများ
(၇) အုန်းပွဲ/ငှက်ပျောပွဲရောင်းချခြင်းလုပ်ငန်း
(၈) လိပ်စာ/ငါးစာရောင်းချခြင်းလုပ်ငန်း
(၉) ကားကွင်းများ၌ ထီကားရပ်နားရောင်းချခြင်းလုပ်ငန်းများ
(၁၀) ကုန်မျိုးစုံဆိုင်ရောင်းချခြင်းလုပ်ငန်း
(၁၁) ဂုဏ်ပြုလွှာမှန်ပေါင်သွင်းခြင်းလုပ်ငန်း
(၁၂) Money Exchange Counter နှင့် ATM စက်ဖွင့်လှစ်ခြင်းလုပ်ငန်း

ဂေါပကအဖွဲ့

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း၊ ကျပ်သိန်း(၁၀၀)အထက် တင်ဒါအမှတ်စဉ်(၃)၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ချောင်း၊ မြောင်းတူးဖော် ခြင်းနှင့် တာပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်နှင့် တည်ဆောက်ရေးပစ္စည်းများ လုပ်ငန်းခွင်အရောက်ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၂၂-၁၁-၂၀၁၇ရက်မှ ၁၁-၁၂-၂၀၁၇ရက်(ရုံးချိန်အတွင်း)
(ခ) တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ - ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
(ဂ) တင်ဒါလျှောက်လွှာခေါ်ယူရသည့် အကြောင်းအရာ - ချောင်း၊ မြောင်းတူးဖော်ခြင်းနှင့် တာပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ တည်ဆောက်ရေးပစ္စည်းများ လုပ်ငန်းခွင်အရောက်ဝယ်ယူရန်
(ဃ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ - ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
(င) တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် ရက်/အချိန် - ၁၅-၁၂-၂၀၁၇ရက် မွန်းတည့် ၁၂နာရီ
(စ) တင်ဒါဖွင့်မည့်ရက်၊ အချိန်၊ နေရာ - ၂၉-၁၂-၂၀၁၇ရက် နံနက် ၁၀နာရီ၊ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့

၂။ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့(ဖုန်း-၀၄၂-၂၉၀၀၄၊ ၀၄၂-၂၉၁၀၇)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ပုံစံ(၈)ဝင် သစ်/ခွဲသားများ လေလံတင်ရောင်းချရန် လေလံကြော်ငြာ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်ရှိ ဖမ်းဆီးရမိသော ပုံစံ(၈)ဝင် အင်/ကညင်သစ်(၁၄၉ ဒသမ ၅၀၂)တန်၊ အင်/ကညင်ခွဲခြမ်း(၁၀ ဒသမ ၈၀၄)တန်၊ အင်/ကညင်ခွဲသား (၆၇ ဒသမ ၉၅၀)တန်တို့ကို ဟုမ္မလင်းမြို့နယ်၊ ဦးစီးအရာရှိရုံး၌ ၂၂-၁၁-၂၀၁၇ရက် နံနက် ၁၀နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ လေလံလျှောက်လွှာများကို ဟုမ္မလင်းမြို့နယ်၊ ဦးစီးအရာရှိရုံးတွင် တစ်စောင်လျှင် ကျပ် ၅၀၀၀နှုန်းဖြင့် ၁၅-၁၁-၂၀၁၇ရက်မှ ၂၁-၁၁-၂၀၁၇ရက်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ဥက္ကဋ္ဌ၊ လေလံတင်ရောင်းချရေးကော်မတီ

**ဖခင်အမည်မှန်**

ပဲခူးတက္ကသိုလ် သတ္တဗေဒဌာနမှ တတိယနှစ်ဂုဏ်ထူးတန်းမှ မောင်သူရစိုး ၇/ပခန(နိုင်)၃၇၃၄၈၉၏ ဖခင်အမည်မှန်မှာ ဦးစိန်အေး(ခ)ဦးဇော်နိုင် ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/6234 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/1746 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဗိုလ်ဂါမဏိလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ မြေကွက်အမှတ် (၁၂၁၉)၊ အကျယ်အဝန်း (၀. ၀၅၅) ဧက၊ (၂၄၀၀) စတုရန်းပေရှိ နှစ် (၆၀) ဂရန်မြေကွက်အနက်မှ မြေကွက်၏ဘယ်ဘက်ခြမ်း (ပေ၂၀×ပေ၆၀) ရှိ မြေကွက်နှင့် အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက် ဒေါ်မြကြင် (၁၂/သဃက (နိုင်) ၀၄၇၃၀၉) ထံမှအဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဒေါ်စန်းစန်းငြိမ်း (၆/ဘပန (နိုင်) ၀၂၄၄၉၀)က အဆိုပါမြေကွက် နှင့်အဆောက်အဦးကို ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် အဆောက်အဦးအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့ရက်မှစ၍ (၇)ရက် အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါက်တာမြမာလာအေး (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၇၃၅၂)
၁၉၅၊ မြသီတာလမ်း၊ ၂၉-ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။
ဖုန်း-၀၉၅၀၁၄၈၇၄၊ ၀၉ ၃၀၁၉၃၆၈၁

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မာန်ပြေ (၃)ရပ်ကွက်၊ မာန်ပြေ(၈)လမ်း (အနောက်)၊ တိုက်အမှတ်-၃၅၁၊ မြေညီထပ်တိုက်ခန်းကို ဦးရဲကျော်ဦး (၁၂/တတန(နိုင်) ၁၀၆၇၅၃)နှင့် ဦးခင်အောင်(၁၂/တမန(နိုင်)၀၁၈၆၇၇)မှ နှစ်ဦးပိုင်ဆိုင် အကျိုးခံစားခွင့် ရှိပြီး ရောင်းချပေါင်နှံ လွှဲပြောင်းထားခြင်းနှင့်အာမခံအဖြစ် တင်သွင်းထားခြင်းမရှိပဲ အမွေစား အမွေခံအမှုအခင်းအရှုပ် အထွေးကင်းရှင်းလျက်ရောင်းချခွင့်ရှိကြောင်း တာဝန်ယူ၍ ရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ဦးဗိုးကိုကို(၉/ပဥလ(နိုင်) ၀၁၈၁၀၁)မှ (၁၄. ၁၁. ၂၀၁၇)ရက်နေ့တွင်တိုက်ခန်းအရောင်းအဝယ် စာချုပ် ပြုလုပ်၍ ဝယ်ယူ ပိုင်ဆိုင်ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ဦးဗိုးကိုကို (၉/ပဥလ(နိုင်) ၀၁၈၁၀၁) မှဝယ်ယူ ပိုင်ဆိုင်ပြီးဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ဦးဗိုးကိုကို၏လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်မာမြင့် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ် -၄၃ ၊ သတိပဋ္ဌာန်လမ်း၊ မဿကုန်းအရှေ့ကြွယ်ကရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉၇၇၉၈၄၂၅၄၅

ဦးသန့်ဇော် B.Sc.IC.Q.DA, DMP, MBA, ACCA (pro)
PQI အသိအမှတ်ပြုစင်တာ
LCCI I,II&III Diploma သင်တန်းများ
I&II 18 Nov / III 25 Nov 2017 စမည်
I&II Sec (A): Mon to Wed 6:00 - 7:45 pm (သုံးလပြတ်)
Sec (B): Mon to Wed 7:00 - 8:30 am
Sec (C): Sat - Sun 9:00 - 11:00 am
ORION Business School (ဒဂုံစင်တာအနီး)
၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ ငုရုံကုန်း၊ စမ်းချောင်း။ 09 5115997

# စင်ကာပူ၌ ရထားနှစ်စင်းဘူတာရုံတွင် တိုက်မိရာ လူ ၂၅ ဦး ထိခိုက်ဒဏ်ရာများရရှိ

**စင်ကာပူ နိုဝင်ဘာ ၁၅**

နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက စင်ကာပူ ထရန်စစ်ရထားတစ်စင်းနှင့် အခြားရထားတစ်စင်းတို့ ဘူတာရုံ၌ တိုက်မိရာ ၂၅ ဦး ဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်များက ပြောသည်။

ထရန်စစ်အော်ပရေတာ အက်စ်အမ်အာရ်တီက ခရီးသည် ၂၃ ဦးနှင့် ဝန်ထမ်းနှစ်ဦးဒဏ်ရာရရှိသွားခဲ့သောကြောင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ပြောသည်။

မတော်တဆ ရထားတိုက်မှုသည် ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၂၀ တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အက်စ်အမ်အာရ်တီက ပြောသည်။

အရှေ့ - အနောက်လမ်းကြောင်းပေါ်ရှိ ဂျိုကွန်းဘူတာ၌ အနောက်ဘက်သို့ ဦးတည်သွားသည့် လမ်းကြောင်းမှားရထားသည် နံနက် ၈ နာရီ ၁၈မိနစ်က ရပ်တန့်ခဲ့ရာ ဒုတိယရထားသည် အဆိုပါ ရထားနောက်မှ နံနက် ၈ နာရီ ၁၉ မိနစ်တွင် ရပ်တန့်ခဲ့ကြောင်း သိရသည်။

ထို့နောက် တစ်မိနစ်မျှပင် မကြာလိုက်သော အချိန်တွင် ဒုတိယရထားမှာ မမျှော်လင့်ဘဲ ရှေ့သို့ခုတ်မောင်းရာတွင် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စထရိတ်တိုင်းမ်သတင်းဝက်ဘ်ဆိုက်၌ ဖော်ပြသည့် ဓာတ်ပုံတွင် ရထားနှစ်စင်း ရပ်ထားသည့်ပုံကို ဖော်ပြခဲ့သည်။ ရထားနှစ်စင်းတိုက်မိမှုကြောင့် ကြီးကြီးမားမား ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။

အောက်တိုဘာလက မိုးအကြီးအကျယ်ရွာသွန်းမှုကြောင့် မြေအောက်ထရန်စစ်စနစ်များ ထိခိုက်ကာ ယခုကဲ့သို့အချက်ပြမှုများ မှားယွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ရိုက်တာ**



အရှေ့-အနောက်လမ်းကြောင်းပေါ်ရှိ ဂျိုကွန်းဘူတာ၌ ရထားနှစ်စင်းတိုက်မိမှုဖြစ်ပွားရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

# အမေရိကန် ကယ်လီဖိုးနီးယားပြည်နယ်၌ သေနတ်ပစ်ခတ်မှု ဖြစ်ပွားရာ ငါးဦးသေဆုံး

**ကယ်လီဖိုးနီးယား နိုဝင်ဘာ ၁၅**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မြောက်ပိုင်း တီဟာမာခရိုင်ရှိ မူလတန်းကျောင်း တစ်ကျောင်းအနီးတွင် ယမန်နေ့က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ငါးဦးသေဆုံးခဲ့ပြီး ကျောင်းသားကျောင်းသူများ အပါအဝင် အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။




တီဟာမာခရိုင်ရဲတပ်ဖွဲ့သို့ သေနတ်ပစ်ခတ်မှုဖြစ်ပွားကြောင်း သတင်းပေးပို့ချက်အရ သက်ဆိုင်ရာမှ အခင်းဖြစ်ပွားရာနေရာသို့ ဒေသစံတော်ချိန် နံနက် ၈ နာရီခန့်က သွားရောက်ခဲ့သည်။ သေနတ်ပစ်ခတ်သူသည် ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုအရ သေဆုံးသွားကြောင်း သိရသည်။

အခင်းဖြစ်ပွားပြီးနောက် မူလတန်းကျောင်းကို ယာယီပိတ်ခဲ့ကာ ကျောင်းသားကျောင်းသူများအား လုံခြုံသောနေရာများကို ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။ သေနတ်ပစ်ခတ်သူသည် လူနေအိမ်များကို ပစ်ခတ်ခဲ့ပြီး ကျောင်းအနီးအထိ ပစ်ခတ်မှုများလုပ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။ ရဲတပ်ဖွဲ့က နောက်ပိုင်းတွင် ပြစ်မှုကျူးလွန်သူအား ပစ်ခတ်ရှင်းလင်းခဲ့ပြီးနောက် ၎င်းထံမှ ဆီမီးအော်တိုရိုင်ဖယ်တစ်လက်နှင့် ပစ္စတိုနှစ်လက်တွေ့ရှိခဲ့ကြောင်း ပြောခဲ့သည်။

အက်ဖ်ဘီအိုင်အနေဖြင့် မှုခင်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များကို အခင်းဖြစ်ပွားရာ နေရာသို့ စေလွှတ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# တရုတ်သမ္မတ ရှီကျင့်ဖျင်၏ အထူးသံတမန် မြောက်ကိုရီးယားသို့ နိုဝင်ဘာ ၁၇ ရက်တွင် သွားရောက်မည်

**ပေကျင်း နိုဝင်ဘာ ၁၅**

မြောက်ကိုရီးယားနျူကလီးယားလက်နက်အရေးတင်းမာမှုများ မြင့်တက်နေသည့်အချိန်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်၏အထူးသံတမန်အဖြစ် အဆင့်မြင့်တရုတ်သံတမန်တစ်ဦး မြောက်ကိုရီးယားသို့လာမည့် နိုဝင်ဘာ ၁၇ ရက်တွင်သွားရောက်မည်ဖြစ်ကြောင်း အစိုးရက နိုဝင်ဘာ ၁၅ ရက်တွင် ကြေညာခဲ့သည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားအရေး သံတမန်နည်းဖြင့်ဖြေရှင်းရန် မကြာခဏပြောဆိုလေ့ရှိသည်။

လွန်ခဲ့သောနှစ် ဖေဖော်ဝါရီလက တရုတ်အထူးသံတမန်တစ်ဦး မြောက်ကိုရီးယားသို့ သွားရောက်ခဲ့သည့် အချိန်သည် တရုတ်နိုင်ငံမှ မြောက်ကိုရီးယားသို့ အထူးသံတမန်စေလွှတ်သည့် နောက်ဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

ကွန်မြူနစ်ပါတီပြည်ပရေးရာဌာနအကြီးအကဲ ဆောင်သောင်သည် လာမည့် နိုဝင်ဘာ ၁၇ ရက်တွင် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားသတင်းဌာနက တရုတ်အထူးသံတမန်လာမည့်သတင်းကို အတည်ပြုခဲ့သော်လည်း ရက်အတိအကျမဖော်ပြဘဲ မကြာတော့သော အနာဂတ်ကာလတွင်ဟုသာ ဖော်ပြခဲ့သည်။

အဆိုပါ အထူးသံတမန် မြောက်ကိုရီးယားနိုင်ငံတွင် မည်မျှကြာမည်ကို အတိအကျ မသိရသေးချေ။ သို့သော်လည်း ၎င်းအနေဖြင့် ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့သို့ တရုတ်ကွန်ဂရက်အကြောင်းမျှဝေရန် သွားရောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ရိုက်တာ**

# စစ်သွေးကြွများနှင့် သေနတ်ပစ်ခတ်တိုက်ခိုက်မှုအတွင်း အိန္ဒိယတပ်ဖွဲ့ဝင်နှစ်ဦးကျဆုံး

**နယူးဒေလီ နိုဝင်ဘာ ၁၅**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း မဏိပူရပြည်နယ်၌ လုံခြုံရေးအင်အားစုများနှင့် စစ်သွေးကြွတို့ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားရာ အိန္ဒိယတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားတစ်ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

သေနတ်ဖြင့်အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများသည် ဆာဂျစ်နှင့် တာမိုလ်ကျေးရွာများအကြားရှိ ရေယာအတွင်းဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါနေရာသည် မဏိပူရမြို့တော် အင်ဖာမှ ကီလိုမီတာ ၆၀ ခန့် ကွာဝေးသည်။ စစ်သွေးကြွတစ်ဦးမှာ သေစေနိုင်လောက်သည့် ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# သမ္မတမူဂါဘီ အနီးရှိ ရာဇဝတ်သားများကို ဇင်ဘာဘွေတပ်မတော်က နှိမ်နင်းပြီး အာဏာလွှဲပြောင်းရယူ

**ဟာရာရီ နိုဝင်ဘာ ၁၅**

ဇင်ဘာဘွေတပ်မတော်က ဗုဒ္ဓဟူးနေ့အစောပိုင်းတွင် သမ္မတရောဘတ်မူဂါဘီကို ဝိုင်းရံနေသည့် ရာဇဝတ်သားများကို ပစ်မှတ်ထားနှိမ်နင်းပြီး အာဏာသိမ်းနိုင်ခဲ့ကြောင်း သိရသည်။ သို့သော် အသက် ၉၃ နှစ်ရှိပြီဖြစ်သည့် ဇင်ဘာဘွေသမ္မတနှင့် ၎င်း၏မိသားစုမှာ ယခုအခါ ဘေးကင်းလုံခြုံစွာ ရှိနေကြောင်း နိုင်ငံပိုင်ရုပ်သံတွင် ထုတ်လွှင့်ဖော်ပြခဲ့သည်။

တပ်ဖွဲ့ဝင်များနှင့်သံချပ်ကာယာဉ်များသည် ဟာရာရီမြို့လယ်ကောင်ရှိ အဓိကအစိုးရရုံးများ၊ ပါလီမန်လွှတ်တော်နှင့်တရားရုံးများသို့ သွားရောက်သည့် လမ်းများကို ပိတ်ဆို့ခဲ့ကြသည်။

ယင်းအဆောက်အအုံများ အနီးတစ်ဝိုက်တွင် အလုပ်လုပ်သူများက ဖယ်ရီဖြင့်လုပ်ငန်းခွင် သွားရောက်နေကြချိန်တွင် ထိုသို့ဖြစ်ပျက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနမှ မျက်မြင်သက်သေတစ်ဦးက ပြောကြားခဲ့သည်။

သမ္မတမူဂါဘီအနီးတွင် ရှိနေကြသည့် ရာဇဝတ်မှုကျူးလွန်သူများကိုအဓိကပစ်မှတ်ထားကာ ၎င်းတို့အား တရားရုံးသို့ ပို့ဆောင်နိုင်ရေးအတွက် ဖမ်းဆီးရေးလုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့သည်နိုင်ငံအတွင်း၌ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ထိခိုက်အောင် လုပ်ဆောင်နေကြသည့် ဒုစရိုက်သမားများပင်ဖြစ်ကြောင်း ဇင်ဘာဘွေထောက်ပံ့ပို့ဆောင်ရေးစီမံခန့်ခွဲမှု အကြီးအကဲ ဗိုလ်ချုပ် အက်စ်ဘီမိုရိုက ရုပ်မြင်သံကြားသို့ ပြောကြားခဲ့သည်။

မစ်ရှင်ကို ဆောင်ရွက်ပြီးသည်နှင့် တစ်ပြိုင်နက် အခြေအနေများအားလုံး ပုံမှန်အတိုင်း ပြန်လည်ရောက်ရှိစေရန် မျှော်လင့်ကြောင်း ၎င်းကပြောကြားသည်။ ဇင်ဘာဘွေ အတိုက်အခံ ဒီမိုကရက်တစ်ပြောင်းလဲရေး လှုပ်ရှားမှုအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်သည့် ဒီမိုကရေစီစနစ်သို့ ငြိမ်းချမ်း



စွာပြန်လည်ရောက်ရှိရေးကိုတောင်းဆိုခဲ့ပြီး စစ်ရေးအရ ကြားဝင်စွက်ဖက်မှုက တည်ငြိမ်ပြီး ဒီမိုကရေစီနည်းလမ်းကျသော၊ အောင်မြင်ဖြစ်ထွန်းသော နိုင်ငံကို ထူထောင်ရာတွင် ဦးဆောင်နိုင်လိမ့်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ရိုက်တာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အိန္ဒိယ ရေယာဉ် နစ်မြုပ်မှု သေဆုံးသူ ၂၂ ဦးအထိ မြင့်တက်လာ

**နယူးဒေလီ နိုဝင်ဘာ ၁၅**

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာ ဒေ့ရှ်ပြည်နယ်၌ တနင်္ဂနွေနေ့က ရေယာဉ် နစ်မြုပ်ခဲ့မှုကြောင့် သေဆုံးသူအရေအတွက်မှာ ၂၂ ဦးအထိ မြင့်တက်လာခဲ့ကြောင်း အာဏာပိုင်များက အင်္ဂါနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း နောက်ထပ်သေဆုံးသူသုံးဦး၏ အလောင်းကို ရှာဖွေဆယ်ယူနိုင်ခဲ့ပြီး သေဆုံးသူအရေအတွက် တိုးပွားလာခြင်းဖြစ်သည်။

ရေယာဉ်နစ်မြုပ်မှုအတွင်း ဒဏ်ရာရရှိသူ ၁၆ ဦးရှိခဲ့ပြီး ၎င်းတို့ကို အစိုးရဆေးရုံသို့ ပို့ဆောင်ထားကြောင်း ရဲတပ်ဖွဲ့အကြီးတန်းအာဏာပိုင် တစ်ဦးက ပြောကြားခဲ့သည်။

နိုင်ငံခြားခရီးသည်ကို ခံနိုင်ဝန်ထက်ပိုမိုကာ တင်ဆောင်လာသည့် ရေယာဉ်သည် မြို့တော်ဟိုက်ဒရာဘတ်မှ ၂၇၅ ကီလိုမီတာကွာဝေးသည့် ဗီဂျာဝါဒါ ဒေသအတွင်းရှိ ကရစ်ရှနာမြစ်အတွင်း၌ တနင်္ဂနွေနေ့ညက နစ်မြုပ်သွားခဲ့သည်။ ရေယာဉ်ပေါ်၌ လူ ၃၈ ဦး လိုက်ပါလာခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

### တူရကီတောင်ပိုင်းတွင် အင်အားပြင်းလေဆင်နှာမောင်း ဝင်ရောက်၍ လူ ၃၈ ဦး ထိခိုက်ဒဏ်ရာရရှိ

**အန်ကာရာ နိုဝင်ဘာ ၁၅**

တူရကီတောင်ပိုင်း အန်တယ်လ်ရာ ပြည်နယ်တွင် တနင်္လာနေ့နှောင်းပိုင်းက လေဆင်နှာမောင်း ဝင်ရောက်ခဲ့မှုကြောင့် လူ ၃၈ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပင်လယ်မှကုန်းမြေဆီသို့ အလျင်အမြန် ရွေ့လျားလာသည့် လေဆင်နှာမောင်းသည် စိုက်ပျိုးမြေဧရိယာများကို ထိခိုက်စေခဲ့ပြီး အထူးသဖြင့်ကမ်းခြေအနီးဧရိယာများရှိ သစ်ပင်များကိုအမြစ်မှ ကျွတ်ထွက်သွားစေခဲ့သည်ဟု သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။

ပြင်းထန်သည့်မုန်တိုင်းအရှိန်နှင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မုန်တိုင်းဝင်ရောက်ခဲ့သည့် ဧရိယာအတွင်း၌ အကြီးအကျယ် ထိခိုက်ပျက်စီးခဲ့သည်။ ဖန်လုံအိမ်များ၊ လူနေအိမ်များနှင့် မော်တော်ယာဉ်များလည်း ပျက်စီးသွားခဲ့သည်။

လျှပ်စစ်ဓာတ်အားပေး လိုင်းများလည်း ကျိုးပြတ်ခဲ့ပြီး နာရီများစွာကြာအောင် ဓာတ်အားပြတ်တောက်မှုဖြစ်ပွားခဲ့သည်။

မုန်တိုင်းဒဏ်ကိုအပြင်းအထန်ခံခဲ့ရသည့်ဒေသများမှာ ဖီနီကီ၊ကမ်လူကာ၊ ဒီမရီ၊ ကက်စ်နှင့်ကီမာဒေသများ ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ရေမြေခြားနေသော်လည်း ချစ်ကြည်ရင်းနှီးမှု ခိုင်ကြည်နေတဲ့ မြန်မာ-ဖိလစ်ပိုင်တို့ကို အာဆီယံက ပေါင်းကူးထား

**— — — *တင်လင်းအောင်* — — —**




၃၁ ကြိမ်မြောက် ၂၀၁၇ အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ) ထိပ်သီးအစည်းအဝေးတွေနဲ့ ဆက်စပ်အစည်းအဝေးတွေကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ Cultural Center of the Philippines မှာ နိုဝင်ဘာ ၁၃ ရက်က ကျင်းပခဲ့ပါတယ်။ အဲဒီ ထိပ်သီးအစည်းအဝေးကို အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက နိုင်ငံအကြီးအကဲတွေနဲ့ အစိုးရအဖွဲ့အကြီးအကဲတွေ၊ ကမ္ဘာ့ခေါင်းဆောင်တွေ၊ မိတ်ဖက်နိုင်ငံတွေက နိုင်ငံအကြီးအကဲတွေနဲ့ အစိုးရအဖွဲ့အကြီးအကဲတွေ၊ ဝန်ကြီးတွေ၊ အဆင့်မြင့်အရာရှိကြီးတွေ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်တွေနဲ့ တာဝန်ရှိသူတွေ တက်ရောက်ခဲ့ကြပါတယ်။

အခုလို ဂုဏ်ယူစရာကောင်းတဲ့ အာဆီယံထိပ်သီးအစည်းအဝေးကြီးကို ကျင်းပနိုင်ခဲ့တာ ဖိလစ်ပိုင်နိုင်ငံအနေနဲ့ ဒါဟာပထမဆုံးအကြိမ် မဟုတ်တော့ပါဘူး။ ဖိလစ်ပိုင်နိုင်ငံအနေနဲ့ လွန်ခဲ့တဲ့ ၃ ကြိမ်မြောက် အာဆီယံအစည်းအဝေးကို ၁၉၈၇ ခုနှစ်မှာ မနီလာမြို့မှာတစ်ကြိမ်၊ ၂၀၀၇ ခုနှစ်မှာ ၁၂ ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးကြီးကို ဆီဘူးမြို့မှာတစ်ကြိမ် လက်ခံကျင်းပခဲ့တာဖြစ်ပါတယ်။ ယခု ၃၁ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဟာ ဖိလစ်ပိုင်နိုင်ငံအတွက် သုံးကြိမ်မြောက် ဂုဏ်ယူဝင့်ကြွားစွာကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်။

လာအိုနိုင်ငံ ဗီယန်ကျင်းမြို့မှာ ကျင်းပခဲ့တဲ့ ၂၈ ကြိမ်နှင့် ၂၉ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကြီး ပြီးဆုံးပြီးချိန် လွန်ခဲ့တဲ့ စက်တင်ဘာလက ဖိလစ်ပိုင်နိုင်ငံဟာ အလှည့်ကျအာဆီယံဥက္ကဋ္ဌတာဝန်ကို လက်ခံရရှိခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၂၀၀၉ ခုနှစ်ကတည်းက အာဆီယံ ၁၀ နိုင်ငံအနက်တစ်နိုင်ငံက အလှည့်ကျအာဆီယံဥက္ကဋ္ဌတာဝန်ကို လက်ခံရယူပြီးတစ်နှစ်မှာ အာဆီယံထိပ်သီးအစည်းအဝေးကို နှစ်ကြိမ်ကျင်းပခဲ့ပါတယ်။ ပထမတစ်ကြိမ်ကို နှစ်စမှာ ကျင်းပပြီး ဒုတိယတစ်ကြိမ်ကို နှစ်ဆုံးခါနီးမှာ ကျင်းပတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ၂၄ ကြိမ်နှင့် ၂၅ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို ၂၀၁၄ ခုနှစ်မှာ ကျင်းပခဲ့ပါတယ်။ မလေးရှားနိုင်ငံဟာ ၂၆ ကြိမ်နှင့် ၂၇ ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးကို ၂၀၁၅ ခုနှစ်မှာ ကျင်းပခဲ့ပါတယ်။ လာအိုနိုင်ငံဟာ ၂၈ ကြိမ်နှင့် ၂၉ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို ၂၀၁၆ ခုနှစ်မှာ ကျင်းပခဲ့ပါတယ်။

အာဆီယံရှေ့ပြေးအဖွဲ့အနေနဲ့ အရှေ့တောင်အာရှအဖွဲ့ (Association of Southeast Asia- ASA)ကို ၁၉၆၁ ခုနှစ် ဇူလိုင်၃၁ ရက်မှာ ဖိလစ်ပိုင်၊ မလေးနဲ့ ထိုင်းနိုင်ငံတို့ ပေါင်းစုကာ တည်ထောင်ခဲ့တာ ဖြစ်တယ်။ အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံကိုတော့ ၁၉၆၇ ခုနှစ် ဩဂုတ် ၈ ရက်မှာ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနဲ့ ထိုင်းနိုင်ငံစတဲ့ ငါးနိုင်ငံမှနိုင်ငံခြားရေးဝန်ကြီးတွေ ဗန်ကောက်ကြေညာချက်လို့ လူသိများတဲ့ အာဆီယံကြေညာချက်ကို လက်မှတ်ရေးထိုးပြီး အာဆီယံအသင်းကြီးရယ်လို့ ပေါ်ပေါက်လာခဲ့ပါတော့တယ်။ စဖွဲ့စည်းတုန်းက ငါးနိုင်ငံသာ ပါဝင်ခဲ့ပေမယ့် နောက်ပိုင်းမှာ အာဆီယံအဖွဲ့ကြီးဟာ အဖွဲ့ဝင်နိုင်ငံတွေ တိုးတက်များပြားလာခဲ့ပြီး ၁၉၈၄ခုနှစ် ဇန်နဝါရီ ၇ ရက်မှာ ဘရူနိုင်းနိုင်ငံ၊ ၁၉၉၅ ခုနှစ် ဇူလိုင် ၂၈ ရက်မှာ ဗီယက်နမ်နိုင်ငံ၊ ၁၉၉၇ ခုနှစ် ဇူလိုင် ၂၃ ရက်မှာ လာအိုနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ ပါဝင်ခဲ့ကြပါတယ်။ ကမ္ဘောဒီးယားနိုင်ငံဟာ လာအိုနိုင်ငံနဲ့ မြန်မာနိုင်ငံဝင်ရောက်တဲ့နှစ်မှာ တစ်ပြိုင်နက်တည်း ဝင်ရောက်မယ်လို့ကြံရွယ်ပေမယ့် ပြည်တွင်းရေးကြောင့် ၁၉၉၉ခုနှစ် ဧပြီ ၃၀ ရက်မှာသာ ဝင်ရောက်ခဲ့ပါတယ်။

အာဆီယံအသင်းကြီးဖွဲ့စည်းခဲ့ပြီးနောက် ၁၉၉၇ခုနှစ်မှာ ဒေသတွင်း ပေါင်းစည်းမှုတွေ ပိုမိုလုပ်နိုင်ဖို့အတွက် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား အပါအဝင် အာဆီယံအပေါင်းသုံးနိုင်ငံများ၊ ၂၀၀၆ ခုနှစ်မှာ မိတ်ဖက်ဆွေးနွေးဖက်အဖြစ် ကုလသမဂ္ဂအဖွဲ့ကြီး၊ ဒါ့အပြင် အာဆီယံအပေါင်း ခြောက်နိုင်ငံများကိုလည်း ဖွဲ့စည်းခဲ့တယ်လို့ သိရပါတယ်။ အာဆီယံအဖွဲ့ကြီးရဲ့ ရည်ရွယ်ချက်ကတော့ အဖွဲ့ဝင်နိုင်ငံတွေကြား ငြိမ်းချမ်း၊ တည်ငြိမ်၊ လုံခြုံ၊ ကြီးပွားတိုးတက်ကာ စည်ပင်ဝပြောဖို့ ဖြစ်ပါတယ်။ ယခု အာဆီယံအစည်းအဝေးကို တက်ရောက်လာတဲ့ကမ္ဘာ့ခေါင်းဆောင်တွေနဲ့ အာဆီယံခေါင်းဆောင်တွေဟာ အချင်းချင်း အာဆီယံနည်းလမ်းအတိုင်းလက်ဆွဲနှုတ်ဆက်ကြပါတယ်။ ဒါဟာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို တစ်နိုင်ငံနဲ့တစ်နိုင်ငံ အပြန်အလှန်လေးစားပြီး အေးအတူပူအမျှ ဝိုင်းဝန်းဖြေရှင်းမယ်ဆိုတဲ့ သဘောပဲဖြစ်ပါတယ်။

၂၀၁၇ အာဆီယံထိပ်သီးအစည်းအဝေးအတွက် အဓိက ဆောင်ပုဒ်ကတော့ "Partnering for change, engaging the world "ဖြစ်ပါတယ်။ အာဆီယံပြည်သူတွေ ငြိမ်းချမ်း၊ တည်ငြိမ်၊ လုံခြုံ၊ ကြီးပွားတိုးတက်ဖို့အတွက် ကမ္ဘာ့မိတ်ဆွေတွေနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်ရုံတင်မက အာဆီယံအသင်းကြီး စည်းလုံးညီညွတ်ဖို့အရေး အချိန်တိုင်းထိန်းသိမ်းသွားမယ်လို့လည်း အလှည့်ကျအာဆီယံဥက္ကဋ္ဌတာဝန်လက်ခံရယူစဉ်မှာ ဖိလစ်ပိုင်သမ္မတဒူတာတေးက ပြောခဲ့ပါတယ်။

အာဆီယံအသင်းကြီးရဲ့ ရည်ရွယ်ချက်တွေ အထမြောက်အောင်မြင်ဖို့အတွက် အာဆီယံအဖွဲ့ဝင် နိုင်ငံတွေနဲ့ ဆွေးနွေးဖက်နိုင်ငံတွေက အချင်းချင်း ပူးပေါင်းဆောင်ရွက်ရုံသာမက ဝိုင်းဝန်းထောက်ပံ့ဖို့လည်းလိုကြောင်း ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ဆက်လက်ပြောကြားခဲ့ပါတယ်။

တိုက်ဆိုင်စွာပင် ဖိလစ်ပိုင်နိုင်ငံအနေနဲ့ ၃၁ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို လက်ခံကျင်းပချိန်မှာ အာဆီယံအဖွဲ့ကြီးတည်ထောင်ခြင်းနှစ် ၅၀ ပြည့်မြောက်တဲ့ အချိန်အခါသမယနဲ့ တိုက်ဆိုင်ခဲ့ပါတယ်။

ဒါ့ကြောင့် အာဆီယံအဖွဲ့ကြီး အနေနဲ့ အသစ်အသစ်သော အောင်မြင်မှုတွေ ဆက်လက်ဆောင်ကြဉ်းယူဆောင်လာနိုင်မယ်လို့ ယုံကြည်ကြောင်း လာအိုဝန်ကြီးချုပ် Thongloun Sisoulith ကပြောခဲ့ပါတယ်။

ပြီးတော့ မြန်မာနိုင်ငံနဲ့ ဖိလစ်ပိုင်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခဲ့တာနှစ် ၆၀ ပြည့်ပြီးရုံရှိတဲ့ အချိန်အခါသမယလည်း ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၇ခုနှစ် မတ်လ ၁၉ ရက်နေ့မှာ မြန်မာနိုင်ငံကို တရားဝင်ချစ်ကြည်ရေးခရီးစဉ်လာရောက်တဲ့ ဖိလစ်ပိုင်သမ္မတဒူတာတေးအနေနဲ့ မတ်လ ၂၀ ရက်နေ့မှာ ကျင်းပခဲ့တဲ့ နိုင်ငံတော်ညစာစားပွဲမှာ "ကျွန်တော်တို့ နှစ်နိုင်ငံကြား ဆက်ဆံရေးကို သမိုင်းစာမျက်နှာသစ်ဖွင့်လှစ်နိုင်တော့မှာပါ၊ ဒီစာမျက်နှာသစ်ဟာ ပိုပြီးခိုင်မာလာမှာဖြစ်သလို ပိုပြီးတော့လည်းနက်ရှိုင်းလာမှာပါ၊ ဆယ်စုနှစ်ခြောက်နှစ်ကြာ နှစ်နိုင်ငံကြားသံတမန်ဆက်ဆံရေးဟာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်၊ နှစ်နိုင်ငံကြားမှာရှိတဲ့ တူညီတဲ့ သမိုင်းအတွေ့အကြုံနဲ့ ဘုံရည်မှန်းချက်တွေဟာ နှစ်နိုင်ငံဆက်ဆံရေးကို ဖွံ့ဖြိုးခိုင်မာစေမှာဖြစ်ပါတယ်၊ နှစ်နိုင်ငံပြည်သူတွေ ငြိမ်းချမ်း၊ ဖွံ့ဖြိုး၊ ကြွယ်ဝစေရမယ်ဆိုတဲ့ ဘုံရည်မှန်းချက်တွေဟာ နှစ်နိုင်ငံပြည်သူတွေကို သွေးသားရင်းချာပမာ ရင်းနှီးကျွမ်းဝင်စေမှာ ဖြစ်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

လွန်ခဲ့တဲ့ ၂၀၁၃ ခုနှစ်မှာ ဖိလစ်ပိုင်နိုင်ငံနဲ့ မြန်မာနိုင်ငံကြား နားလည်မှုစာချွန်လွှာခြောက်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီနားလည်မှုစာချွန်လွှာတွေမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကစလို့ ကုန်သွယ်ရေးကဏ္ဍအထိ ပါဝင်တယ်လို့ သိရပါတယ်။

> **"နှစ်နိုင်ငံ ပြည်သူတွေအတွက် တိုက်ရိုက် အကျိုးရှိမယ့် စာချွန်လွှာတစ်ခုကတော့ ဗီဇာကင်းလွတ်ခွင့်ပဲ ဖြစ်ပါတယ်။ ဖိလစ်ပိုင်ပြည်သူတွေအနေနဲ့ မြန်မာနိုင်ငံကို ၁၄ ရက်ကြာ တရားဝင် လည်ပတ်ခွင့်ရမှာဖြစ်ပြီး မြန်မာပြည်သူတွေအနေနဲ့ ဖိလစ်ပိုင်နိုင်ငံကို ဗီဇာမလိုဘဲ ရက် ၃၀ ကြာ လည်ပတ်ခွင့်ရမှာ ဖြစ်"**

စာချွန်လွှာတွေအနက် နှစ်နိုင်ငံပြည်သူတွေအတွက် တိုက်ရိုက်အကျိုးရှိမယ့် စာချွန်လွှာတစ်ခုကတော့ ဗီဇာကင်းလွတ်ခွင့်ပဲ ဖြစ်ပါတယ်။ ဖိလစ်ပိုင်ပြည်သူတွေအနေနဲ့ မြန်မာနိုင်ငံကို ၁၄ ရက်ကြာတရားဝင်လည်ပတ်ခွင့်ရမှာဖြစ်ပြီး မြန်မာပြည်သူတွေအနေနဲ့ ဖိလစ်ပိုင်နိုင်ငံကို ဗီဇာမလိုဘဲ ရက် ၃၀ ကြာလည်ပတ်ခွင့်ရမှာ ဖြစ်ပါတယ်။

ယခု ကျင်းပနေတဲ့ ၂၀၁၇ အာဆီယံထိပ်သီးအစည်းအဝေးကို တက်ရောက်နေတဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဖိလစ်ပိုင်ခရီးစဉ်ဟာ နှစ်နိုင်ငံကြား ပိုမိုကောင်းမွန်တဲ့ ဆက်ဆံရေးကို ဖော်ဆောင်နိုင်မှာဖြစ်သလို မနီလာမြို့မှာ ကျင်းပခဲ့တဲ့ အာဆီယံစီးပွားရေး အကြံပေးကောင်စီက ကြီးမှူးကျင်းပတဲ့ အာဆီယံစီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးမှာ ဖိလစ်ပိုင်နဲ့ မြန်မာနိုင်ငံဟာ ရေမြေမိုင်ထောင်ချီခြားနေပေမယ့် နှလုံးသားချင်းနီးစပ်တယ်လို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့ပါတယ်။

လတ်တလော ဖိလစ်ပိုင်နိုင်ငံမှာ ကျင်းပနေတဲ့ ၃၁ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကြီးဟာရှေ့အနာဂတ်ကာလမှာ အာဆီယံပြည်သူတွေ အတွက် အောင်မြင်မှုတွေ၊ အေးချမ်းသာယာတိုးတက်စည်ပင်ဝပြောမှုတွေကို ဆောင်ကြဉ်းလာမယ်ဆိုတာ မမိုတ်မသုန်ယုံကြည်ရင်း ရေမြေတွေခြားနေပေမယ့် နှလုံးသားချင်း နီးစပ်နေတဲ့ မြန်မာ- ဖိလစ်ပိုင် ချစ်ကြည်မှုတွေကို အာဆီယံက ပေါင်းကူးထားတယ်လို့ ပြောကြားလိုပါကြောင်း။ ။

# မျိုးစေ့တင်သွင်း၊ တင်ပို့ ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၅**

မျိုးစေ့တင်သွင်း တင်ပို့ထုတ်လုပ်မှု လုပ်ငန်းများ ပိုမိုကောင်းမွန်ရေးအတွက် ဒုတိယအကြိမ် အမျိုးသား မျိုးစေ့ကဏ္ဍ National Seed Plat Form အစည်းအဝေးကို နိုဝင်ဘာလဒုတိယပတ်က နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်က အမှာစကား ပြောကြားသည်။

ပထမအကြိမ် အမျိုးသားမျိုးစေ့ကဏ္ဍ National Seed Plat Form အစည်းအဝေးကို ယခုနှစ် ဧပြီလပထမပတ်က ပြုလုပ်ခဲ့ပြီး မျိုးစေ့လုပ်ငန်းတိုးတက်ရေးအတွက် ရေတို၊ ရေရှည် လုပ်ဆောင်ရန် လုပ်ငန်းစီမံချက်များ ချမှတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲပြုလုပ်ရခြင်းမှာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက သွင်းအားစုဖြစ်သည့် မျိုးစေ့လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရန် ဌာနဆိုင်ရာများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ကျင်းပရခြင်းဖြစ်ကြောင်း၊ တက်ရောက်လာသူများက မျိုးစေ့တင်သွင်း၊ တင်ပို့၊ ထုတ်လုပ်မှုလုပ်ငန်းများတွင် ဖြစ်ပေါ်နေသည့် အခက်အခဲများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြေရှင်းနိုင်ရန်၊ မျိုးစေ့လုပ်ထုံး၊ လုပ်နည်းများ ပိုမိုကောင်းမွန်ရေး ပြုပြင်မွမ်းမံရန် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်း-ဇူလိုင်မိုး၊**
**ဓာတ်ပုံ-ဇေမိုး**




# ရမည်းသင်းမြို့နယ်အတွင်း၌ မိုးစပါးရိတ်သိမ်းကြတော့မည်

**ရမည်းသင်း နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မိုးစပါးများ ရိတ်သိမ်းကြတော့မည်ဖြစ်ကြောင်း အင်ကြင်းကန်ကျေးရွာနေ စပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

ရမည်းသင်းမြို့နယ်အတွင်းတွင် မနောသုခ၊ ပုလဲသွယ်၊ ဆင်းသုခ၊ ထွန်းသုခ အစရှိသော စပါးမျိုးများကို စိုက်ပျိုးကြပြီး အများအားဖြင့် မနောသုခစပါးမျိုးကို စိုက်ပျိုးမှုများပြီး ယခုကဲ့သို့ မိုးစပါးအပြင် မြို့နယ်အတွင်းရှိ ဆည်၊ ကန်တို့မှ စိုက်ပျိုးရေရရှိသော ဒေသများတွင် နွေစပါးကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။ ယခုနှစ်တွင် မြို့နယ်အတွင်း၌ မိုးစပါးကို ဧကလေးသောင်းကိုးထောင်ကျော် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

"တစ်ပတ်နှစ်ပတ်အတွင်း ရိတ်မယ်၊ ခုနှစ်က မိုးများတော့ အပျက်အစီး အနည်းငယ်ရှိတယ်၊ စပါးအထွက်နှုန်းလည်း နည်းနိုင်တယ်၊ စပါးဈေးကတော့ အပိုင်ပြောလို့မရပါဘူး" ဟု စပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

ရမည်းသင်းမြို့နယ်အတွင်းတွင် မိုးစပါးရိတ်သိမ်းပြီးပါက စိုက်ပျိုးမြေတွင် အစိုဓာတ်ရရှိမှုအပေါ် မူတည်၍ ကုလားပဲ၊ နေကြာ၊ ပဲတီစိမ်းနှင့် ဝါတို့ကို ပြန်လည်စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။

**အတ်ကလေး (ရမည်းသင်း)**



# သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းများ အကောင်အထည်ဖော်

**ဘော်လခဲ နိုဝင်ဘာ ၁၅**

ကယားပြည်နယ် သစ်တောရေးရာဝန်ကြီး ဦးတီရယ်သည် ပြည်နယ်သစ်တောဦးစီးဌာနမှညွှန်ကြားရေးမှူး ဦးဇော်ဦး၊ သစ်တော ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးဦးဌေးမောင်၊ ခရိုင်သစ်တောဦးစီးမှူးတို့နှင့်အတူ နိုဝင်ဘာလ ဒုတိယပတ်က ဘော်လခဲမြို့နယ်ရှိ စီးပွားဖြစ်(ကျွန်း)စိုက်ခင်းဧက ၅၀ အကွက်အမှတ် ၂၃ ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

ပြည်နယ်သစ်တောရေးရာဝန်ကြီးနှင့် အဖွဲ့သည် စီးပွားဖြစ်(ကျွန်း)စိုက်ဧက ၅၀၊ ပျိုးပင်ပေါင်း ၆၀၅၀၀ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများနှင့် ရေဝေရေလဲ စိုက်ခင်းဧက ၅၀၊ ကုက္ကို၊ မဲဇလီပျိုးပင်ပေါင်းအပင် ၁၀၀၀၀ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် နှစ်စဉ်သစ်တောပြုန်းတီးမှုရေိယာအားဖြင့် တတိယအများဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံခဲ့ရသောကြောင့် သစ်တောစိုက်ခင်း တည်ထောင်ခြင်း အပါအဝင်သစ်တော ပြုစုထိန်းသိမ်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေပြီး ရာသီဥတုပြောင်းလဲမှု လျော့ချရေးဆိုင်ရာ နိုင်ငံတကာ ကတိကဝတ်များအား ဖြည့်ဆည်းနိုင်ရန်အတွက် သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို ပြည်နယ်သစ်တောဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

# ရမည်းသင်းမြို့ လျှပ်စစ်စက်မှုသုံးလုပ်ငန်းရှင်များ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေး

**ရမည်းသင်း နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ စက်မှုလုပ်ငန်းရှင် လျှပ်စစ်ပါဝါမီတာနှင့် အင်ဂျင်မီးစက်အသုံးပြုသူများ လုပ်ငန်းခွင်လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးနှင့် စက်မှုလုပ်ငန်းလိုင်စင်များ သက်တမ်းတိုးမြှင့်ခြင်း၊ အသစ်ပြုလုပ်ခြင်းအတွက် နှစ်စဉ်ပုံမှန်စစ်ဆေးရေးလုပ်ငန်းများကို တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ခရိုင်ရုံးခွဲမှ လျှပ်စစ်စစ်ဆေးရေးမှူး ဦးသန်းစိန်နှင့်အဖွဲ့၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်နှင့်အဖွဲ့၊ တာဝန်ရှိသူများက နိုဝင်ဘာလ ဒုတိယပတ်က ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအရ လျှပ်စစ်အန္တရာယ် ကျရောက်နေမှုများ၊ လျှပ်စစ်ပစ္စည်းများ ယိုယွင်းပျက်စီးနေမှုများ၊မြေဓာတ်ချရန် လိုအပ်ချက်များကို တာဝန်ရှိလျှပ်စစ်ကျွမ်းကျင်လုပ်သားများဖြင့် ဆက်သွယ်၍ အမြန်ပြုပြင်ဆောင်ရွက်ရန် အချက်လက်များ၊ ညွှန်ကြားချက်စာများ ထုတ်ပေးခဲ့သည်။ နှစ်စဉ်လျှပ်စစ်စစ်ဆေးခနှင့် လျှပ်စစ်လုပ်ငန်း မှတ်ပုံတင်သတ်မှတ်ကြေးများကို ဘဏ်ငွေသွင်းချလန်များဖြင့် ငွေပေးသွင်းစေကာ လုပ်ငန်းမှတ်ပုံတင်လိုင်စင်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

# မြို့နယ်အဆင့် စီမံချက်လုပ်ငန်းများ လွှဲပြောင်း

**ကျောက်ဖြူ နိုဝင်ဘာ ၁၅**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရာသီဥတုဆိုးရွားလာမှုနှင့် ဘေးအန္တရာယ်များ ကျရောက်လာမှုအပေါ် ခံနိုင်ရည်စွမ်းအား တည်ဆောက်ခြင်းနှင့် လိုက်လျောညီထွေနေထိုင်ခြင်း၊ မြို့နယ်အဆင့် စီမံချက်လုပ်ငန်းများ လွှဲပြောင်းအပ်နှံခြင်း အခမ်းအနားကို နိုဝင်ဘာလ ဒုတိယပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော (BRACED) စီမံကိန်းမှ ACU အဖွဲ့မှ ဦးချစ်မင်းထွန်း၊ ဦးဘိုတင်အောင်နှင့် ဦးဇော်လူထက်တို့က ဆောင်ရွက်မှု လုပ်ငန်းစဉ်များကိုလည်းကောင်း၊ UN Habitat အဖွဲ့မှ လက်ထောက်စီမံချက်အရာရှိ ဒေါ်အေးအေးခိုင်က ရခိုင်ပြည်နယ်တွင် ဆောင်ရွက်နေမှုများ၊ ကျောက်ဖြူမြို့နယ်တွင် လက်မှုပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးမှု၊ ကျေးရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်များကို လည်းကောင်း အသေးစိတ်တင်ပြခဲ့သည်။

ဆက်လက်၍ စီမံချက်တွင် ပါဝင်သော ကျေးရွာ ၃၀ မှ ကျေးရွာကော်မတီဝင်များက လိုအပ်ချက်များနှင့် ကျေးရွာအတွင်း ဆောင်ရွက်ခဲ့သော စီမံကိန်းလုပ်ငန်းများ၏ အကျိုးသက်ရောက်မှုများကို တင်ပြဆွေးနွေးခဲ့ကြသည်။

စီမံကိန်းမန်နေဂျာ ဦးအောင်ငြိမ်းလင်းက စီမံကိန်းမှတ်တမ်းစာအုပ်နှင့် ဆန်းစစ် လေ့လာခြင်းစာအုပ်များကို ကျေးရွာ တာဝန်ရှိသူများအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရွှေတောင်မြို့နယ်အတွင်း ကိုင်းခရမ်းချဉ်များ ရာသီဥတု ကောင်းမွန်၍ အထွက်နှုန်းတိုးနိုင်

**ရွှေတောင် နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ကမ်းနံဘေး တစ်လျှောက် စိုက်ပျိုးထားသည့် ခရမ်းချဉ်စိုက်ခင်းများမှာ ရာသီဥတု ကောင်းမွန်ခြင်းနှင့်အတူ မကြာမီစိုက်ပျိုးသူများ စတင်ခူးဆွတ်ရတော့မည်ဖြစ်ပြီး ခရမ်းချဉ်သီးများ အထွက်နှုန်းကောင်းမွန်နိုင်ကြောင်း ဒေသခံတောင်သူများက ခန့်မှန်းလျက်ရှိကြသည်။

ရွှေတောင် မြို့နယ်အတွင်းတွင် ကိုင်းလုပ်ငန်းများကို ဧရာဝတီမြစ်ကမ်းတစ်လျှောက် ကိုင်းခင်းများနှင့် ဧရာဝတီမြစ်လယ်ကောင်ရှိ ကျွန်းများတွင် ဆောင်းသီးနှံအဖြစ် ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ဥမုန်လာ၊ ဆူးပန်း၊ ငရုတ်စသည့် အပင်များ စိုက်ပျိုးကြရာ ခရမ်းချဉ်မှာ အများဆုံး စိုက်ပျိုးလျက်ရှိသည်။ စိုက်ပျိုးထွက်ရှိသည့် သီးနှံများကို ရန်ကုန်သို့ တိုက်ရိုက် တင်ပို့ရောင်းချခြင်းကြောင့် ဈေးကောင်းရရှိသည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေပိုမိုရရှိနိုင်မည်ဟု တွက်ဆမှုများလည်း ရှိနေသည်။

လက်ရှိအချိန်၌ ကိုင်းခရမ်းချဉ်သီးများမှာ ခူးဆွတ်ရန် ရက်အနည်းငယ်လိုနေပြီး လက်ရှိဈေးကွက်အနေဖြင့် လက်လီဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဖြင့် ရောင်းချမှုများရှိနေသည်။

လက်ကားသွင်းဈေး ၁၀ ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ နှင့် ငွေကျပ် ၁၆၀၀၀ ဖြစ်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချရာတွင် လက်ကားဈေးနှုန်း ၁၀ ပိဿာလျှင် ငွေကျပ်၁၃၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# တရားလွှတ်တော် တရားသူကြီး အချုပ်ခန်း၊ အကျဉ်းစခန်းများ ကြည့်ရှုစစ်ဆေး

**တမူး နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ချယ်ရီကြည်သည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်စုစုဝင်း၊ တမူးခရိုင် တရားသူကြီး ဒေါ်အေးအေးထွန်း၊ တမူးမြို့နယ်တရားသူကြီး ဦးမင်းထက်တို့နှင့်အတူ နိုဝင်ဘာ ၁၃ ရက်က ခမ်းပါတ်မြို့အချုပ်စခန်းနှင့် တမူးမြို့မှ ရဲတပ်ဖွဲ့အချုပ်စခန်းသို့လည်းကောင်း၊ နိုဝင်ဘာ ၁၄ ရက်က အုတ်ဖိုကန်ပေါင်စိုက်ပျိုး မွေးမြူရေး အတတ်သင်စခန်းနှင့် မြို့သစ်စိုက်ပျိုး မွေးမြူရေး အတတ်သင်စခန်းသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အချုပ်တရားခံများ၊ အကျဉ်းသား လုပ်အားရှင်များနှင့် တွေ့ဆုံ၍ ဥပဒေပါအခွင့်အရေးရရှိခြင်း ရှိ၊မရှိ ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်မှုများ ရှိ၊မရှိ တို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝင်းနိုင် (တမူး)**

# သီပေါ ကင်းထောက်လူငယ်မောင်မယ်များ ဆေးရုံကြီးသို့ ခေါင်းအုံးများ လှူဒါန်း

**သီပေါ နိုဝင်ဘာ ၁၅**

၉၇ နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ ကင်းထောက်အဖွဲ့ ကင်းထောက်ဆရာ ဦးသန်းလွင်၊ ဆရာမဒေါ်နုနုတင်တို့ ဦးဆောင်သော ကင်းထောက်မောင်မယ်များသည် နိုဝင်ဘာ ၁၃ ရက်က မြို့လယ်မွှာရုံ မဟာသာသနာ့ဗိမာန်တော်ကြီးအတွင်း၊ အပြင် သန့်ရှင်းရေးလုပ်အားဒါနပြုခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသလျက်ရှိသော ဝေဒနာရှင်များအသုံးပြုရန် ခေါင်းအုံးအလုံး ၅၀ ကျော်ကို ဆေးရုံအုပ်ကြီး ဒေါက်တာနန္ဒဝင်းထံ ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားများ မြို့နယ်များတွင်ကျင်းပ

**ပေါက်**

ပေါက်မြို့နယ်တွင် (၉၇) ကြိမ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကို မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ ကွင်းပြင်၌ ကျင်းပခဲ့ပြီး အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့် (၉၇) ကြိမ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းက ဖတ်ကြားသည်။

ထို့နောက် မြန်မာ့ရိုးရာ ခြင်းအလုခတ်ကစားနည်းဖြင့် ဖျော်ဖြေပြီး အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော မြို့နယ်အဆင့် ကဗျာ၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ ဆက်လက်၍ မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက အသင်းအဖွဲ့ ခုနစ်ဖွဲ့ဖွဲ့ကာ ဒေသထွက်အစားအစာ တစ်မျိုးဖြစ်သည့် ကောက်ညှင်းကျည်တောက်ဖုတ်ပြိုင်ပွဲကို ကျင်းပပြီး ဆုရရှိသည့် ကျောင်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးက ဆုများချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ လာရောက်သူများအား ပေါက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေထားသော (၉၇) ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကိုလည်း မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဦးစောမြင့်ခိုင်နှင့်ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြသည်။

**ဉာဏ်တိုး(ပေါက်)**

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၇)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

ယနေ့ခေတ် သိပ္ပံနှင့်နည်းပညာများ အလွန့်အလွန် တိုးတက်နေသည့်တိုင် ငလျင်လှုပ်မည့်အရေးကို ကြိုကြိုတင်တင် ခန့်မှန်းနိုင်ခြင်းမရှိကြသေးပေ။ ကမ္ဘာ့ငလျင်လှုပ်ခတ်မှု အများဆုံးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံသည် စက်မှုဖွံ့ဖြိုးပြီးဖြစ်သော ထိပ်တန်းနိုင်ငံတစ်ခု ဖြစ်သည်နှင့်အညီ ငလျင်လှုပ်ခတ်မှု၏ အဦးအစဖြစ်သော မြေအောက်လှုပ်ရှားမှုများကို အချိန်ရနိုင်သလောက် ကြိုတင်ထောက်လှမ်းသိရှိနိုင်သည့် တိုင်းတာရေးစခန်း ကွန်ရက်ကြီးကို ဒေါ်လာသန်း ၅၀၀ အကုန်အကျခံ၍ တည် ဆောက်ခဲ့သည်။

ငလျင်အစ မြေအောက်လှုပ်ရှားမှုများကို တိုင်းတာသည့်စခန်းပေါင်း ၁၀၀၀ ကျော်ကို စီရင်စု တစ်ခုချင်းစီအလိုက် တစ်နိုင်ငံလုံး၌ ကွန်ရက်အဖြစ်ဖြန့်ကြက်ကာ ငလျင်ကြိုတင်သတိပေးဌာနနှင့် ချိတ်ဆက်ထားခဲ့သော ဂျပန်နိုင်ငံသည် ၂၀၁၁ ခုနှစ်ကဖြစ်ပွားခဲ့သည့် ငလျင်လှုပ်မည့်အရေးကို စက္ကန့်ပိုင်းမျှသာ ကြိုတင်သိရှိနိုင်ခဲ့သည်။

၂၀၁၁ ခုနှစ် မတ် ၁၁ ရက် မွန်းလွဲ ၂ နာရီ ၄၆ မိနစ်က ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းပေါ်ရှိ ဆန်ဒိုင်းဒေသ အရှေ့ဘက် မိုင် ၈၀ ခန့်အကွာနေရာ၏ မြေအောက်အနက် ၂၅ ဒသမ ၂ မိုင်ကိုဗဟို ပြု၍ ၉ ဒသမ ၀ မဂ္ဂနီကျူရှိ အင်အားအလွန်ပြင်းထန်သော ငလျင်ကြီးလှုပ်ခတ်ခဲ့သည်။

ဆက်သွယ်ရေးစနစ် အလွန်ကောင်းမွန်ပြီး တုံ့ပြန်ဆောင်ရွက်မှု အလွန်မြန်ဆန်သည့် ဂျပန်နိုင်ငံသည် စက္ကန့်ပိုင်းမျှသာကြိုသိရသည့် ငလျင်လှုပ်မည့်အရေးကို နိုင်ငံတစ်ဝန်းအချိန်ရနိုင်သလောက် ကြိုတင် ထုတ်ပြန်ခဲ့သည့်အတွက် ပျက်စီးဆုံးရှုံးမှု ကြီးမားကျယ်ပြန့်ခဲ့သည့်တိုင် ဆိုးဆိုးရွားရွားဖြစ်ပွားခဲ့သည့် အဆိုပါ ပျက်စီးဆုံးရှုံးမှုနှင့်နှိုင်းစာလျှင် လူအသေအပျောက် အလွန်နည်းပါးခဲ့သည်။ ထိုအင်အားပြင်းငလျင်ကြီးကြောင့် ဂျပန်ပင်လယ်ကြမ်းပြင်သည် တစ်ဖက်တစ်ချက်သို့ ၇၉ ပေခန့် ရွေ့သွားခဲ့သည့်အပြင် အပေါ်ဘက်သို့လည်း ၁၀ ပေခန့်မြင့်တက်လာခဲ့သည်။

ငလျင်လှုပ်မည့်အရေးကို လူတို့က ကြိုတင်မသိရှိနိုင် မခန့်မှန်းနိုင်ကြသေးသော်လည်း တိရစ္ဆာန် မျိုးစိတ်အချို့က အာရုံခံစား၍ ကြိုတင်သိရှိနိုင်သည်ဆိုသော ယူဆချက်များလည်း ထွက်ပေါ်လာခဲ့သည်။ သာဓကအားဖြင့် အီတလီနိုင်ငံ အယ်လ်အကွီလာမြို့၌ ငလျင်မလှုပ်မီ ထောင်နှင့်ချီသောဖားများ လမ်းပေါ်သို့ တက်ရောက်လာခဲ့ကြသလို... တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ ငလျင်မလှုပ်မီ ရာပေါင်းများစွာသောမြွေများ မြေပြင်ပေါ်သို့ တက်ရောက်လာခဲ့ကြခြင်းများကို ကြုံတွေ့ခဲ့ကြရသည်။

ငလျင်လှုပ်ခါနီးဆဲဆဲတွင် ဘူမိဆိုင်ရာလှုပ်ရှားမှုများကြောင့် မြေအောက်ရေအပါအဝင် ဒြပ်စင်များ အပြောင်းအလဲဖြစ်သည့်အပေါ် တိရစ္ဆာန်အချို့က အာရုံခံသိရှိနိုင်ကြသည်ဟု သုတေသီအချို့က ယုံကြည်ခဲ့ကြသည်။ ငလျင်လှုပ်ရန် နာရီပိုင်းခန့်အလို၌ နွားများဂနာမငြိမ်ဖြစ်လာခြင်း၊ ခွေးများ အုပ်စုလိုက်အူခြင်း၊ ငှက်များအသိုက်ပြောင်းရွှေ့ခြင်း၊ စင်ရော်များ ရေပြင်ပေါ်၌ပျံသန်းနေရာမှ ကုန်းပေါ်သို့ အုပ်စုလိုက်ဦးတည် ပျံသန်းခြင်း၊ မိကျောင်းများ ခေါင်းထောင်လာခြင်း၊ ဝက်များ ဆောက်တည်ရာမရဘဲ အော်မည်ပြေးလွှားခြင်း စသော ထူးခြားသည့်အပြုအမူများသည် အချို့သောငလျင်များနှင့် တိုက်ဆိုင်ခဲ့သည်ကို သုတေသီအချို့က သတိပြုမိခဲ့ကြသည်။

သို့ရာတွင် တိရစ္ဆာန်အချို့၏ ထူးခြားသော ထိုအပြုအမူများသည် ငလျင်လှုပ်တော့မည့် ရှေ့ပြေး နိမိတ်များဖြစ်သည်ဆိုသော ခိုင်လုံတိကျသည့် ထုတ်ပြန်ချက်မျိုးကို လုပ်ဆောင်နိုင်ခြင်း မရှိကြသေးပေ။ အဘယ်ကြောင့်ဆိုသော် သုတေသနပြု စမ်းသပ်ချက် အကြိမ်ပေါင်းများစွာတွင် အနည်းစုကသာ တိုက်ဆိုင်မှန်ကန်ပြီး အများစုကမူ ငလျင်လှုပ်ခြင်းနှင့် တိုက်ဆိုင်မှုမရှိကြသောကြောင့် ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် နွားများနှင့်စမ်းသပ်သည့် သုတေသနကဲ့သို့သော စမ်းသပ်ချက် အများအပြားက ထိုယူဆချက်များ မှန်ကန်ခြင်း မရှိကြောင်းကို ထောက်ပြခဲ့ပြီးဖြစ်သည်။

ငလျင်လှုပ်မည့်အရေးကို တိကျစွာ ကြိုတင်ခန့်မှန်းခြင်း မပြုနိုင်သေးသည့်အတွက် ငလျင်ကြောပေါ်၌ ကျရောက်နေသည့်မြို့ရွာများနှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် ငလျင်ကြောင့် ဖြစ်ပွားလာနိုင်ဖွယ်ရှိသော ပျက်စီးဆုံးရှုံးမှုများကို လျော့ပါးသက်သာအောင် ကြိုကြိုတင်တင် စီမံဆောင်ရွက်သွားကြရမည်သာ ဖြစ်သည်။

ငလျင်၏ဘေးအန္တရာယ်ကို ကြိုတင်တွေးဆပြီး ပူပင်သောက ပွားနေကြရန်မလိုအပ်သော်လည်း လျှပ်တစ်ပြက်ရန်သူနှင့်တူသော ငလျင်ဘေးကိုမူ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေသင့်ကြပေ။ အထူးသဖြင့် ငလျင်လှုပ်ခဲ့ဖူးသော မြို့ရွာဒေသများ၊ ငလျင်လှုပ်ခဲ့ဖူးခြင်းမရှိသည့်တိုင် ငလျင်ကြောအတွင်း ကျရောက်နေသည့် မြို့ရွာဒေသများသည် ငလျင်အန္တရာယ်ကို ကြုံတွေ့ကြရနိုင်သော နေရာများပင် ဖြစ်ကြသည်။

ခိုင်လုံသော အထောက်အထားများအရ မြန်မာနိုင်ငံ၏ သမိုင်းတွင် အများဆုံးကြုံတွေ့ခဲ့ရသော သဘာဝဘေးအန္တရာယ်မှာ ငလျင်ဖြစ်သည်ကိုလည်း သိရှိထားကြရန် လိုအပ်သည်။ မြန်မာနိုင်ငံ၏ သဘာဝ အတားအဆီးများသည် အခြားသော သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်ခဲ့သည့်တိုင် ငလျင်၏ထိုးနှက်မှုများကိုမူ ခါးစည်းခံခဲ့ကြရကြောင်း အတိတ်ဖြစ်ရပ်များစွာတို့က သက်သေပြခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ လှုပ်ခဲ့ဖူးသော မြေငလျင်ပေါင်းများစွာတို့သည် အနာဂတ်ကာလတွင် မြန်မာနိုင်ငံသားအားလုံးတို့ကို မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆမနေကြရန် သတိပေး ထောက်ပြလျက် ရှိနေကြသည်။



၂၀၁၁ ခုနှစ် မတ် ၁၁ ရက်က ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းငလျင်ကြီးအပြီး အပျက်အစီးများ

မြန်မာနိုင်ငံတွင်လှုပ်ခဲ့သော ငလျင်အကြိမ်ရေများစွာအနက် ထူးထူးခြားခြား ပျက်စီးဆုံးရှုံးမှုများပြားခဲ့သည့် ငလျင်အချို့ကို လေ့လာသုံးသပ်ကြည့်ရန် လိုအပ်မည်ဖြစ်သည်။ ၁၇၆၂ ခုနှစ် ဧပြီ ၂ ရက်က ရခိုင်ပြည်နယ်၌လှုပ်ခဲ့သော မာကယ်လီစကေးအဆင့် ၉ ရှိသည့် ငလျင်ကြီးသည် ရခိုင်ကမ်းခြေ ကုန်းမြေ အစိတ်အပိုင်းအချို့ကို ပင်လယ်ရေအောက်သို့ ရောက်ရှိသွားစေခဲ့သည်။

**"တိရစ္ဆာန်အချို့၏ ထူးခြားသော ထိုအပြုအမူများသည် ငလျင်လှုပ်တော့မည့် ရှေ့ပြေး နိမိတ်များဖြစ်သည်ဆိုသော ခိုင်လုံတိကျသည့် ထုတ်ပြန်ချက်မျိုးကို လုပ်ဆောင်နိုင်ခြင်း မရှိကြသေးပေ။ အဘယ်ကြောင့်ဆိုသော် သုတေသနပြု စမ်းသပ်ချက် အကြိမ်ပေါင်းများစွာတွင် အနည်းစုကသာ တိုက်ဆိုင်မှန်ကန်ပြီး အများစုကမူ ငလျင်လှုပ်ခြင်းနှင့် တိုက်ဆိုင်မှု မရှိကြသောကြောင့် ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် နွားများနှင့်စမ်းသပ်သည့် သုတေသန ကဲ့သို့သော စမ်းသပ်ချက် အများအပြားက ထိုယူဆချက်များ မှန်ကန်ခြင်း မရှိကြောင်းကို ထောက်ပြခဲ့ပြီးဖြစ်သည်"**

၁၈၃၉ ခုနှစ် မတ် ၂၃ ရက်က အင်းဝ၌လှုပ်ခတ်ခဲ့သော မာကယ်လီစကေးအဆင့် ၉ ရှိ ငလျင်ကြီး သည် လူပေါင်း ၃၀၀ ကျော်ကို အသက်ဆုံးရှုံးစေခဲ့သည်။ အမရပူရတစ်မြို့လုံးကို ပျက်သုဉ်းစေခဲ့ပြီး ဧရာဝတီမြစ်ရေကိုပင် ခေတ္တခဏမျှ ပြောင်းပြန်စီးဆင်းစေခဲ့သည်။

၁၈၅၈ ခုနှစ် ဩဂုတ် ၂၄ ရက်က ပြည်မြို့၌လှုပ်ခဲ့သည့် မာကယ်လီစကေးအဆင့် ၈ ရှိသည့် ငလျင်ကြီးသည် အဆောက်အအုံများစွာကို ဖျက်ဆီးခဲ့ပြီး စေတီတော်အချို့ကို မြေခစေခဲ့သည်။ ဧရာဝတီမြစ်ရေကို တစ်ခဏမျှ ပြောင်းပြန်စီးဆင်းစေခဲ့ပြီး မြစ်အောက်ကြမ်းပြင်များကိုလည်း အပေါ်သို့ ကြွတက်လာစေခဲ့သည်။

၁၉၃၀ ပြည့်နှစ် မေ ၅ ရက်က ပဲခူးမြို့၌ လှုပ်ခဲ့သော မာကယ်လီစကေးအဆင့် ၁၀ ရှိသည့် ငလျင်ကြီးသည် ပဲခူးတစ်မြို့လုံးကို သုသာန်တစ်စပြင်ကဲ့သို့ ဖြစ်သွားစေခဲ့သည်။ အဆောက်အအုံအားလုံးနီးပါးကို ပြိုကျစေခဲ့ပြီး လူပေါင်း ၅၀၀ ကျော်ကို အသက်ဆုံးရှုံးစေခဲ့သည်။ ကမ္ဘာ့အမြင့်ဆုံးစေတီတော်မြတ်ဖြစ်သည့် ရွှေမော်ဓောစေတီတော်ကို ပြိုကျစေခဲ့ပြီး စိန်ဖူးတော်ကို မြေခစေခဲ့သည်။

၁၉၃၂ ခုနှစ် မေ ၂၃ ရက်က ပြင်ဦးလွင်၌လှုပ်ခဲ့သော ငလျင်ကြီးသည် ပြင်ဦးလွင်နှင့် ရှမ်းပြည်နယ်အကြားရှိ တောင်အများအပြားကို ပြိုကျသွားစေခဲ့သည်။ ထိုအင်အားပြင်း ငလျင်ကြီးသည် မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ မိတ္ထီလာ၊ မကွေး စသောမြို့များကိုပါ တုန်ခါသွားစေခဲ့သလို ...ထိုင်းနိုင်ငံမြောက်ပိုင်းအထိပင် တုန်ခါမှုများကို သက်ရောက်သွားစေခဲ့သည်။

၁၉၅၀ ပြည့်နှစ် ဩဂုတ် ၂၃ ရက်က ပူတာအို၌လှုပ်ခဲ့သော ငလျင်ကြီးသည် ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေတို့ကို တောင်မှမြောက်သို့ ပြောင်းပြန်စီးဆင်းစေခဲ့သည်။ ထို့အတူ ၁၉၅၆ ခုနှစ် ဇူလိုင် ၁၆ ရက်က စစ်ကိုင်း၌လှုပ်ခဲ့သော မာကယ်လီစကေးအဆင့် ၉ ရှိသည့် ငလျင်ကြီးသည် မန္တလေးမြို့ပေါ်ရှိ အဆောက်အအုံဟောင်းများကို ပြိုကျစေခဲ့ပြီး လူ ၅၀ နီးပါးကို အသက်ဆုံးရှုံးသွားစေခဲ့သလို စစ်ကိုင်းတံတားကြီးကိုပါ နေရာ အနည်းငယ် ရွေ့သွားစေခဲ့သည်။

၁၉၇၀ ပြည့်နှစ် စက်တင်ဘာ ၉ ရက်က ရန်ကုန်မြို့၌ လှုပ်ခဲ့သည့် မာကယ်လီစကေးအဆင့် ၇ ခန့်ရှိ ငလျင်သည် တိုက်တာအဆောက်အအုံ ၆၀ ကျော်ကို ကွဲအက်သွားစေပြီး လူလေးဦးကို ဒဏ်ရာရရှိစေခဲ့သည်။ ကမ္ဘာ့အထင်ရှားဆုံး စေတီတော်မြတ်ဖြစ်သည့် ရွှေတိဂုံစေတီ၏ စိန်ဖူးတော်ကိုပါ ယိုင်နဲ့သွားစေခဲ့သည်။ လူအသေအပျောက်မရှိသော်လည်း ထူးခြားသည့်အချက်မှာ ထိုငလျင်မတိုင်မီ အကြိုငလျင်ငယ်များနှင့် နောက်ဆက်တွဲငလျင်ငယ်များ အကြိမ်ရေများစွာ လှုပ်ခဲ့ခြင်းပင် ဖြစ်သည်။

၁၉၇၅ ခုနှစ် ဇူလိုင် ၈ ရက်က ပုဂံညောင်ဦးဒေသ၌ လှုပ်ခဲ့သော ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိသည့် ငလျင်သည် လူနှစ်ဦးမျှကိုသာ အသက်ဆုံးရှုံးစေခဲ့သော်လည်း တန်ဖိုးမဖြတ်နိုင်သည့် ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်စာရင်းဝင် စေတီပုထိုးများကို မြေခစေခဲ့သည့်အတွက် ကမ္ဘာကျော်လူသိများသော ငလျင်တစ်ခု ဖြစ်ခဲ့သည်။ အဆိုပါငလျင်သည် ဧရာဝတီမြစ်ရေစီးဆင်းနေမှုကို ခေတ္တတုံ့ဆိုင်းသွားစေခဲ့ပြီး မင်းဘူး ရွှံ့မီးတောင်အနီးရှိ ကျောက်ခင်းလမ်းမကြီးကို နှစ်ပေခန့် မြင့်တက်သွားစေခဲ့သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အကြိမ်ရေ ရာပေါင်းများစွာ လှုပ်ခဲ့သော ငလျင်များကြောင့် ငလျင်ဇုန်ရပ်ဝန်းများလည်း အများအပြား ပေါ်ထွက်လာခဲ့သည်။ စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီး၏ အထက်ပိုင်း၌ရှိသော အထက်မြန်မာပြည် ငလျင်ဇုန်ရပ်ဝန်း၊ စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီး၏ အောက်ပိုင်း၌ရှိသော အောက်မြန်မာ ပြည်ငလျင်ဇုန်ရပ်ဝန်း၊ အရှေ့မြောက်ဒေသ ငလျင်ဇုန်ရပ်ဝန်း၊ အန်ဒမန်ပင်လယ်ပြင် ငလျင်ဇုန်ရပ်ဝန်း စသည်ဖြင့် ဖြစ်ပေါ်လာခဲ့ပြီး ငလျင်ဇုန်ရပ်ဝန်း တစ်ခုချင်းစီ၏အတွင်း၌ တိုင်းဒေသကြီးနှင့်ပြည်နယ်များ အလိုက် ဒေသအများအပြား ပါဝင်လျက်ရှိနေကြသည်။

ငလျင်သည် ရှောင်လွှဲ၍မရနိုင်သော သဘာဝဘေးဆိုးကြီးတစ်ခုဖြစ်သည့်အတွက် ငလျင်ကြောင့် ဖြစ်ပွားလာနိုင်ဖွယ်ရှိသည့် ဘေးအန္တရာယ်အသွယ်သွယ်တို့ကို အတတ်နိုင်ဆုံး လျော့ပါးသက်သာအောင် ကြိုတင်စီမံ ဆောင်ရွက်ကြရမည်သာ ဖြစ်သည်။ စံသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော အရည်အသွေးနိမ့် အဆောက်အအုံများနှင့် တံတားများ၊ ဓာတ်ပြုပေါက်ကွဲစေနိုင်သော ဓာတုပစ္စည်းသိုလှောင်ရုံများ၊ ဓာတ်ဆီဆိုင်များ၊ သဘာဝဓာတ်ငွေ့အရောင်းဆိုင်များ၊ စနစ်တကျ ဆောက်လုပ်တပ်ဆင်ထားခြင်းမရှိသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားခွဲရုံများစသည်တို့သည် ငလျင်ဘေးနှင့် ကြုံတွေ့ရသည့်အခါ ထိခိုက်ပျက်စီး ဆုံးရှုံးမှုများကို ကြီးမားစွာဖြစ်ပေါ်စေနိုင်သော အရာများ ဖြစ်ကြသည်။

သို့ဖြစ်၍ အင်အားပြင်းငလျင်များ၏ဒဏ်ကို ကောင်းစွာခံနိုင်ရည်ရှိသော အဆောက်အအုံများကို ခေတ်သစ်နည်းပညာများဖြင့် ဆောက်လုပ်နေထိုင်ခြင်း၊ ဓာတ်ဆီဆိုင်နှင့် သဘာဝဓာတ်ငွေ့အရောင်းဆိုင်များကို လူနေအိမ်များနှင့် အလှမ်းဝေးရာ၌သာ ဖွင့်လှစ်ရောင်းချစေခြင်း၊ ဓာတုပစ္စည်းသိုလှောင်ရုံများကို လူနေရပ်ကွက်နှင့် ဝေးရာ၌သာထားရှိခြင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ လျှပ်စစ် ဓာတ်တိုင်များနှင့် ထရန်စဖော်မာများစသည်တို့ကို ငလျင်ဒဏ်ခံနိုင်အောင် စနစ်တကျ တွက်ချက် တည်ဆောက် တပ်ဆင်ထားခြင်း၊ ငလျင်ဘေးကျရောက်သည့်အခါ လုပ်ဆောင်ရမည့် နည်းလမ်းများကို အများသူငါတို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ကြိုတင်နှိုးဆော် သတိပေးထားခြင်း၊ ငလျင်၏ သဘောသဘာဝများကို ကောင်းစွာသိရှိအောင် ပညာပေးပို့ချခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်အောင် လေ့ကျင့်သင်တန်းပေးထားခြင်း စသည်တို့သည် ငလျင်ဘေးနှင့် ကြုံရသည့်အခါ ထိခိုက်ပျက်စီးမှုနှင့် အသက်ဆုံးရှုံးရမှုများကို များစွာလျှော့ချပေးနိုင်မည့် နည်းလမ်းကောင်းများပင် ဖြစ်ကြပေသည်။

**ဆူနာမီအင်အား လျှော့တွက်မထားနဲ့**

ဆူနာမီဟူသောဝေါဟာရမှာ ဂျပန်ဘာသာစကား ဖြစ်ပြီး ကမ်းစပ်တွင်ဖြစ်ပေါ်သော လှိုင်းဂယက်ဟု အဓိပ္ပာယ်ရသည်။ အင်အားအလွန်ကြီးမားသော ဆူနာမီ၏လှိုင်းအလျားသည် ကီလိုမီတာ ၁၀၀ မှ ၂၀၀ အထိရှိပြီး လှိုင်း၏အမြင့်ကမူ မီတာ ၃၀ အထိပင်ရှိနိုင်သည်။

ပင်လယ်နှင့် သမုဒ္ဒရာများအတွင်း၌ ပုံမှန်လေတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်သောလှိုင်းတို့သည် အလျားမီတာ ၁၀၀ ခန့်အထိသာရှိနိုင်ပြီး လှိုင်းအမြင့်ကလည်း လှိုင်းကြီးချိန်၌ပင် နှစ်မီတာအထိသာ ရှိနိုင်သည့်အတွက် ဆူနာမီလှိုင်းတံပိုးနှင့် သာမန်ပင်လယ်လှိုင်းများကို လွယ်လင့်တကူခွဲခြားနိုင်သည်။

ကမ္ဘာတစ်ဝန်းလုံး၌ ဆူနာမီဖြစ်ပွားခဲ့သော အကြိမ်ရေ အများအပြားရှိခဲ့သည်။ "ဆူနာမီ စတင်ဖြစ်ပေါ်လာပုံနှင့် ဆူနာမီ၏သဘောသဘာဝတို့ကို လေ့လာသုတေသနပြုမှုများ မလုပ်ဆောင်နိုင်မီအချိန်က ဆူနာမီနှင့်ပတ်သက်သော ရိုးရာယုံကြည်မှုများနှင့် လွဲမှားသောအယူအဆများက လူမျိုးစုတချို့အပေါ် လွှမ်းမိုးခဲ့သည်။ သာဓကအားဖြင့် ဆူနာမီလှိုင်းတံပိုးများသည် နတ်ဆိုးတစ်ပါးက ဒဏ်ခတ်ရန် စေလွှတ်လိုက်သော တမန်တော်များဖြစ်သည်"ဟု ဂျပန်လူမျိုးတို့က ရှေးရိုးစဉ်လာ ယုံကြည်ခဲ့ကြဖူးသည်။

ဆူနာမီကိုဖြစ်ပေါ်စေသော အကြောင်းရင်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ငလျင်လှုပ်ခြင်း
(၂) မြေပြိုခြင်း
(၃) မီးတောင်ပွင့်အန်ခြင်း
(၄) ပေါက်ကွဲခြင်း
(၅) ဥက္ကာခဲများ ကျရောက်ဆောင့်မိခြင်း

ဆူနာမီလှိုင်းကို ဖြစ်ပေါ်စေနိုင်သော အကြောင်းရင်းများအနက် အဓိကကျသော အကြောင်းရင်းတစ်ရပ်မှာ မြေငလျင်လှုပ်ခတ်ခြင်းပင် ဖြစ်သည်။ အင်အားပြင်းထန်သော မြေငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပင်လယ်အောက်ခံကြမ်းပြင်၌ ကြီးမားသောကွဲအက်မှု ဖြစ်ပေါ်သည့်အခါ၊ အဆိုပါ ရေမအက်ကွဲကြောင်းကြီးအတွင်းသို့ နီးကပ်စွာရှိနေသော ပင်လယ်ရေများက အလုံးအရင်းနှင့် ဝင်ရောက်လာကြသည်။ ထိုသို့ဝင်ရောက်မှုကြောင့် ပင်လယ်ရေမျက်နှာပြင် ရုတ်တရက်ကျဆင်းမှု ဖြစ်ပေါ်လာသည်။ ဤသည်မှာကား ဆူနာမီ၏ ကနဦးအစပင်ဖြစ်သည်။

ပင်လယ်ပြင်ကြီးများသည် အလွန်ကြီးမား ကျယ်ပြန့်လှသည့်အားလျော်စွာ၊ ပင်လယ်ကြမ်းပြင် အက်ကွဲကြောင်းကြီးအတွင်းသို့ ဝင်ရောက်ကျဆင်းသွားသည့် ပင်လယ်ရေများ၏ နေရာတွင် ဝေးရာအရပ်မှ ပင်လယ်ရေများက အလုံးအရင်းနှင့် ရွေ့လျားဝင်ရောက်လာသည့်အတွက် ဆူနာမီလှိုင်းတံပိုးကြီးများ စတင်ဖြစ်ပေါ်လာသည်။

အစကနဦးက ရုတ်တရက်နိမ့်ဆင်းသွားသော ပင်လယ်ရေမျက်နှာပြင်သည် အချိန်ငါးမိနစ်မျှ အတွင်းမှာပင် အစားထိုးဝင်ရောက်လာသော ပင်လယ်ရေလုံးကြီးများကြောင့် ပုံမှန်ရှိမြဲထက် စင်တီမီတာ ၃၀ ခန့်အထိ မြင့်တက်လာသည်။ ဆူနာမီစတင်ဖြစ်ပေါ်ရာနေရာ၌ အလျား ကီလိုမီတာ ၁၀၀ ခန့်ရှိသော လှိုင်းလုံးကြီးဖြစ်ပေါ်လာပြီး အဆိုပါ ရေမလှိုင်းလုံးကြီးများသည် ပျမ်းမျှအားဖြင့် တစ်နာရီလျှင် ကီလိုမီတာ ၈၀၀ အမြန်နှုန်းဖြင့် ပင်လယ်ကမ်းစပ်များဆီသို့ ရွေ့လျားရောက်ရှိလာသည်။

ပင်လယ်ကမ်းရိုးတန်းနှင့် နီးကပ်လာသည့်အခါ ဆူနာမီလှိုင်း၏အောက်ခြေပိုင်းသည် အရှိန် လျော့ကျလာသော်လည်း လှိုင်း၏အပေါ်ပိုင်းကမူ အင်နားရှားသဘောတရားအရ မူလအမြန်နှုန်းဖြင့်ပင် ဆက်လက်ရွေ့လျားနေခြင်းကြောင့် သုံးမီတာမှ ၁၀ မီတာခန့်အထိမြင့်မားသော လှိုင်းတံပိုးကြီးများ ဖြစ်ပေါ်ကာ ကမ်းခြေနှင့်တကွ ရှိရှိသမျှသော သစ်ပင်၊ အဆောက်အအုံနှင့် သက်ရှိသက်မဲ့မှန်သမျှတို့ကို အင်အားပြင်းထန်စွာဖြင့် ရိုက်ခတ်သည်။ ။

(ဆက်လက်ဖော်ပြပါမည်)

# ကိုရီးယား-မြန်မာ ချစ်ကြည်ရင်းနှီးမှုဖြင့် ပူးပေါင်းဆောင်ရွက်နေသော မြန်မာဆေးမားအူးလ်အွန်ဒုန်စီမံကိန်း (ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း)

အေးကိုကို၊ စိုက်ပျိုးရေး

**"Saemaul Undong" ဆိုသည်မှာ ကိုရီးယားဘာသာစကားဖြစ်ပြီး မြန်မာလို 'ကျေးရွာသစ်လှုပ်ရှားမှု' လို့ အဓိပ္ပာယ်ရပါတယ်။ ကိုရီးယားနိုင်ငံမှာ ၁၉၇၀ ပြည့်နှစ် သမ္မတ ပတ်ချုန်ဟီး လက်ထက်က စခဲ့ပါတယ်။ သူတို့ နိုင်ငံမှာ နွေရာသီမိုးရွာလို့ ရေကြီးရေလျှံဖြစ်တဲ့ ရွာကလေး တစ်ရွာမှာ ရွာသူရွာသားများဟာ ကိုယ့်အားကိုယ်ကိုးပြီး မိမိရွာကို ပြန်လည်ထူထောင်ခြင်း၊ နောင် ရေဘေးအန္တရာယ်ကင်းဝေးအောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခြင်း၊ တက်ညီလက်ညီနဲ့ လုံ့လဝီရိယရှိစွာ ကြိုးစားဆောင်ရွက်နေကြတာကို သမ္မတ ပတ်ချုန်ဟီး တွေ့ရှိပြီး ဆေးမားအူးလ် စီမံကိန်းရေးဆွဲချမှတ်ကာ တစ်နိုင်ငံလုံးမှာရှိတဲ့ ကျေးရွာပေါင်း ၃၃၂၆၇ ရွာကို တစ်ရွာလျှင် ဘိလပ်မြေအိတ် ၃၃၅ အိတ်စီ အညီအမျှထောက်ပံ့ပေးပြီး မိမိကျေးရွာ ဖွံ့ဖြိုးသာယာလှပစေဖို့ ယှဉ်ပြိုင်ဆောင်ရွက်စေခြင်းဖြင့် ဆေးမားအူးလ်အွန်ဒုန် စခဲ့တာ ဖြစ်ပါတယ်။**

### ဆေးမားအူးလ်စိတ်ဓာတ်

ကိုရီးယားသမ္မတနိုင်ငံဟာ ၁၉၄၅ ခုနှစ်က ဂျပန် ကိုလိုနီဘဝက လွတ်လပ်ရေးရခဲ့ပြီး ၁၉၅၀ ပြည့်နှစ် တောင်၊ မြောက်ကိုရီးယား စစ်ပွဲတွေဖြစ်ခဲ့လို့ ပြည်သူများ ဆင်းရဲမွဲတေခဲ့ရပြီး ပြာပုံထဲက ရုန်းထခဲ့တာ ကိုရီးယားပြည်သူများ၏ ဆေးမားအူးလ်စိတ်ဓာတ်နဲ့ ခေါင်းဆောင်များရဲ့ ကောင်းမွန်တဲ့ ဦးဆောင်မှုကြောင့် ဖြစ်ပါတယ်။

ယနေ့ ကိုရီးယားနိုင်ငံဟာ ကမ္ဘာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အဆင့် ၁၀၊ ပြည်ပတင်ပို့မှု အဆင့် ၆၊ လူတစ်ဦးချင်းစီ၏ တစ်နှစ် ပျမ်းမျှဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၂၀၀၀၀ ကျော်ရှိပြီး ကမ္ဘာအနှံ့ ဆေးမားအူးလ်စိတ်ဓာတ် ပြန့်ပွားစေဖို့ ဆောင်ရွက်ရာမှာ ကိုရီးယား-မြန်မာ ချစ်ကြည်ရင်းနှီးမှု၊ နိုင်ငံ့ခေါင်းဆောင်များရဲ့ အမြော်အမြင်ကြီးစွာ ကူညီဆောင်ရွက်မှုတို့ကြောင့် "မြန်မာ ဆေးမားအူးလ်အွန်ဒုန်စီမံကိန်းကြီး" ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှာ ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့ခြင်းဖြင့် အစပျိုးခဲ့တာ ဖြစ်ပါတယ်။

### စီမံကိန်းအကြောင်းအရာများ

မြန်မာဆေးမားအူးလ်အွန်ဒုန် စီမံကိန်းဟာ ၂၀၁၄ မှ ၂၀၁၉ ခုနှစ်အထိ ငါးနှစ်စီမံကိန်းဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂၂ သန်း ထောက်ပံ့ပေးတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအစိုးရဘက်မှလည်း ဝန်ထမ်းများ၊ လိုအပ်တဲ့ ရန်ပုံငွေ ထောက်ပံ့ပေးမှုများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

စီမံကိန်းရဲ့အဓိက လုပ်ငန်းစဉ် (၄)ခု ဖြစ်တဲ့ (၁) Master Plan ရေးဆွဲခြင်း၊ (၂) သင်တန်းကျောင်း တည်ဆောက်ခြင်းနှင့် သင်တန်းများပေးခြင်း၊ (၃) စံပြကျေးရွာ ၁၀၀ ရွေးချယ် အကောင်အထည်ဖော်ခြင်း၊ (၄) စီမံကိန်း၏ အကျိုးသက်ရောက်မှုကို နှစ်စဉ် အကဲဖြတ် သုံးသပ်ခြင်းတို့ ပါဝင်ပါတယ်။

Master Plan ရေးဆွဲခြင်းကို ကိုရီးယား - မြန်မာပညာရှင်များ ပူးပေါင်းရေးဆွဲပြီး နှစ်စဉ် Update ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး သင်တန်းကျောင်းကို မြန်မာနိုင်ငံ၏ ဗဟိုချက်မ ဖြစ်တဲ့ နေပြည်တော် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေး သုတေသနဦးစီးဌာန အနီးမှာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်က ပန္နက်တင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ အားလုံးပြီးစီးပြီ ဖြစ်သည်။ ကျေးရွာခေါင်းဆောင်များနဲ့ ဝန်ထမ်းများကို ၂၀၁၅ ခုနှစ်ကစပြီး သင်တန်းများ ပို့ချပေးခြင်းကိုတော့ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်မှာရှိတဲ့ စိုက်ပျိုးရေးဦးစီးဌာန၊ ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးရေးဌာနမှာ ယာယီဖွင့်လှစ်ပို့ချခဲ့တာ ၂၀၁၇ ခုနှစ် ဇွန်လအထိ အကြိမ် (၃၀)၊ သင်တန်းသား ၁၅၈၀ ရှိပြီး ဖြစ်ပါသည်။ တည်ဆောက်ပြီးစီးခဲ့တဲ့ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းကြီးကို နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းများ ဆက်လက်ပို့ချပေးလျက်ရှိပါတယ်။

### ကိုရီးယားသို့

ကျေးရွာခေါင်းဆောင်များနဲ့ ဝန်ထမ်းများကို ပြည်တွင်းမှာသာမက ကိုရီးယားသို့ ခေါ်ဆောင်ပြီး သင်တန်းနဲ့ လေ့လာရေးများ စေလွှတ်ပေးခဲ့တာ ၂၀၁၇ ခုနှစ် အောက်တိုဘာလအထိ (၁၅) ကြိမ်ရှိပြီး ဝန်ထမ်း ၇၆ ဦး၊ ကျေးရွာခေါင်းဆောင် ၁၀ ဦးရှိပြီ ဖြစ်ပါတယ်။

ဆေးမားအူးလ်အွန်ဒုန်စီမံကိန်း ဆောင်ရွက်လျက်ရှိသော ကျေးရွာများစာရင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ်ပေါင်း | စီမံကိန်းကျေးရွာပေါင်း |
|---|---|---|---|
| ၁ | နေပြည်တော် | ၄ | ၄၀ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး | ၄ | ၁၀ |
| ၃ | တနင်္သာရီတိုင်းဒေသကြီး | ၂ | ၅ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၁ | ၅ |
| ၅ | မန္တလေးတိုင်းဒေသကြီး | ၄ | ၁၀ |
| ၆ | မွန်ပြည်နယ် | ၁ | ၅ |
| ၇ | ရခိုင်ပြည်နယ် | ၁ | ၅ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး | ၆ | ၁၀ |
| ၉ | ရှမ်းပြည်နယ် | ၂ | ၁၀ |
| ၁၀ | ဧရာဝတီတိုင်းဒေသကြီး | ၂ | ၁၀ |
| | စုစုပေါင်း | ၂၇ | ၁၁၀ |

တတိယလုပ်ငန်းစဉ်ဖြစ်တဲ့ စံပြကျေးရွာ ၁၀၀ နဲ့ ထပ်တိုးကျေးရွာ ၁၀ ရွာ စုစုပေါင်း ၁၁၀ ကို တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုရှိ မြို့နယ် ၂၇ မြို့နယ်မှာ အောက်ပါအတိုင်း ရွေးချယ်အကောင်အထည်ဖော်လျက်ရှိပါတယ်။

ဒီစီမံကိန်း အကောင်အထည်ဖော်ရာမှာ ဗဟိုအဆင့် မြန်မာဆေးမားအူးလ်အွန်ဒုန် ဦးဆောင်အဖွဲ့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် ၁၃ ဦး ပါဝင်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် အဆင့် မြန်မာဆေးမားအူးလ်အွန်ဒုန်စီမံကိန်း အကောင်အထည်ဖော်ရေး ကော်မတီကို တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးဝန်ကြီးများမှ ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး အဖွဲ့ဝင် ၁၄ ဦးရှိကာ အတွင်းရေးမှူးအဖြစ် စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများမှ တာဝန်ယူဆောင်ရွက်ပါတယ်။ မြို့နယ်အဆင့်ကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ဦးဆောင်ပြီး အဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းကာ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးက အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ပါတယ်။ အခြေခံ ကျေးရွာအဆင့် မြန်မာဆေးမားအူးလ်အွန်ဒုန်စီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီကိုတော့ ကျေးရွာလုံးကျွတ်အစည်းအဝေးခေါ်ယူကာ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင် စုစုပေါင်း ၁၁ ဦးဖြင့် လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးရေးအဖွဲ့၊ ဝင်ငွေ တိုးပွားရေးအဖွဲ့၊ စွမ်းဆောင်ရည်မြှင့်တင်ရေးအဖွဲ့ သုံးဖွဲ့ ဖွဲ့စည်းကာ ၎င်းတို့ ကိုယ်တိုင်စီမံချက်ရေးဆွဲစေကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် နိုးကြားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်စေပါတယ်။

### ရွာပေါင်း ၁၀၀ သို့

၂၀၁၆ ခုနှစ်မှစ၍ ကျေးရွာတစ်ရွာလျှင် ဒေါ်လာ ၂၀၀၀၀ နှင့် ညီမျှသော မြန်မာငွေကျပ်သိန်း ၂၆၀ ကျော်ကို ရွာပေါင်း ၁၀၀ အား အညီအမျှ တိုက်ရိုက်ခွဲဝေပေးပို့ပါတယ်။ KOICA မှ ၎င်းငွေများအပြင် ရွာသူ၊ ရွာသားများ ထည့်ဝင်ငွေများနှင့် ပေါင်းစပ်၍ စီမံချက်ပါအတိုင်း ရွာရဲ့ဖွံ့ဖြိုးရေးအတွက် ၆၅ ရာခိုင်နှုန်း၊ ဝင်ငွေတိုးပွားရေးအတွက် ၃၅ ရာခိုင်နှုန်း၊ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ငါးရာခိုင်နှုန်း ခွဲဝေ၍ လုပ်ငန်းများကို ယှဉ်ပြိုင်မှုပုံစံဖြင့် ရွာသူရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့ပါတယ်။

၂၀၁၆ ပထမနှစ်ရဲ့ ဆောင်ရွက်ချက်များကို အပြန်အလှန် အကဲဖြတ်ခြင်း၊ အမှတ်ပေး စည်းမျဉ်းများနှင့်အညီ အကဲဖြတ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ခဲ့ပြီး A အဆင့်ရရှိသော ရွာ ၃၀ ကို ဆုအဖြစ် ချီးမြှင့်ငွေ နောက်ထပ်ဒေါ်လာ ၂၀၀၀၀ စီ၊ B အဆင့် ရရှိတဲ့ ရွာ ၄၀ ကို နောက်ထပ် ဒေါ်လာ ၁၀၀၀၀ စီ ပံ့ပိုးပေးခဲ့ပါတယ်။ C အဆင့် ရရှိတဲ့ ရွာ ၃၀ ကတော့ ချီးမြှင့်ငွေ မရရှိပါဘူး။

၂၀၁၇ ခုနှစ် ဒုတိယနှစ်မှာလည်း အထက်ဖော်ပြပါအတိုင်း မူလအခြေခံ ဒေါ်လာ ၂၀၀၀၀ စီကို စီမံကိန်းကျေးရွာ အားလုံးသို့ ခွဲဝေပေးပြီး ဆောင်ရွက်စေလျက်ရှိပါတယ်။ ဒီစီမံကိန်းမှာ ထပ်မံ၍ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်မှ ကမ်းလွန်သဘာဝဓာတ်ငွေ့ တူးဖော်နေတဲ့ Posco- Daewoo Co.,Ltd မှ ငွေကြေးထောက်ပံ့မှုဖြင့် ကျောက်ဖြူမြို့နယ်မှ ရွာ ငါးရွာ၊ ရန်ကုန်တိုင်းဒေသကြီးမှ သုံးခွနှင့် ကော့မှူးမြို့နယ်များမှ နောက်ထပ် ရွာ ငါးရွာကို Daegu City နှင့် KOICA မှ ငွေကြေးထောက်ပံ့မှုကြောင့် စီမံကိန်း စံပြကျေးရွာ စုစုပေါင်း ၁၁၀ ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကိုရီးယားမှ ပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ Korean Volunteer များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

### အကဲဖြတ်သုံးသပ်

စတုတ္ထလုပ်ငန်းစဉ်ဖြစ်တဲ့ စီမံကိန်း၏ အကျိုးသက်ရောက်မှုကို မူလစီမံကိန်း စတင်ချိန်မှ စီမံကိန်း ကျေးရွာ ၁၁၀ ၏ စီမံကိန်း မဆောင်ရွက်မီ အခြေအနေ လူမှုရေး၊ စီးပွားရေး စစ်တမ်းများ ကောက်ယူခြင်း၊ နှိုင်းယှဉ်ကျေးရွာ ၅၀ ရွေးချယ်နှိုင်းယှဉ်ခြင်း လုပ်ငန်းများကို ကိုရီးယားနှင့် မြန်မာ ပညာရှင်များ ပါဝင်ပြီး နှစ်စဉ် အကဲဖြတ်သုံးသပ်လျက် ရှိပါတယ်။ ၂၀၁၆ ခုနှစ်ရဲ့ အကဲဖြတ် သုံးသပ်ချက်အရ ၁၃ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်မှု ရရှိတာကို တွေ့မြင်ရပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိပြီး ကျေးလက်နေ ပြည်သူ ၇၀ ရာခိုင်နှုန်းကျော် ရှိတဲ့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဟာ အလွန်အရေးကြီးလှပါတယ်။ ဒီ ဆေးမားအူးလ်အွန်ဒုန်စီမံကိန်းရဲ့ အတွေ့အကြုံ၊ ရလဒ်အောင်မြင်မှုများကို အရယူ အခြေခံပြီး နိုင်ငံတော်အစိုးရ၏ ရန်ပုံငွေ၊ ထောက်ပံ့မှု၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ နိုးကြားတက်ကြွစွာ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာမှာ ဆေးမားအူးလ်အွန်ဒုန်ပုံစံ၊ ကျေးရွာသစ် လှုပ်ရှားမှုပုံစံကို နိုင်ငံအနှံ့ ပျံ့နှံ့အောင် ဆောင်ရွက်လျှင် အချိန်တိုအတွင်း ကျွန်တော်တို့ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်လာမည် ဖြစ်ပါကြောင်းနှင့် ၁၄.၁၁.၂၀၁၇ မှာ ကျင်းပသည့် ဒီစီမံကိန်းရဲ့ အဓိက အစိတ်အပိုင်းတစ်ခုဖြစ်သော "စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး သင်တန်းကျောင်းဖွင့်ပွဲ" နှင့် "၂၀၁၇ မြန်မာကျေးရွာသစ်ခေါင်းဆောင်များ အလုပ်ရုံဆွေးနွေးပွဲ" ကို လိုက်လှဲစွာ ဂုဏ်ပြုပါကြောင်း ရေးသားရင်း "ကိုရီးယားသမ္မတနိုင်ငံ အစိုးရ၊ ပြည်သူများနှင့် KOICA ကို အထူးကျေးဇူးတင်ရှိပါကြောင်း" ဖော်ပြအပ်ပါတယ်။

**"မြန်မာနိုင်ငံမှာ ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိပြီး ကျေးလက်နေ ပြည်သူ ၇၀ ရာခိုင်နှုန်းကျော် ရှိတဲ့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဟာ အလွန်အရေးကြီးလှပါတယ်။ ဒီ ဆေးမားအူးလ်အွန်ဒုန်စီမံကိန်းရဲ့ အတွေ့အကြုံ၊ ရလဒ်အောင်မြင်မှုများကို အရယူ အခြေခံပြီး နိုင်ငံတော်အစိုးရ၏ ရန်ပုံငွေ၊ ထောက်ပံ့မှု၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ နိုးကြားတက်ကြွစွာ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာမှာ ဆေးမားအူးလ်အွန်ဒုန်ပုံစံ၊ ကျေးရွာသစ်လှုပ်ရှားမှုပုံစံကို နိုင်ငံအနှံ့ ပျံ့နှံ့အောင် ဆောင်ရွက်လျှင် အချိန်တိုအတွင်း ကျွန်တော်တို့ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာမည်"**

# ကျေးရွာသုံးရွာ၌ အသေးစား ဆိုလာစနစ်ဖြင့် ဓာတ်အားပေးရေးလုပ်ငန်းများ ပြီးစီး

**မြိုင် နိုဝင်ဘာ ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ မြိုင်မြို့နယ်အတွင်းမှ ဆည်တော၊ ကံသာအေးနှင့် ကျောက်တောင်ကျေးရွာတို့၌ ဆောင်ရွက်ထားသည့် အသေးစား ဆိုလာစနစ်ဖြင့် ဓာတ်အားပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသဖြင့် ဖွင့်ပွဲကို နိုဝင်ဘာ ၁၂ ရက်က အဆိုပါကျေးရွာများ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကမ္ဘာ့ဘဏ်မှ ဌာနေကိုယ်စားလှယ်တို့ တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညိုက အမျိုးသားလျှပ်စစ်မီးရရှိရေးစီမံကိန်း၏ Solar Mini Grid မီးလင်းရေးဆောင်ရွက်မှုဖြင့် ကျေးရွာနေပြည်သူများအနေဖြင့် ၂၄ နာရီ မီးသုံးစွဲနိုင်ပြီး အသေးစား အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများအတွက်လည်း မီးသုံးစွဲနိုင်ခြင်းတို့ကြောင့် လူမှုရေး၊ စီးပွားရေးတို့တွင် ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများအနေဖြင့်လည်း Solar Mini Grid မီးလင်းရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းကြရန်လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ဓာတ်အားပေးရေးလုပ်ငန်းများ ပြီးစီးခြင်းကြောင့် ဆည်တောနှင့် ကံသာအေးကျေးရွာ၌ ၁၁၀ ကီလိုဝပ်ဖြင့် အိမ်ခြေ ၁၀၈ အိမ်၊ ကျောက်တောင်ကျေးရွာ၌ ၁၂၀




ကီလိုဝပ်ဖြင့် အိမ်ခြေ ၁၅၉ အိမ်တို့ကို ဓာတ်အားဖြန့်ဝေပေးထားနိုင်ပြီး Smart Meter ကြိုတင်ငွေဖြည့်ကတ်စနစ်ဖြင့် တစ်ယူနစ်လျှင် ငွေကျပ် ၃၅၀ နှုန်း ကျသင့်ကြောင်း၊ တစ်အိမ်လျှင် ငါးဝပ် LED မီး သုံးလုံး၊ ဖုန်းအားသွင်းခြင်း၊ တီဗွီ၊ ရေခဲသေတ္တာနှင့် ပန်ကာတို့ကို သုံးစွဲခြင်းအတွက် ခန့်မှန်းတစ်လလျှင် ယူနစ် ၂၀ ခန့်သာ ကုန်ကျမည်ဖြစ်ကြောင်း၊ အိမ်တွင်းသုံးစွဲမှုအပြင် အသေးစား စက်မှုလုပ်ငန်းများဖြစ်သော ဝရိန်ဆော်ခြင်း၊ နွားစာစဉ်းခြင်း၊ သီးနှံကြိတ်စက်၊ ပဲလှော့စက်လုပ်ငန်းများ လုပ်ကိုင်ခြင်းနှင့် မော်တာဖြင့် ရေတင်ခြင်းတို့အတွက်လည်း ဓာတ်အားသုံးစွဲနိုင်ကြောင်း သိရသည်။

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)အနေဖြင့် မဟာဓာတ်အားလိုင်းမှ ၁၀ မိုင်အထက် ကွာဝေးပြီ နောင်လာမည့် ၁၀ နှစ်အတွင်း မဟာဓာတ်အားလိုင်း မရောက်ရှိနိုင်သော ကျေးရွာများ၌ အသေးစား ဆိုလာဓာတ်အားပေးစနစ် (Solar Mini-Grid) တပ်ဆင်ဆောင်ရွက်ရန် လျာထားပြီး ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်း၊ အစိုးရဘတ်ဂျက်မှ ၆၀ ရာခိုင်နှုန်းနှင့် လုပ်ငန်းရှင်များက ထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းတို့ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း Solar Mini-Grid စနစ်ကို ကျေးရွာ ၃၄ ရွာနှင့် ၂၀၂၁ ခုနှစ်အထိ ကျေးရွာပေါင်း ၃၀၀ ခန့်တွင် ဆောင်ရွက်ပေးသွားရန် လျာထားကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံမှ သိရသည်။

ထို့အပြင် တစ်အိမ်သုံးဆိုလာစနစ်(Solar Home System-SHS)ကိုလည်း အချို့ကျေးရွာများတွင် ဒေသခံပြည်သူများထည့်ဝင်ငွေ ၁၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျေးရွာပေါင်း ၁၃၀၀ ခန့်နှင့် ၂၀၂၁ ခုနှစ်အထိ ပထမငါးနှစ်စီမံကိန်းအတွင်း အိမ်ထောင်စုပေါင်း ငါးသိန်းခန့်ကို တစ်အိမ်သုံးဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးသွားရန် လျာထားကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**

# (၉၇) နှစ်မြောက်အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ ကျင်းပ

**တန့်ယန်း**
ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ၉၇ နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ အခမ်းအနားကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်း ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်း သီဆို၍ ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော ၉၇ နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက ဖတ်ကြားသည်။

ဆက်လက်၍ ၉၇ နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြသည်။ **မင်းလွင်ဦး(ပြန်/ဆက်)**






**မိုင်းတုံ**
ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ်၌ ၉၇ နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်က အထက(မိုင်းတုံ)ကျောင်းဝင်းအတွင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းသီဆို၍ ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော ၉၇ နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေအောင်က ဖတ်ကြားကြောင်း သိရသည်။ ထို့နောက် မြို့နယ်အဆင့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောမူးလာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေအောင်နှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အမျိုးသားနေ့ အထိမ်းအမှတ် ဓာတ်ပုံနှင့်နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြသည်။
**(မြို့နယ် ပြန်/ဆက်)**

**ညောင်ဦး**
ညောင်ဦးမြို့တွင် ၉၇ နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို ညောင်ဦး အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ နိုဝင်ဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော ၉၇ နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ဖတ်ကြားပြီး အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ၉၇ နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် ရိုက်နှိပ်ထုတ်ဝေထားသည့် သတင်းစကား လက်ကမ်းစာစောင်များကို အခမ်းအနားသို့တက်ရောက်လာကြသူများထံ ဖြန့်ဝေပေးခဲ့သည်။ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး၊ ညောင်ဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။
**ရဲသူရအောင်(ညောင်ဦး)**

**မန္တလေး**
၉၇ နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို မန္တလေး ချမ်းအေးသာစံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ခြသေ့်ဆောင်ခန်းမ၌ နိုဝင်ဘာ ၁၃ ရက်က ကျင်းပခဲ့ရာ အထက(၁၄)မှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းကိုသီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော ၉၇ နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ချမ်းအေးသာစံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက ဖတ်ကြားသည်။ ထို့နောက် အမျိုးသားနေ့ အထိမ်းအမှတ် ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ တက်ရောက်ကြသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အမျိုးသားနေ့ သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးအောင်ရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။
**တင်မောင်(မန်းကိုယ်ပွား)**

**တာချီလိတ်**
၉၇ နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို တာချီလိတ်မြို့ ဆန်ဆိုင်းအခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ နိုဝင်ဘာ ၁၃ ရက်က ကျင်းပရာ ဆန်ဆိုင်းအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ပြည်မြန်မာသီချင်းဖြင့် ဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော ၉၇ နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက ဖတ်ကြားသည်။ ထို့နောက် မြို့နယ်အဆင့် အမျိုးသားနေ့အထိမ်းအမှတ် ပန်းချီ၊ စာစီစာကုံး၊ ကဗျာနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြပြီး ဆန်ဆိုင်း အခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ဇာတိမာန်သီချင်း သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။
**မြင့်မိုရ်(တာချီလိတ်)**


**အမည်ပြောင်းလဲခြင်း**
ဦးဇော်မင်းအောင်၏သမီး ဒဂုံမြို့သစ်တောင်ပိုင်း၊ အမက(၆)မူလွန် စတုတ္ထတန်း(A)မှ မနှင်းအေးယဉ်အား ယနေ့မှစ၍ မဇင်ဇင်ဇော်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မဇင်ဇင်ဇော်အောင်**

**ဖောင်းကြွနံပါတ်ပြားပျောက်**
**လျှောက်ထားခြင်း**
ယာဉ်အမှတ် 2I/5900 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက်**
**လျှောက်ထားခြင်း**
ယာဉ်အမှတ် 5G/8371 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**
ယာဉ်အမှတ် 5M/6686 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

Vol-3, No-6, November-December, 2017
Myanmar Digest



လာမည့်ဘေး ပြေးတွေ့ ...၉

ဖိလော်မူမြင်းနှင့် မြိတ်သျှကျွန်သည်များ၏ ကမ္ဘာ ...၂၅
စကားပြောခြင်း အနုပညာ ...၇၁
ဘာသာခြားသော်လည်း တရားက အတူတူ ...၁၀၉

abc convenience store, Asia Light, Capital, City Mart, Ocean, ဝန်ဖင်း Online Book Store, royalshop.biz, စာပေဗိမာန်၊ သိမ်ဖြူစာအုပ်ဈေးရောင်းပွဲတော်၊ စာပေလောကနှင့် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
web- myanmardigest.net facebook- myanmardigest
email- myanmardigest@gmail.com

၂၀-ကြိမ်မြောက်
ပညာဒါန အခမဲ့ ကွန်ပျူတာသင်တန်းများ
Windows, Microsoft Office, PageMaker, CorelDraw, E-mail, Internet, Adobe Photoshop, Adobe Illustrator, Adobe InDesign, A+Hardware
ပညာဒါန အခမဲ့ အင်္ဂလိပ်စာသင်တန်းများ
Basic English Level I, II, English 4 Skills, IELTS(Preparation Course) Grammar Foundation, English for Business
၂၀-ကြိမ်မြောက်
ပညာဒါန အခမဲ့ စက်ချုပ်/မော်တာစက်ချုပ်သင်တန်းများ
၄-၁၂-၂၀၁၇ သင်တန်းစမည်။ လူမျိုး၊ ဘာသာမရွေးတက်ရောက်သင်ယူနိုင်သည်။
သင်တန်းတည်နေရာ
ကျိုက်လီယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့မှဦးစီးသော
အဘွားများသုခရိပ်သာ
အမှတ်(၁)၊ သုခလမ်း၊ ခ-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၇၇၄၇၃၊ ၈၅၅၁၀၉၁၊ ၀၉ ၇၃၁၃၇၅၃၂၊
၀၉ ၇၉၇၅၄၂၅၉၀၊ ၀၉ ၇၉၇၅၄၂၅၉၁၊

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**
ယာဉ်အမှတ် 2H/6388 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ကြော်ငြာစာ**
မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၉)၊ ဦးပိုင်အမှတ်(၈၄)၊ ၄၉×၅၀လမ်းကြား ဂန္ဓမာ×ယုဇနလမ်းကြားရှိ ဦးမန်းမောင် အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်ခင်သီတာပိုင် ၉/မနမ(နိုင်)၁၂၀၇၁၁မှ ဦးပိုင် ၈၄ (ခဲစင်း)အနောက်ဘက်ခြမ်းအား မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းအမှတ်တွဲ ဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖောင်းကြွနံပါတ်ပြားပျောက်**
**လျှောက်ထားခြင်း**
ယာဉ်အမှတ် 8D/8322 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ကျိုက်လီယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့ မှကြီးမှူး၍
(လူမျိုး၊ ဘာသာမရွေး) မျက်စိခွဲစိတ်ရန်လိုအပ်သူများအား
အခမဲ့ ခွဲစိတ်ကုသပေးနေပါသည်။
နေရာ ➢ မေတ္တာဆေးခန်း (အဘွားများသုခရိပ်သာ)
အမှတ် ၁၊ သုခလမ်း၊ ခ-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။
အချိန် ➢ အပတ်စဉ်သောကြာနေ့ ၂:၀၀ နာရီမှ စတင်စမ်းသပ်ကုသပေးပါသည်။
ဖုန်း ➢ ၅၇၇၄၇၃၊ ၈၅၅၁၀၉၁၊ ၀၉ ၇၃၁၃၇၅၃၂၊ ၀၉ ၇၉၇၅၄၂၅၉၀

# "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဘဏ္ဍာရေးကဏ္ဍမှ အထောက်အကူပြုစေရန်ရည်ရွယ်၍ ပြည်သူများ၏ တစ်ခဲနက်ထောက်ခံအားပေးမှုနှင့်အတူ မြန်မာ့ဘဏ်သမိုင်းတွင် ပထမဆုံးအဖြစ် **"ကမ္ဘောဇဘဏ်လီမိတက်"** မှ

## "ဘဏ်ခွဲ(၅၀၀)ပြည့်" ကို

၂၀၁၇–ခုနှစ် နိုဝင်ဘာလ(၁၀)ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် **"ကမ္ဘောဇဘဏ်လီမိတက်"** အနေဖြင့်

- နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာတာဝန်ကို တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၅)နှစ်ဆက် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့ခြင်း၊
- နိုင်ငံတော်နှင့်ပြည်သူအတွက် စုစုပေါင်းကျပ်ငွေ (၁၃၅)ဘီလီယံကျော် လှူဒါန်းခဲ့ခြင်း၊
- နိုင်ငံအတွင်းအောင်မြင်သောစီးပွားရေးလုပ်ငန်းရှင်အမြောက်အမြားပေါ်ထွန်းလာအောင် ပံ့ပိုးကူညီ ဖော်ဆောင်ပေးနိုင်ခဲ့ခြင်း၊
- နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ဘဏ္ဍာရေးကဏ္ဍတွင် အဓိကအခန်းကဏ္ဍမှ အထောက်အကူပြုနိုင်ခဲ့ခြင်းများအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ဦးကိုကိုထူး
ဥက္ကဋ္ဌ
မြန်မာ့စက်မှုဆိပ်ကမ်း (MIP)

# “ဂုဏ်ယူဝမ်းမြောက်ခြင်း”

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာစေရန်

အတွက် ဘဏ္ဍာရေးကဏ္ဍမှ အထောက်အကူပြုစေရန်ရည်ရွယ်၍ ပြည်သူများ၏

တစ်ခဲနက်ထောက်ခံ အားပေးမှုနှင့်အတူ မြန်မာ့ဘဏ်သမိုင်းတွင် ပထမဆုံးအဖြစ်

**“ကမ္ဘောဇဘဏ်လီမိတက်”** မှ

# “ဘဏ်ခွဲ(၅၀၀)မြောက်” ကို

၂၀၁၇–ခုနှစ် နိုဝင်ဘာလ(၁၀)ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း

အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပြည်သူပြည်သားများအားလုံး

အစဉ်အမြဲ အားကိုးအားထားရသော နိုင်ငံတကာအဆင့်မီ အောင်မြင်သည့်

ထိပ်တန်းဘဏ်ကြီးအဖြစ် ရပ်တည်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

IBTC

ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့




# (၂)ညအိပ် (၃)ရက် တရားစခန်း ဖွင့်မည်

ဆရာတော် အရှင်ရာဇိန္ဒ (ရဝေနွယ် -အင်းမ) ပဓာန နာယက အဖြစ် သီတင်းသုံးလျက်ရှိသော မမ္မရဝေတောရ အောင်စည်းခုံ ဇေတီလမ်း၊ အမှတ်(၃)လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(မင်္ဂလာဒုံဥယျာဉ်မြို့တော်အလွန်၊ သဃ်န်းကျွန်းကြီးမှတ်တိုင်)၌ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၊ သဒ္ဓမ္မရံသီဆရာတော် ဘုရားကြီးတို့ ညွှန်ကြားပြသခဲ့သော နည်းစနစ်အတိုင်း...

၁။ ၂၀၁၇ - ဒီဇင်ဘာလ ၁- ၂- ၃ သောကြာ၊ စနေ၊ တနင်္ဂနွေ

၂။ ၂၀၁၇ - ဒီဇင်ဘာလ ၈- ၉ -၁၀ သောကြာ၊ စနေ၊ တနင်္ဂနွေ

နေ့များတွင် (၂)ညအိပ် (၃)ရက်တရားစခန်းများ ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ အောက်ပါ ဖုန်းနံပါတ်များသို့ စာရင်း ပေးသွင်းနိုင်ပါသည်၊

ကိုဖြူဖွေး-၀၉၄၂၀၀၆၂၄၂၆၊

မသက်မြတ်နိုင်-၀၉၇၇၃၃၅၆၁၅၅၊ကိုအောင်သိန်း-၀၉၇၉၅၅၉ ၃၉၃၃

* (တရားစခန်း မဝင်ဖူးသေးသော ယောဂီအသစ်များသာ စာရင်း ပေးသွင်းပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်၊)

(စာရင်းပေးသွင်းပြီး အကြောင်းကြောင်းကြောင့် တရားစခန်း မဝင်ဖြစ်ပါက မဝင်ဖြစ်ကြောင်း မဖြစ်မနေ အကြောင်းပြန်ကြားပေးပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်၊ တရားစခန်းဝင်ရန် စောင့်ဆိုင်းနေကြသော အရန်ယောဂီများ နစ်နာမှု မရှိစေဘဲ တရားစခန်း ဝင်နိုင်ရန်အတွက် ဖြစ်ပါသည်၊)

၂၀၁၇- နိုဝင်ဘာလ (၁၉) ရက်၊ (တနင်္ဂနွေနေ့) နံနက်(၈း၀၀) နာရီ မှ ညနေ (၄း၀၀) နာရီအတွင်းသာ စာရင်း ပေးသွင်းပါရန်၊

လမ်းညွှန်။ ၁။သဃ်န်းကျွန်းကြီးမှတ်တိုင်၊ အောင်စည်းခုံ ဇေတီလမ်းမှဝင်ပါ။(သို့မဟုတ်) ၂။ ကာယ(၁၂)လမ်းမှဝင်ပါ။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I-2808 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/6966 Subaru Impreye,S/L(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းထွန်း ၁၂/လမန(နိုင်)၁၂၁၄၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7A/7999 TOYOTA COROLLA 101 SLOON (4×2) R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မိုးသူ ၁၂/ကမရ(နိုင်)၀၁၃၇၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# စစ်တွေဒေသကောလိပ်/ကောလိပ်/ဒီဂရီကောလိပ် မြတ်ဆရာပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကျင်းပရန် အသိပေးကြေညာခြင်း

၁၉၇၆/၇၇မှ ၁၉၈၇/၈၈ ကာလအတွင်း ပညာသင်ယူခဲ့သော အထက်ဖော်ပြပါကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို သံတွဲခရိုင်၊ ငပလီကမ်းခြေတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ကျေးဇူးရှင် ဆရာ/ဆရာမများအား ပူဇော်ကန်တော့နိုင်ရန်နှင့်သူငယ်ချင်းများ ပြန်လည်ဆုံတွေ့နိုင်ကြစေရန် အောက်ပါ အစီအစဉ်အတိုင်းလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာ ၃၁ရက်၊ တနင်္ဂနွေနေ့

**အချိန်** - နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ

**နေရာ** - အထကငပလီတွင် မြတ်ဆရာပူဇော်ပွဲကျင်းပပြီး၊ ညနေ ၆နာရီတွင် ငပလီလင်းသာကမ်းခြေတွင် မိတ်ဆုံညစာစားပွဲကျင်းပပြုလုပ်ပါမည်။

**ဆက်သွယ်ရမည့်သူများစာရင်းမှာ-**

- ဦးဖိုးရီအောင် (၈၀/၈၁)သံတွဲ၊ ဖုန်း-၀၉-၂၅၀၇၆၀၃၄၅
- ဒေါ်တင်မြင့်ခိုင်(၇၉/၈၀)သံတွဲ၊ ဖုန်း-၀၉-၄၅၀၆၂၇၁၅၉
- ဒေါ်လီလီဖဲ(၇၉/၈၀)စစ်တွေ၊ ဖုန်း-၀၉-၅၀၁၀၁၉၅
- ဦးစောထွန်းအောင်(၈၂/၈၃)စစ်တွေ၊ ဖုန်း-၀၉-၈၅၀၀၂၆၉
- ဦးထွန်းရွှေသိန်း(၈၁/၈၂)ရသေ့တောင်၊ ဖုန်း-၀၉-၅၁၂၃၁၆၆
- ဦးမောင်မောင်စန်း(၇၉/၈၀)ရန်ကုန်၊ ဖုန်း-၀၉-၅၃၅၀၈၇၅
- ဒေါ်ဦးမေ(၈၄/၈၅)မောင်တော၊ ဖုန်း-၀၉-၄၂၇၁၉၃၆၉၉
- ဦးဦးလှမြင့်(၈၁/၈၂)ရန်ကုန်၊ ဖုန်း-၀၉-၅၀၀၂၈၃၁
- ဦးသိန်းအောင်-ဒေါ်ခင်သိန်း(၈၂/၈၃)စစ်တွေ၊ ဖုန်း-၀၉-၂၆၁၅၁၅၇၇၂
- ဒေါ်ယဉ်ယဉ်ထွေး(၈၅/၈၆) တောင်ကုတ်၊ ဖုန်း-၀၉-၂၅၃၆၂၁၆၂၅
- ဒေါ်စိုးမမ(၈၄/၈၅)တောင်ကုတ်၊ ဖုန်း-၇၇၆၆၄၀၅၉၀

လှူဒါန်းရန် **Bank Account** နံပါတ်များ(**U Than Tun +2**)၊ သံတွဲဘဏ်ခွဲ

၁။ ၀၀၅၃၆၀၀၁၀၀၀၂၈၀၂၉ **CB Bank**

၂။ ၀၀၈၁၂၂၀၀၀၄၇၀၆ ကမ္ဘာ့ရတနာဘဏ်

၃။ ၀၈၂၃၀၂၀၄၀၀၀၈၈၆၃၀၂ **KBZ Bank**

# ဦးမင်းဆွေ-ဒေါ်ခင်ထွေး ဖောင်ဒေးရှင်း

**သရက်ကုန်းကွက်သစ်၊ ၂၅လမ်း၊ ၅၂×၅၃လမ်းကြား၊ မဟာဇေယျာဘုံရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊**

**uminswefoundation@gmail.com**

# ပညာသင်ထောက်ပံ့ကြေးလျှောက်လွှာခေါ်ယူခြင်း

၂၀၁၇ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး အောက်ပါတက္ကသိုလ်များသို့ ဝင်ခွင့်ရသည့် ကျောင်းသား ကျောင်းသူများအနက် အောက်ဖော်ပြပါအရေအတွက်အတိုင်း (လစဉ်) ပညာသင်ထောက်ပံ့ကြေးပေးမည်ဖြစ်ပါသဖြင့် ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၁၅ရက်နောက်ဆုံးထားပြီး အထက်ပါလိပ်စာသို့ စာဖြင့်လျှောက်ထားနိုင်ပါသည်။

မန္တလေးမြို့မှ လျှောက်သူများ ရုံးဖွင့်ရက် ညနေ ၃နာရီမှ ၅နာရီအတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားရပါမည်။ E-mail ဖြင့်လည်း လျှောက်လွှာပုံစံတောင်းယူနိုင်ပါသည်။

၁။ အမည်မှတ်ပုံတင်အမှတ်၊ တက္ကသိုလ်တက်ရောက်ခွင့်ရ အထောက်အထား မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ဓာတ်ပုံ (၃)ပုံ မိဘအမည်၊ မိဘ၏အလုပ်အကိုင်၊ မောင်နှမအမည်များနှင့် အလုပ်အကိုင်၊ နေရပ်လိပ်စာများနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များဖော်ပြရမည်။

၂။ မိဘကိုယ်တိုင် ငွေကြေးအခက်အခဲရှိကြောင်း တင်ပြချက်၊

၃။ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊

၁။ ဆေးတက္ကသိုလ် (၃) ဦးတစ်ဦးလျှင် လစဉ်-၁၀၀၀၀၀ိ/- (မန္တလေးဆေးတက္ကသိုလ်၊ တောင်ကြီးဆေးတက္ကသိုလ်၊ မကွေးဆေးတက္ကသိုလ်)

၂။ မန္တလေး/စစ်ကိုင်းနည်းပညာတက္ကသိုလ် (၂)ဦး တစ်ဦးလျှင် လစဉ်-၈၀၀၀၀ိ/-

၃။ စစ်ကိုင်းပညာရေးတက္ကသိုလ် (၂)ဦး တစ်ဦးလျှင် လစဉ်-၅၀၀၀၀ိ/- (အခြားလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထံမှ ပညာသင်ထောက်ပံ့ကြေးရရှိပြီးသူများ လျှောက်ရန်မလိုပါ။)

*** အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ***

**- ဖောင်ဒေးရှင်း၏ သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို လိုက်နာရပါမည်။**

**(၁) ဒေါက်တာဦးအောင်မြင့်(ဥက္ကဋ္ဌ) ဖုန်း-၀၉-၂၀၀၁၇၄၇၊ (၂) ဒေါက်တာဦးဇော်ဝင်း(အတွင်းရေးမှူး) ဖုန်း-၀၉-၄၀၂၅၇၇၆၁၃၊ (၃) ဦးအောင်ဆွေဟိန်း (ပညာသင်ထောက်ပံ့ရေးအဖွဲ့ခေါင်းဆောင်) ဖုန်း-၀၉-၂၀၁၁၃၀၈**

# အထက (ဘော်တွင်း)ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲ ဖိတ်ကြားလွှာ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့နယ်၊ အထက (ဘော်တွင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၅၅)နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများအား ဘော်တွင်း/ကျားစခန်းကျောင်းသား ကျောင်းသူဟောင်းများမှ ပူဇော်ကန်တော့မည့် တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၂၉ရက်နှင့် ၃၀ရက်များတွင် အထက(ဘော်တွင်း)ကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက (ဘော်တွင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပေးကြပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက အောက်ပါကျင်းပရေးကော်မတီဝင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများနှင့်ကျောင်းနေဖက်သူငယ်ချင်းမိတ်ဆွေအပေါင်းတို့ ပြန်လည်ဆုံတွေ့ကြပါစို့။

**ဦးသန်းရွှေ (ရန်ကုန်) ဖုန်း-၀၉-၅၁၇၄၇၇၊ ဒေါ်အေးအေးဝင်း(ရန်ကုန်) ဖုန်း-၀၉-၄၀၀၀၃၁၄၀၀၊ ဦးကိုကိုကြီး (မန္တလေး) ဖုန်း-၀၉-၂၀၁၃၅၁၆၊ ဦးကျော်သိန်း(နေပြည်တော်) ဖုန်း-၀၉-၃၁၂၇၅၉၇၂၊ ဦးထွန်းမြင့်(လားရှိုး) ဖုန်း-၀၉-၅၂၆၂၅၅၈၊ ဦးစိန်ထွေး(မူဆယ်) ဖုန်း-၀၉-၂၆၅၉၃၀၅၁၆၊ ဦးစန်းလွင်(နမ္မတူ) ဖုန်း-၀၉-၂၅၉၆၉၃၉၀၂၊ ဒေါ်ဒင်နီး(ဘော်တွင်း) ဖုန်း-၀၉-၄၄၅၉၆၂၉၈၀၊ ဦးကြည်မြင့်(ဘော်တွင်း) ဖုန်း-၀၉-၄၅၄၄၁၉၅၇၉၊ ဦးတင်စိန် (ကျားစခန်း) ဖုန်း-၀၉-၄၇၃၁၂၀၄၈**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(က)၊ မြေကွက်အမှတ်-၆၂၁/က၊ ဧရိယာ ၀ဒသမ၀၂၇၅ ဧက၊ မြေကွက်တည်နေရာအမှတ် ၂၂၃၊ (က-၇)လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးလှရွှေအမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးလှရွှေ ၁၂/အစန(နိုင်)၁၅၁၂၅၂ သည် ၂၇-၁၀-၂၀၀၃ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်စန်း ၁၂/အစန(နိုင်)၁၅၇၂၄၃ မှ တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်းနှင့် ဒေါ်တင်တင်သွယ် ၁၂/အစန(နိုင်)၁၅၇၂၄၁၊ ဒေါ်တင်တင်မိုး ၁၂/အစန(နိုင်)၁၅၇၁၉၆၊ ကိုလှနိုင် ၁၂/အစန(နိုင်)၁၆၅၂၃၁၊ မသစ္စာ ၁၂/အစန(နိုင်)၁၈၃၃၃၉ တို့မှ သားသမီးများတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ အမည်ပေါက်၏ သေဆုံးမှုလက်မှတ်၊ သန်ခေါင်စာရင်းနှင့်အတူ မြေငှားဂရန်မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်း၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့၊ အင်းရဲလမ်း၊ အောင်ဆန်း(၁)ရပ်ကွက်၊ ကွင်းအမှတ်-၁၀၁၉(က)၊ အုန်းသုံးပင်ကွင်း၊ ဦးပိုင်အမှတ်-၉၀၆/၁၀၃၁၊ ဧရိယာ ၀ဒသမ၉၁ဧကရှိ ဦးစိန်လှိုင်အမည်ပေါက်ဂရန်မြေအား အမွေဆိုင်သားသမီးများဖြစ်ကြသည့် ဦးဇော်မင်းဦးပါ(၉)ဦးတို့က ဥပဒေနှင့်အညီ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်အေးသင်း ၁၄/ကပန(နိုင်)၁၀၉၈၈၁ ရွှေကျောင်းလမ်း၊ အောင်ဆန်း(၁)ရပ်ကွက်၊ ကျုံပျော်မြို့နေသူအား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီးတန်ဖိုးငွေ၏တစ်စိတ်တစ်ပိုင်းအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာလုံလောက်သော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးငြိမ်း(ရေကြည်) LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၁၂)**
**အမှတ်(၄၉၀)၊ ဗိုလ်စိန်မှန်လမ်း အောင်ဆန်းရပ်ကွက်၊ ရေကြည်မြို့**
**ဖုန်း-၀၉-၇၉၄၅၂၈၈၉၄၊ ၀၉-၂၆၀၈၇၃၁၇၆**

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ချုပ်လှမြင့်ဆွေ (ငြိမ်း)
အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး(ငြိမ်း)
အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
အသက်(၈၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စစ်တောင်းလမ်း၊ ပညာ့ဝတီအိမ်ရာ၊ အမှတ် ၂၀(ဘီ-၁)နေ ဒေါ်စန်းစန်းမြင့်၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်လှမြင့်ဆွေ(ငြိမ်း)သည် ၁၃-၁၁-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃း၁၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလှမြင့်-ဒေါ်ရီရီညွန့် မိသားစု
ကိုချိုမြင့်-မစန္ဒာ
မန္တလေးမြို့၊ ရန်ကုန်မြို့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးကြီးမြမောင်(ငြိမ်း) အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ရတနာကျွန်းရိပ်သာ၊ အမှတ် ၂၂နေ(ဦးစံညွန့်-ဒေါ်ခင်ညွန့်)တို့၏သား၊(ဦးတင်အောင်)၊ (ဒုဗိုလ်မှူးကြီးအောင်ကြည်)၊ ဦးတင်မောင်၊ ဒေါ်ခင်မာရီ၊ ဦးကျော်ညွန့်၊ ဒေါ်ရင်မေ၊ ဒေါ်ရွှေကြည်တို့၏အစ်ကို၊ (ဒေါ်မေသန်းစိုး)၊ ဒုမှူးကြီးဝင်းဇော်(ငြိမ်း)၊ ဦးမြဇော်မိုး၊ ဒေါ်မြတ်ဝတ်ရည်၊ ဗိုလ်မှူးခင်ဇော်မိုး(ငြိမ်း)၊ ဒေါ်ဥမ္မာမိုး၊ ဦးနေမျိုးဇော်တို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ်ရှစ်ယောက်တို့၏ဘိုးဘိုးကြီး၊ (ဒေါ်တင်မိုးရည်)၏ခင်ပွန်းသည် ၁၄-၁၁-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၁-၂၀၁၇ရက်(တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ကျေးဇူးရှင် ဆရာသမားဖြစ်သူ ဗိုလ်ချုပ်လှမြင့်ဆွေ(ငြိမ်း)၊ (ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီး-ငြိမ်း)သည် ၁၃-၁၁-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃း၁၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးညဏ်ထွန်းအောင်-ဇနီး ဒေါ်ဝေဝေ**
**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊**
**(ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးသန်းအောင်
## (တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)
## အသက်(၇၈)နှစ်

ကျေးဇူးရှင်ဆရာ ဦးသန်းအောင်(တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)သည် ၁၄-၁၁-၂၀၁၇ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြဟန်(ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး)-**
**ဇနီး ဒေါ်အေးအေးချို မိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းအောင်
(တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)
အသက်(၇၈)နှစ်

ကျေးဇူးရှင် ဆရာကြီး ဦးသန်းအောင် (တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)သည် ၁၄-၁၁-၂၀၁၇ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇေယျာဝင်း၊ ဦးသူရိန်ဝင်း၊ ဦးအောင်ဇော်မြတ်၊ ဦးနေဝင်း၊ ဦးအာကာမျိုးထက်၊ ဦးကျော်သူရဗိုလ်၊ ဦးနန္ဒမျိုးအောင်၊ ဒေါ်ခိုင်ဇာလီမြင့်ဝင်း၊ ဒေါ်စုစုငြိမ်း၊ ဒေါ်ခင်စန္ဒာထက်၊ဒေါ်အေးအေးအောင်၊ဒေါ်ခိုင်သဇင်ထွန်း၊ ဒေါ်သွယ်သွယ်ကျော်မင်း၊ ဒေါ်ခင်မြတ်မြတ်ဆန်း၊ ဒေါ်နန်းထွယ်အောင်၊ ဒေါ်ခင်စုမြတ်**
**(တပည့်ရှေ့နေများ)**
**အမှတ်(၅၅)၊ အခန်း(၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

---

ခရစ်တော်၌အိပ်ပျော်ခြင်း
## Mrs. Rachel John(ခ) ဒေါ်ပါးပါး
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ရပ်ကွက်၊ ဟသ်ာလမ်း၊ အမှတ် ၇၉/၁နေ (ဦးစံမြင့်-ဒေါ်နီ)၊ (ဦးရန်ကား-ဒေါ်လတ်ချမီး)တို့၏သမီးချွေးမ၊ [Mr.R John(ခ)ဦးရဲဆူး]၏ဇနီး၊ Mr. Rommel(ခ)ဦးမောင်မောင်[(MD) MTWK & ATM Co.,Ltd.]-Mrs. Genevieue(ခ)ဒေါ်ခင်ချိုထွန်း(Director, ATM Co.,Ltd.)၊ Mr. Albino (ခ)ဦးရဲဝင်း-Mrs.Josphine Mary (ခ)ဒေါ်ယဉ်ယဉ်ထွန်းတို့၏မိခင်၊ Francina Simon (ခ)ခင်ထက်ထက်ခိုင်၊ Dennis John (ခ)ကျော်ထက်လင်း၊ Jerome John (ခ)ထက်အာကာ၊ Prisca (ခ)သဲစုလင်းတို့၏အဘွားသည် ၁၅-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၃နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၁၁-၂၀၁၇ရက်(သောကြာနေ့)နံနက် ၁၀း၃၀နာရီတွင် စိန်ဖရန့်စစ်ဘုရားရှိခိုးကျောင်း (တာမွေမြို့နယ်)၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးတင်အေး(ခ)ဦးအိန်
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က/ဂ)ရပ်ကွက်၊ အမှတ် ၃၈၊ ၁၅၇လမ်းနေ (ဦးတန်မင်းတုံ-ဒေါ်ကင်း)တို့၏သား၊ ဦးတင်ဝင်း၏အစ်ကို၊ ဒေါ်ခင်ကြည်၏မောင်၊ ဒေါ်လှရီ၏ခင်ပွန်း၊ မနှင်းအိဖြူ၊ မောင်လွင်ကိုလတ်၊ မဝင့်ဝါဖူးတို့၏ဖခင်သည် ၁၅-၁၁-၂၀၁၇ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## မောင်မောင်ပြည့်စုံအောင် အသက်(၄၃)နှစ်
**A.G.T.I (CIVIL) B.Sc (Match)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၇၅၊ မြေညီထပ်နေ ဒေါက်တာအောင်သန်း(သွားနှင့်ခံတွင်းအထူးကုဆရာဝန်ကြီး)-ဒေါ်တင်တင်အေးတို့၏သား၊ ဦးစိုးမြင့်-ဒေါ်စန်းရီတို့၏သားသမက်၊ ဒေါ်ညီညီထွေး(SAN LWIN TRADING CO.,LTD)၏ခင်ပွန်း၊ မအေးမြသီတာအောင်(ခေတ္တ-HOLLAND)၊ မောင်မောင်ပြည့်ဖြိုးအောင်@Miji Yan(Yangon United Sports Complex)တို့၏အစ်ကို၊ မောင်ဘုန်းပြည့်သုတ (Grade 1, New Campus School)၏ဖခင်သည် ၁၅-၁၁-၂၀၁၇ရက် နံနက် ၂နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
## ဒေါ်ခင်ရွှေ
(ညောင်ဝိုင်းကျေးရွာ)
အသက်(၁၀၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အုတ်လမ်း၊ အမှတ် ၄၂/၄၄နေ(ဦးသောင်း)-ဒေါ်ခင်ကြည်(ရွှေပြည်တန် သက်န်းတိုက်)၊ ဦးသိန်းအောင်-(ဒေါ်ခင်သန်းမြင့်) (အောင်တံခွန် နိဗ္ဗာန်ကုန်တိုက်)၊ (ဦးကျော်သိန်း)-ဒေါ်အေးအေးစီ (လောကနတ် နိဗ္ဗာန်ကုန်တိုက်)တို့၏ ချစ်လှစွာသောမွေးသမိခင်သည် ၁၄-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်တင်ရီ (မြိတ်)
အသင်းဝင်အမှတ်(၃၇၄)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ အမှတ် ၆၉/၇၁နေ ဦးဘရှန်၏ဇနီး၊ ဦးကျော်ကျော် (မြိတ်အသင်းအမှုဆောင်)-ဒေါ်ချိုချိုစန်းတို့၏မိခင်သည် ၁၄-၁၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြိတ်အသင်းမှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

## ဒေါ်သန်းငွေ(ကျောက်တန်း)
မြို့နယ် သ/မ(ငြိမ်း)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဒဂုံလွင်လမ်း၊ တိုက် ၁၊ အခန်း ၃၀၂နေ (ဦးစိုးမောင်-ဒေါ်အမာ)တို့၏သမီး၊ (ဦးကျော်ခင်-ဒေါ်သန်းနု)တို့၏ချွေးမ၊ ဦးခင်မောင်ဝင်း(ဌာနမှူး၊ ငြိမ်း၊ ရေနံ)၏ဇနီး၊ ဦးတင်စိုး-ဒေါ်ရီမေဝင်းတို့၏အစ်မ၊ ဦးကြည်လင်-ဒေါ်သီတာဝင်း၊ ဦးအောင်ရဲဆောင်-ဒေါ်ပုံ့ပုံ့ဝင်း၊ ဦးအောင်မျိုးသော်-ဒေါ်ခင်မြတ်မူတို့၏မိခင်၊ မထက်ပြည့်စုံအောင်၊မောင်တေဇာလင်းတို့၏အဘွားသည်၁၄-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄း၃၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၁၁-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## မအိမ့်ကြာဖြူ အသက်(၁၀)နှစ်
(စတုတ္ထတန်း-က)
အထကခွဲ(ဝမ်းဘဲအင်း)

(ဒုတိယဗိုလ်မှူးကြီးမျိုးဝင်း)-ဒေါ်ခင်စန်းအိ၊ (ဗိုလ်ကြီးတင်လှိုင်)-ဒေါ်ခင်စန်းကြည်တို့၏မြေး၊ ဦးစန်းရှိန်မျိုးဝင်း-ဒေါ်နေခြည်၊ ဗိုလ်ကြီးနိုင်ဝင်းသူ-ဒေါ်ခိုင်စပယ်မျိုးဝင်း၊ ဦးသူရလှိုင်-ဒေါ်သက်သက်နိုင်တို့၏တူမ၊ဒုတိယဗိုလ်မှူးကြီးအောင်ကျော်မျိုး - ဒေါ်အင်ကြင်းလှိုင်တို့၏ တစ်ဦးတည်းသော သမီးသည် ၁၅-၁၁-၂၀၁၇ရက် မွန်းလွဲ ၂း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၊ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၁၁-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးမြမောင် (ငြိမ်း)
အသက်(၉၅)နှစ်

သူငယ်ချင်း ခင်ဇော်မိုး၏ဖခင် ဗိုလ်မှူးကြီးမြမောင်(ငြိမ်း)သည် ၁၄-၁၁-၂၀၁၇ရက် (အင်္ဂါနေ့)မွန်းလွဲ ၁၂း၁၅နာရီတွင် OHC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်-၂၉မှ**
**သူငယ်ချင်းများနှင့် မိသားစုဝင်များ**

---

ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်ခင်ဆွေဝင်း(ခ)လီငုတ်ဟာ (ပြည်)
အသက်(၈၇)နှစ်

ပြည်မြို့၊ ကျောင်းကြီးအိုးတန်း၊ အမှတ် ၅၊ လက်သမားလမ်း၊ ကောင်းတိတ်လုံ(ကားပစ္စည်းဆိုင်)နေ (ဦးလီအမွန်-ဒေါ်လှ)တို့၏သမီး၊ (ဦးခင်)၏ဇနီး၊ ဟိုရှုဟုန်ကြူးဖွေ့ထန်၊ ဒေါ်သန်းငွေ၊ ဦးမောင်ကောင်း-ဒေါ်ဝါဝါရွှေ၊ ဦးဘုန်းအောင်တိုး-ဒေါ်သန်းရီ(ကနေဒါ)၊ ဦးခင်မောင်ဝင်း-ဒေါ်ရင်ရင်အေး(ယူနီဗာဆယ်ဆိုင်ကယ်ပစ္စည်းဆိုင်)၊ဦးနန္ဒအောင်-ဒေါ်ခင်သန်းဝင်း(အင်ဖန်နတီ၊ ဘုရင့်နောင်)တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၄-၁၁-၂၀၁၇ရက်(အင်္ဂါနေ့) ည ၈နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်တင်ရီ
## (ပုလော၊ ကျောက္ကာ၊ မြိတ်)
## အသက်(၈၆)နှစ်

မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်၏ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်-ဒေါ်ချိုချိုစန်းတို့၏ချစ်လှစွာသောမိခင် ဒေါ်တင်ရီသည် ၁၄-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့**
**မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်**

---

ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးအေးကျော် (ငြိမ်း)
အသက်(၅၈)နှစ်

ဒုတိယဗိုလ်မှူးကြီးအေးကျော်(ငြိမ်း)သည် ၁၄-၁၁-၂၀၁၇ရက်(အင်္ဂါနေ့)တွင် OSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**တေဇ(၉)ကျောင်းဆင်းသူငယ်ချင်းများ**

---

## ဒေါ်စောတင် (သထုံ)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ အေးရိပ်မွန်(၁)လမ်း၊ တိုက် ၁၂၊ အခန်း ၇နေ (ဦးစံအေး)၏ဇနီး၊ ဦးခင်အောင် (မူ/အုပ်၊ ငြိမ်း) - ဒေါ်စန်းစန်းနွယ် (ထ/ပြ၊ ငြိမ်း)၊ ဒေါ်သန်းသန်းနွယ် (ထ/ပြ၊ ငြိမ်း)၊ အရာခံဗိုလ်ကျော်လင်းနိုင်[ဆလဘ(၁) သန်လျင်]-ဒေါ်ညီညီနွယ်၊ ဦးခွန်အေးနိုင်(ညွှန်/မှူး၊ စက်မှုလယ်ယာဦးစီးဌာန)-ဒေါ်မာလာအောင်၊ ဒေါ်အိစိန်စိန်ကြွယ်(ညွှန်/မှူး၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း၊ကြီးကြပ်ရေးကော်မရှင်ရုံး)တို့၏မိခင်၊ မစုနှင်းဝေ၊ မခင်ပြည့်စုံ(Chief Accountant, YBPC)၊ မစောယုနွယ်၊ မောင်ဇော်ဘုန်းထွဋ်တို့၏အဘွားသည် ၁၄-၁၁-၂၀၁၇ရက် ည ၁၀း၁၉နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၆-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၁-၂၀၁၇ရက် (စနေနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြည်ကြည်သန်း
အထက်တန်းပြ(ငြိမ်း)
အသက်(၇၃)နှစ်

မြောင်းမြမြို့နေ (ဦးလှကြည်-ဒေါ်သန်းစိန်)တို့၏သမီး၊ (ဦးရွှေဆယ်-ဒေါ်စောတင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ကံ့ကော်(၁)လမ်း၊ အမှတ်(R-1)နေ ဦးခင်မောင်အေး[အင်ဂျင်နီယာချုပ်(ပဆင)တံတား၊ ငြိမ်း]၏ဇနီး၊ ဦးဇော်မိုးအောင်-ဒေါ်သစ်မွန်အေး၏ချစ်လှစွာသောမိခင်၊ မောင်မင်းခန့်မိုးအောင်၏အဘွား၊ (ဦးကျော်အေး)-ဒေါ်ခင်ညွန့်တို့၏ညီမ၊ ဦးစိန်ဝင်း၏အစ်မသည် ၁၄-၁၁-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၁၁-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသိန်းဟန်
(ဗဟိုတောင်သူလယ်သမားအစည်းအရုံး)
ရွှေတောင်မြို့နယ်အသင်း
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၇၊ အခန်း ၁၁နေ(ဦးမြသီး-ဒေါ်လှသင်း)တို့၏သား၊ ဒေါ်ပြုံး(ခ)ဒေါ်တင်ပြုံး၏ခင်ပွန်း၊ (ဒုဗိုလ်သန်းငွေ၊ တေဇ-၁၃)၊ ဗိုလ်မှူးသန့်ဇင်အောင်(ငြိမ်း)-ဒေါက်တာတင်မျိုးဟန်၊ (မောင်ခင်မောင်ပြုံး)တို့၏ဖခင်၊ မဝသဿန်ဆည်းဆာကျော်(University of Sydney, Australia)၊ မောင်စွမ်းထက်သာ(ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)တို့၏အဘိုးသည် ၁၅-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၇ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းကြည် (အုတ်ဖို)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဥသ္သဖယားလမ်း၊ အမှတ် ၅၃နေ (ဦးတင်ညွန့်)၏ဇနီး၊ ဦးခင်မောင်တင့်-ဒေါ်ခင်ခင်အေး၊ ဦးဝင်းမော်(ဒုတိယညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)-ဒေါ်ခင်မာဝေ၊ ဒေါ်ခင်သန်းမြိုင်၊ ဦးစိန်ဝင်း၊ ဒေါ်မမကြီး၊ ဒေါ်နီနီမာ၊ မအေးအေးမာတို့၏မိခင်၊ မောင်သက်နိုင်ထွန်း-မထက်မွန်မွန်ထွန်း၊ မဖြိုးသီရိမော်တို့၏အဘွား၊ မောင်ကောင်းဆက်ဟန်၏ဘွားဘွားကြီးသည် ၁၅-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂း၃၀နာရီတွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၇ရက် (သောကြာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းကြည်(အုတ်ဖို) အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဥသ္သဖယားလမ်း၊ အမှတ် ၅၃နေ(ဦးတင်ညွန့်)၏ဇနီး၊ ဦးခင်မောင်တင့်-ဒေါ်ခင်ခင်အေး၊ ဦးဝင်းမော်(ဒုတိယညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)-ဒေါ်ခင်မာဝေ၊ ဒေါ်ခင်သန်းမြိုင်၊ ဦးစိန်ဝင်း၊ ဒေါ်မမကြီး၊ ဒေါ်နီနီမာ၊ မအေးအေးမာတို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၁၅-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် နှင်းဆီကုန်းဆေးရုံ၌ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစု**
**သစ်တောဦးစီးဌာန**

---

## ဒေါက်တာတင်ယု
**Retired Ship Doctor, Star Cruise**
**M.B.B.,S (Ygn); D.T.M & H (BKK)**
**M.S.C (Clin.Trop.Med) (BKK)**
**Fellow of the Royal Society of Tropical Medicine & Hygiene (Lond)**
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊(၉)ရပ်ကွက်၊ ဝါယာလက် ၂လမ်း၊ အမှတ် (27.E1)နေ ဒေါ်ဝင်းဝင်းခိုင်၏ချစ်လှစွာသောခင်ပွန်း၊ ကိုပြည့်စုံဝင်း(Sonny)-KOK Meng Jane၊ ကိုဖြိုးဝေဝင်း (Nicky) (MAX MYANMAR HOLDING CO.,LTD)-မသန္တာမြင့် (KBZ Bank)၊ ဗိုလ်ကြီးအောင်ဇော်လတ်-မသန္တာဝင်း(Susan)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါက်တာခင်မောင်အေး-ဒေါက်တာခင်သန်းတင်တို့၏အစ်ကို၊ Nicole Win ၏အဘိုးသည် ၁၅-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၄၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစောအက်ဖ်တန် (Saw Afton) အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၄)လမ်း၊ အမှတ် ၄၂နေ (ဦးစောဦး-ဒေါ်စောဆ)တို့၏သား၊ ဦးဒဲနစ်မက်ကေး-ဒေါ်အဲလစ်ဦး(Canada)၏မောင်၊ ဆရာအယ်လင်စောဦး-နော်ဩဂတ်စတီးနာ၊ စောအယ်လမန်-နော်စုစု(ဘားအံ)တို့၏ညီ၊ (နော်မေမေသိန်း)၏ခင်ပွန်း၊ စောနေမျိုးဦး-နော်ရီဘက်ခါမိုးတို့၏ဖခင်၊ စောအောင်မိုးဦး၊ နော်ယွန်းသဒ္ဒါမိုးဦးတို့၏အဘိုးသည် ၁၅-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁၂း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၁၁-၂၀၁၇ရက်(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးအောင်ကျော်မိုး (A.G.T.I) (M.P) (တောင်ငူ)
ဇေယျာဝတီ နာရေးကူညီရေးအဖွဲ့(အတွင်းရေးမှူး)
သုခဝတီလူမှုကူညီရေးအဖွဲ့(ဥက္ကဋ္ဌ)
NLD တိုင်းအလုပ်အမှုဆောင်၊ ပဲခူးတိုင်း၊ ဇေယျာဝတီမြို့
အသက်(၅၃)နှစ်

ရန်ကုန်မြို့နေ [ဦးစိန်လှိုင် (အင်ဂျင်နီယာ၊ ဇေယျာဝတီသကြားစက်)]-ဒေါ်တင်တင်ငွေးတို့၏သား၊ ဇေယျာဝတီမြို့နေ (ဦးတင်မောင်-ဒေါ်ညွန့်ရီ)တို့၏သားသမက်၊ ဦးသီဟ-ဒေါက်တာအေးအေးမော်(နေပြည်တော်)တို့၏ညီ၊ ဒေါ်သီတာလှိုင်၊ ဦးအောင်ကျော်စိုး(3rd Officer, LIZSTAR SHIPPING)-ဒေါ်ယဉ်ယဉ်ထွန်းတို့၏အစ်ကို၊ ဇေယျာဝတီမြို့နေ ဒေါ်ခင်ငွေးကြည်၏မောင်၊ ဒေါ်အေးအေးမြင့်(အေးမြတ်ရတနာရွှေဆိုင်)၏ခင်ပွန်း၊ မမြသီဂီတင့်(တတိယနှစ်၊ စီးပွားရေးတက္ကသိုလ်၊မိတ္ထီလာ)၊ မမြသီရိအောင်တို့၏ချစ်လှစွာသောဖခင်သည် ၁၅-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၇-၁၁-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ဇေယျာဝတီသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# စတုတ္ထအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှု ဗဟိုအဆင့်အစည်းအဝေးမှ ပူးတွဲသတင်းထုတ်ပြန်ချက် ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၁၅**

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန နယ်ခြားစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ် Mr. Abul Hossain, ndc, psc, P Eng ဦးဆောင်သော အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် ကိုယ်စားလှယ် ၁၄ ဦးသည် နိုဝင်ဘာ ၁၃ ရက် ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိပြီး နိုဝင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် သင်္ဂဟဟိုတယ်၌ ကျင်းပသည့် စတုတ္ထအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဗဟိုအဆင့်အစည်းအဝေးကို တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် မျိုးဆွေဝင်း ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ပြီး စတုတ္ထအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှု ဗဟိုအဆင့် အစည်းအဝေးနှင့် စပ်လျဉ်းသည့် ပူးတွဲသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ပူးတွဲ သတင်းထုတ်ပြန်ချက်၌ အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြောင်း ဖော်ပြထားသည်-

(က) နှစ်နိုင်ငံ နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ခြားစောင့်တပ်ဖွဲ့များအကြား ဗဟိုအဆင့် အစည်းအဝေးအား တစ်နှစ်လျှင်တစ်ကြိမ် အလှည့်ကျ အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်၊ ကွပ်ကဲရေးမှူးအဆင့်

*စာမျက်နှာ ၉ ကော်လံ ၁ ❇*

## မောင်တောမြို့နယ်တွင် ၁၅ နှစ်အောက် ကလေးငယ်များအား ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံ

*စာမျက်နှာ - ၉*

## စင်ကာပူ၌ ရထားနှစ်စင်း ဘူတာရုံတွင် တိုက်မိရာ လူ ၂၅ ဦး ထိခိုက်ဒဏ်ရာများရရှိ

*စာမျက်နှာ - ၁၄*

# နေပြည်တော်ရေပူစမ်း အပန်းဖြေစခန်း နိုဝင်ဘာ ၁၇ ရက်တွင် ဖွင့်လှစ်မည်



**နေပြည်တော် နိုဝင်ဘာ ၁၅**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၏ နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်းအား နိုဝင်ဘာ ၁၇ ရက်တွင် ယခုနှစ်ရာသီအတွက် တရားဝင်စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်းသည် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင် ၂၇၁ မိုင် ၄ ဖာလုံရှိ ကင်းသာလမ်းခွဲမှ ပင်လောင်းဘက်သို့ ဆက်လက်ခွဲထွက်သွားရခြင်းဖြစ်သည်။ သာယာလှပသည့် တောတောင်ရေမြေသဘာဝကို ခံစားနိုင်ပြီး နေပြည်တော်နှင့် မဝေးသည့်နေရာတွင်ရှိခြင်းကြောင့် ခရီးသွားရာသီ မစမီကတည်းကပင် ခရီးသွားများဖြင့် စည်ကားနေတတ်သည့် နေရာတစ်ခုဖြစ်သည်။

*စာမျက်နှာ ၈ ကော်လံ ၁ ❍*





